PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ
သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၁၆၅) 14-2-2019 ( ကြာသပတေးနေ့ )

ဂျပန်နိုင်ငံမှ အောက်ဆီဂျင်ဖြန့်ဖြူး
ရောင်းချသည့် ကုမ္ပဏီက
မြန်မာနိုင်ငံတွင် ဆေးရုံသုံးအောက်ဆီဂျင်
ဖြည့်တင်းသည့် စက်ရုံတည်ဆောက်မည်

စာ-၂

## မှော်ဘီ-တိုက်ကြီးလမ်းကို နိုင်ငံတကာအဆင့်မီ ၄ လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပြီးစီး



ဓာတ်ပုံ - မကစ်ဗ်တိုင်းဝေး

ရှိန်းဝင်းထိုက်

ရန်ကုန်-ပြည်လမ်းမကြီး အဆင့် မြှင့်တင်ခြင်း စီမံကိန်းအဖြစ် မှော်ဘီ-တိုက်ကြီးလမ်းပိုင်းကို ဂျပန်နည်းပညာဖြင့် နိုင်ငံတကာအဆင့်မီ လေးလမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလမ်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသောမက်စ်ဟိုင်းဝေးကုမ္ပဏီမှ ဖေဖော်ဝါရီလ ၉ ရက်တွင် သိရသည်။ ရန်ကုန်-ပြည်လမ်းမကြီး၏ လမ်းပိုင်းတစ်ခုဖြစ်သော ၂၇ မိုင် ၅ ဖာလုံ အရှည်ရှိ နိုင်ငံတကာအဆင့်မီ မှော်ဘီ-တိုက်ကြီးလမ်းပိုင်းကို မူလ ၁၈၊ ၂၂ပေ နှစ်လမ်းသွားအဆင့်မှ ၄၈ ပေ လေးလမ်းသွားလမ်းမကြီးအဖြစ်လုပ်ဆောင်ခြင်းဖြစ်ပြီးနောက် စီမံကိန်း ဒုတိယအဆင့်အဖြစ် တိုက်ကြီး - သာယာဝတီလမ်းပိုင်း ကို ၄၈ ပေ လေးလမ်းသွား ကတ္တရာကွန်ကရစ် လမ်းမကြီးအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ``မှော်ဘီကို တစ်ရက် အသွားအပြန် နှစ်ခေါက်လောက်ဖြတ်ပါတယ်။ နှစ်လမ်းသွားတုန်းကတော့ ရှေ့ကားကြီးတွေရှိရင် သွားရတာ နည်းနည်းနှောင့်နှေးတာပေါ့။ အိမ်စီးကားတွေက ကားကြီးတွေနဲ့ ယှဉ်မောင်းတဲ့အခါ သိပ်အဆင်မပြေဘူး။ အန္တရာယ်များတယ်။ အခုလေးလမ်းသွားဖြစ်လာတော့ ပို အန္တရာယ်ကင်းပြီး ကားလေးတွေအတွက် ပိုအဆင်ပြေလာတယ်``ဟုမှော်ဘီမြို့နယ်မှ ကိုညီညီနိုင်က ပြောသည်။ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတကာ ....

စာ-၉

## ပီယက်နမ်မှ လျှပ်စစ်အမှိုက်သိမ်းယာဉ် အစီး ၁၀၀ ဝယ်မည်



Photo: alicdn.com

စာ-၂၂

ပြည့်ရည်ဖူး

ရန်ကုန်မြို့လယ်ကို အာရှထိပ်တန်း
လည်ပတ်စရာနေရာတစ်ခုဖြစ်လာရန် ဆောင်ရွက်မည်

စာ-၄

ပုပ္ပားကျေးရွာကို ပုပ္ပားအနုပညာကျေးရွာအဖြစ်
တည်ဆောက်လျက်ရှိ

စာ-၁၄

မြစ်ကြီးနားမြို့ တြိဂံလမ်းဆုံနေရာတွင် ပြည်နယ်
အထိမ်းအမှတ် ကျောက်စိမ်းရတနာကို ထပ်မံစိုက်ထူ

စာ-၅

သန်လျင်မြို့နယ်တွင် ကုန်သေတ္တာတင်ယာဉ်ရပ်နားကွင်း
တည်ဆောက်ရန် စီစဉ်နေ

စာ-၁၉

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ
• ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
• သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
• ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
• ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
• တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
• ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
• ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
• အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား
စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်
• နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
• ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
• အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
• အသည်းရောဂါအမျိုးမျိုး
• အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
• သားဖွားနှင့်မီးယပ်ရောဂါများ
• ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
• အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
• အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
• ကလေးအထွေထွေရောဂါများ
• အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (၀၁) ၉၃၇ ၆၂၀၀

www.aryuhospital.com

## သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ကွမ်လုံတံတားနှင့် တာကော်တံတားများကို အသစ် ပြန်လည်တည်ဆောက်မည်

ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်လုံမြို့နယ်ရှိ ကွမ်လုံတံတားနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ရှိ တာကော် တံတားတို့ကို **အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီလ ၆ ရက် ရှမ်းပြည်နယ်ခရီးစဉ်တွင် ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် **သံလွင်မြစ်ပေါ်၌ တည်ဆောက်ထားသော တံတား ၉ စင်းရှိသည့် အနက် တံတား ၅ စင်းသည် ရှမ်းပြည်နယ် အတွင်းတည်ရှိကြောင်းနှင့် ယင်း တံတား ငါးစင်းအနက်တွင်လည်း သက်တမ်း ၅၄ နှစ်ရှိသောကွမ်းလုံတံတားနှင့် သက်တမ်း ၄၅ နှစ်ရှိသော တာကော် တံတားနှစ်စင်းကို အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။** ``သံလွင်မြစ်ပေါ်မှာ တံတား ၉ စင်းရှိတဲ့အနက် ငါးစင်းဟာ ရှမ်းပြည်နယ် အတွင်းမှာရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တံတား ငါးစင်းဟာ တည်ဆောက် ရုံနဲ့မပြီးပါဘူး။ ထိန်းသိမ်းဖို့ ဆိုတာလည်း အင်မတန်မှ အရေးကြီးပါတယ်။ တံတား ၅ စင်းထဲမှာဆိုရင် ကွမ်းလုံတံတားနဲ့ တာကော်တံတားကိုလည်း အသစ်ပြုပြင်မွမ်းမံဖို့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါတွေက ပြုပြင်ရမယ့် အချိန်ရောက်လာပါပြီ။ တံတားတစ်ခုဟာ ဆောက်ပြီးသွားရင် အချိန်ကာလအားလျော်စွာ ဆွေးမြည့်လာတော့ ခေတ်နဲ့အညီပြန်ပြီးတော့ မွမ်းမံဖို့လိုအပ်လာတယ်။ တံတားတွေနဲ့ ပတ်သက်တဲ့ တာဝန်ဆိုတာ နိုင်ငံနဲ့ပတ်သက်တဲ့တာဝန်တွေပဲဖြစ်ပါတယ်`` ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

ကွမ်လုံတံတားအဟောင်းသည် **တရုတ်နိုင်ငံက ချစ်ကြည်ရေးအဖြစ် တည်ဆောက်ပေးထားခြင်းဖြစ်ကာ** ယခုအခါ နှစ်ပေါင်း ၅၀ ကျော် ကြာမြင့်လာသည့်အတွက် ခံနိုင်ရည်များ လျော့ကျလာပြီဖြစ်သောကြောင့် **တန် ၃၀ ရှိ မော်တော်ယာဉ်များကိုသာ ဖြတ်သန်းခွင့် ပေးထားကြောင်းနှင့် ၂၂ ဘီးတွဲယာဉ်များကို ကန့်သတ်ထားကြောင်း၊ တရုတ်နိုင်ငံ လီရွှမ်းနှင့် ချင်းရွှေဟော်သို့ တွဲယာဉ်များသွားနိုင်ရန် တရုတ်နိုင်ငံ အကူအညီဖြင့် နှစ်နိုင်ငံ အင်ဂျင်နီယာများ ပူးပေါင်း တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။**

**ရှိန်းဝင်းထိုက်**

■

## ဂျပန်နိုင်ငံမှ အောက်ဆီဂျင်ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီက မြန်မာနိုင်ငံတွင် ဆေးရုံသုံးအောက်ဆီဂျင် ဖြည့်တင်းသည့် စက်ရုံ တည်ဆောက်မည်


Photo: www.kitajima-sanso.com

ဂျပန်နိုင်ငံမှ အောက်စီဂျင် ဖြန့်ဖြူးရောင်းချသူဖြစ်သည့် Kitajima Sanso သည် မြန်မာနိုင်ငံတွင် ဆေးရုံသုံးအောက်ဆီဂျင် ဖြည့်တင်းသည့် စက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၈ ရက်တွင် ဂျပန်နိုင်ငံရှိ The Gas Review ၏ သတင်းဖော်ပြချက်အရ သိရသည်။

``မြန်မာနိုင်ငံက ပြည်သူတွေကို အဆင့်မြင့်နည်းပညာအသုံးပြုထားတဲ့ ဆေးရုံသုံးအောက်ဆီဂျင်တွေကို ပေးချင်တဲ့အတွက် စက်ရုံကိုလာရောက်တည်ဆောက်မှာဖြစ်ပါတယ်။ ရရှိမယ့် အရည်အသွေးကလည်း ဂျပန်နိုင်ငံမှာအသုံးပြုနေတဲ့ အရည်အသွေးတိုင်းပဲ ဖြစ်မှာဖြစ်ပါတယ်`` ဟု Kitajima Sanso ၏ ဥက္ကဋ္ဌဖြစ်သူ Hiroko Shinohara က ပြောသည်။

အဆိုပါ စက်ရုံမှ အောက်ဆီဂျင်ကို ဒေသတွင်း ပြည်နယ်များရှိ ဆေးရုံ၊ ဆေးခန်းများသို့ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ **အဆိုပါ စက်ရုံတွင် ၁၀ တန်နှင့် တန် ၂၀ဆံ့သည့် ဂတ်စ်သိုလှောင်ကန်နှစ်ခုပါဝင်မည်ဖြစ်ပြီးဖြန့်ဖြူးရောင်းချသည့် အခါ ဂျပန်နိုင်ငံတွင် အသုံးပြုသည့် အဆင့်မြင့်နည်းပညာသုံး ဆေးရုံသုံးစလင်ဒါများဖြင့် ထည့်သွင်း သယ် ဆောင်မည်ဖြစ်ကြောင်း** သိရသည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့လည်း ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ခွင့်ပြုချက်တောင်းခံထားကြောင်း သိရသည်။ ဆေးရုံသုံး ဂက်စ်များ ဖြန့်ဖြူးခြင်း နယ်ပယ်တွင် Kitajima Sanso သည် ယင်း၏ ကိုယ်ပိုင်စီမံခန့်ခွဲမှုနည်းပညာဖြစ်သည့် Kitahima ROC (Responsible Oxygen Cycle) ကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည့်ရည်ဖူး**

## Red dot ၏ လုပ်ရပ်ကြောင့် ကိုယ်စားလှယ်အများအပြား နစ်နာလျက်ရှိ

ပြည်တွင်းတွင် ဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ **မိုဘိုင်းလ်ဆင်းကတ်များကို အီလက်ထရောစနစ်ဖြင့် ငွေဖြည့်ခြင်း (e-load) ဖြင့်ငွေဖြည့်သွင်းရန် ဝန်ဆောင်မှုပေးနေသောRed dot ကုမ္ပဏီရပ်ဆိုင်းလိုက်ခြင်းကြောင့် Red dot ၏ကိုယ်စားလှယ်များသည် တစ်ဦးလျှင် ပျမ်းမျှ ကျပ် ၁ သိန်းအထက်ဆုံးရှုံးခဲ့ကြောင်း** ကိုယ်စားလှယ်များထံမှ သတင်းရရှိသည်။

Red dot ကုမ္ပဏီသည် ၂၀၁၈ ခုနှစ် **အောက်တိုဘာနှစ်ကုန်ပိုင်းမှစ၍ ဖုန်းဘီလ် ဖြည့်သွင်းရာတွင် အခက်အခဲများရှိလာခြင်းတို့ဖြစ်ပေါ်လာပြီး ၂၀၁၉ ဖေဖော်ဝါရီ ၁ ရက်တွင် လုပ်ငန်းပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ကုမ္ပဏီနှင့်ပတ်သတ်သော ကိစ္စအဝဝကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကာ ရရန်ကျန်ရှိသောလက်ကျန်ငွေများအတွက် သက်ဆိုင်ရာမှ ပြန်လည်ဆက်သွယ်ပေးမည်ဖြစ်သည့်အတွက် စောင့်ဆိုင်းပေးပါရန်ဟု စာကပ်ထားသည်ကို သာတွေ့ရကြောင်း** Red dot ၏ ကိုယ်စားလှယ်တစ်ဦးကပြောသည်။

Red dot ကုမ္ပဏီပိတ်သိမ်းခြင်းကိစ္စနှင့်ပတ်သတ်၍ Red dot ကိုယ်စားလှယ်များသည် အခက်အခဲများစွာ ဖြစ်ပေါ်နေပြီး ဗဟိုဘဏ်အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနအများစုသည် Red dot က ယင်းတို့နှင့်မသက်ဆိုင်ကြောင်း မီဒီယာများသို့ဖြေကြားထားသည်ကိုလည်း တွေ့ရသည်။

``**Red dot က ဗဟိုဘဏ်ရဲ့ထိန်းချုပ်မှုအောက်မှာမှာမရှိပါဘူး၊ ဗဟိုဘဏ်မှာလည်း လိုင်စင်လျှောက်ထားခြင်းလည်း မရှိပါဘူး၊ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားခြင်းလည်းမရှိပါဘူး၊ ဒါကဘဏ်လုပ်ငန်းလည်းမဟုတ်ဘူး၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုလည်းမဟုတ်ပါဘူး**။ သူ့ရဲ့ Service ကို လက်လီရောင်းတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကို Electronically လုပ်ပေးတဲ့လုပ်ငန်းဖြစ်ပါတယ်`` ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ဖေဖော်ဝါရီ ၆ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် မီဒီယာများသို့ပြောသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းကလည်း လုပ်ငန်းရပ်ဆိုင်းသွားသည့် **Red dot ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်ရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကိုရယူထားခြင်းမရှိ**ဟု ဖေဖော်ဝါရီလ ၇ ရက် ညနေပိုင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောဆိုခဲ့သည်။

Red dot ကုမ္ပဏီနှင့် ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားမှုများရှိသော်လည်း စားသုံးသူကာကွယ်ပေးရေးဥပဒေဖြင့် ဆောင်ရွက်ပေး၍မရနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက အောက်ပါအတိုင်းရှင်းပြသည်။

``**စားသုံးသူကာကွယ်ပေးရေး ဥပဒေက စားသုံးသူကိုပဲကာကွယ်ပေးတာ၊ အဲဒီတော့ နစ်နာတဲ့သူ မကျေနပ်တဲ့သူက စားသုံးသူဖြစ်ဖို့လိုတယ်၊ Red dot က Business to Business transaction မှာဖြစ်နေတဲ့ပြဿနာ၊ အခုအခက်အခဲဖြစ်နေတာကRed dot ရဲ့ ကိုယ်စားလှယ်တွေဆိုတော့ လုပ်ငန်းရှင်ထဲမှာပါတယ်၊ စားသုံးသူမဟုတ်ဘူး၊ အဲဒီအတွက် Red Dot ကိစ္စကို တရားဥပဒေဘောင်အတွင်းမှာပဲဖြေရှင်းမှုရမယ်**`` ဟု ဦးဆွေတင့်ကြူးကပြောသည်။

“Red dot ကို ၂၀၁၅ ဩဂုတ်လက စတင်လုပ်ကိုင်ခဲ့ပါတယ်။ ကြားကာလတွေမှာတော့ ကြီးကြီးမားမား complain မရှိခဲ့ပါဘူး။ ၂၀၁၈ အောက်တိုဘာလကုန်ပိုင်းလောက်ကစပြီး ဖုန်းဘီလ်က အဆင်ပြေပြေနဲ့ထုတ်ရတချက် မရတချက်ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းကို Eload စနစ်နဲ့ အနည်းငယ်ပဲထုတ်လို့ရပါတယ်။ ၂၀၁၈ နိုဝင်ဘာ ၁၅ ရက်မှာ ဖုန်းဘီလ်နောက်ဆုံးထုတ်လို့ရပြီး နောက်ပိုင်းလုံးဝမရတော့ပါဘူး။ ကျွန်မတို့ customer service ကို အပတ်စဉ် ဆက်သွယ်မေးမြန်းခဲ့တဲ့အခါမှာ Network error နဲ့ အမြန်ဆုံးလုပ်ဆောင်ပေးပါမယ်ဆိုတဲ့ ဖြေကြားချက်ကိုရခဲ့ပါတယ်။ နောက်ပိုင်းဖုန်းမကိုင်တော့ ကိုယ်တိုင်လိုက်သွားကြည့်မှ ဘူတို့ရုံးရှေ့မှာစာကပ်တာကိုမြင်ခဲ့ပါတယ်။ စက်ထဲမှာ ဘီလ်လက်ကျန်အနေနဲ့ ၃၅၆,၉၉၅ ကျပ်နဲ့ စက်ဖိုး ၇၅၀၀၀ ကျပ်ရှိပါတယ်။ **ကျွန်မအနေနဲ့ သိချင်တာကတော့ မြန်မာပြည်မှာ ဒီလိုအလွယ်တကူနဲ့ ဖျက်သိမ်းလိုက်ရုံနဲ့ ကိစ္စပြီးပျက်သွားနိုင်သလား၊လူပါးဝတယ်လို့ခံစားရပါတယ်၊ ပိုက်ဆံဆိုတာထက်ပေါ့၊** ဒီလိုပုံစံမျိုးဆို တခြားသော mobile & network စနစ်တွေကို စိတ်ချလက်ချ ဆက်လက်သုံးနိုင်ပါ့မလားဆိုတာ မေးခွန်းထုတ်စရာပါပဲ`` ဟု မရမ်းကုန်းမြို့နယ်မှ Red dot Network ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မမေသက်လွင်ကပြောသည်။

Red dot Network Company သည် ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်တွင် အွန်လိုင်းမှတစ်ဆင့် ဖုန်းဘီလ်ရောင်းချမှုများပြုလုပ်၍ စတင်တည်ထောင်ခဲ့ပြီး **ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံရှိ ဆိုင်ပေါင်း ၂၀,၀၀၀ ကျော်နှင့်လက်တွဲခဲ့ကာ Prepaid Phone Bill ဝန်ဆောင်မှုအပြင် အခြား Online Service များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း** သိရသည်။

**ကောင်းမြတ်ရာ (သတင်း၊ ဓာတ်ပုံ)**

## မြန်မာ့အစားအစာအဖြစ် မုန့်ဟင်းခါးကို နိုင်ငံတကာ ဈေးကွက်သို့ထိုးဖောက်ရန် စီစဉ်နေဟု ဆို

မြန်မာ့အစားအစာအဖြစ် မုန့်ဟင်းခါးကို နိုင်ငံတကာသို့ ဈေးကွက်ထိုးဖောက်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း မှ ဖေဖော်ဝါရီလ ၈ ရက်တွင်သိရသည်။

မြန်မာနိုင်ငံတွင်အထင်ကရ အစားအစာများအနက် မုန့်ဟင်းခါးကို မြန်မာနိုင်ငံနှင့်တွဲဖက်သိရှိနိုင်စေရန် လုပ်ဆောင်ခြင်းဖြစ်ပြီး **မုန့်ဟင်းခါးကို မြန်မာနိုင်ငံမှ လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်သည့်အပြင် နိုင်ငံခြားသားများလည်း ကြိုက်နှစ်သက်သည့်အတွက် နိုင်ငံတကာသို့ ဈေးကွက်ထိုးဖောက်မိတ်ဆက်ရန်စီစဉ်နေခြင်းဖြစ်သည်။** ``မြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားခရီးသွားတွေ မြန်မာ့အစားအစာဘာတွေလဲဆိုတာ သိရှိနိုင်အောင် ထုတ်ဖော်ဖို့လိုတယ်။ ဒါကြောင့် မုန့်ဟင်းခါးနဲ့ စတင်မိတ်ဆက်မယ်။ မြန်မာနိုင်ငံနဲ့ တွဲဖက်သိသွားရင် နောက်တစ်မျိုးကို ထပ်မိတ်ဆက်သွားဖို့ရှိတယ်`` ဟု မြန်မာနိုင်ငံစားသောက် ဆိုင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မုန့်ဟင်းခါးကို နိုင်ငံတကာသို့ ဈေးကွက်ထိုးဖောက်မိတ်ဆက်ရာတွင် စားသောက်ဆိုင် လုပ်ငန်းရှင်များပါဝင်ရန်လိုအပ်သည့်အပြင် အစိုးရ အကူအညီရရှိရန်လို အပ်ကြောင်းသိရသည်။

ထို့ပြင် မြန်မာ့အစားအသောက်များဖြင့် ခရီးသွားလုပ်ငန်း မြင့်တင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ပိုမိုသိရှိစေရန်နှင့် အစားအသောက်များကို အခြေခံ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို သိရှိခံစားနိုင်စေရန် ရည်ရွယ်ပြီး **အစားအသောက်ပြပွဲ(Food Show)ကို မန္တလေးမြို့တွင် ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၉ ရက်အထိ မဟာမြတ်မုနိ ဘုရားကြီး အကြိမ် ၆၀ မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။**

``ပြပွဲမှာမြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပပြီး ခရီးသွားဧည့်သည်တွေ ကိုယ်တိုင်ပါဝင် ခံစားနိုင်ဖို့နဲ့ အစားအသောက်တွေကို ကိုယ်တိုင်ပါဝင် ပြုလုပ်နိုင်အောင် စီစဉ်ပေးမှာပါ`` ဟု မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (မန္တလေးရုန်) မှတာဝန်ရှိသူတစ်ဦးကပြောသည်။

**ရှိန်းဝင်းထိုက်**

■

# ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြခန်းဆိုင်ရာအချက်အလက်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ရှုနားဆင်နိုင်သော QR Code စနစ် စတင်



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ တက္ကသိုလ်နှင့် ထိုင်းနိုင်ငံ National Electronic and Computer Technology Center (NECTEC)တို့ ပူးပေါင်းဆောင်ရွက်သော **QR Code System** **ဖြင့်ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းဆိုင်ရာအချက်အလက်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာဖတ်ရှုနားဆင်နိုင်ပြီဖြစ်ကြောင်း** ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန( ပုဂံဌာနခွဲ)မှသိရသည်။

"ပြတိုက်မှာရှိတဲ့ ပြခန်း ၁၀ ခန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ဖတ်ရှုနိုင်တဲ့အပြင်ဒီအချက်အလက်တွေကို မြန်မာ၊ အင်္ဂလိပ်ဘာသာ Audio အသံဖိုင်နဲ့ လည်း နားထောင်နိုင်ပါတယ်။ ဖတ်ရှုလေ့လာနိုင်ဖို့ အသုံးပြုရမည့် Scan Software ကို Play Store မှာ Download ဆွဲနိုင်မယ့် Link ကိုလည်း QR Code မှာ ဖော်ပြပေးထားပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန( ပုဂံဌာနခွဲ)မှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ QR Code စနစ်ကို Mobile Phone ဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ **အသုံးပြုပုံအဆင့်ဆင့်အား ပြတိုက်အဝင်တွင် ထားရှိမည် ဖြစ်ပြီး ပြခန်းအလိုက် (QR Code Scan)များကို ပြခန်းအဝင်များတွင် ထားရှိပေးမည်ဖြစ်သည့်အပြင်** ပြတိုက်သို့ လာရောက်လေ့လာသူများကိုလည်း QR Code အသုံးပြုပုံအား ဝန်ထမ်းများကရှင်းလင်း ပြသပေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီပုထိုးများဖြစ်သော **သဗ္ဗညုဘုရား ၊ သကျမုနိဘုရား၊ ကန်တော့ပလင်ဘုရား၊ ပြဿဒ်ကြီးဘုရား၊ နရသီဟပတေ့ဘုရား၊ မဟာဗောဓိဘုရား၊ ဗူးလည်သီးဘုရား၊ ဓမ္မရာဇိကဘုရား၊ သဗ္ဗူလဘုရား၊ စူဠာမဏိဘုရား၊ စေတနာကြီးဘုရား၊ ဓမ္မရံကြီးဘုရား ၊ အာနန္ဒာဘုရား၊ ကုန်းတော်ကြီးဘုရား ၊ ရွှေဂူကြီးဘုရား၊ ဗူးဘုရား၊ ရှင်အံချွဲဂေါဏာဘုရား၊ မနူဟာဘုရားနှင့် အခြားဘုရားများတွင်လည်း သမိုင်းကြောင်း အချက်အလက်များကို ဖတ်ရှုနားဆင်နိုင်စေရန် QR Code Scan များတပ်ဆင်ပေးထားကြောင်း**သိရသည်။

ရှိန်းဝင်းထိုက် (သတင်းဓာတ်ပုံ)

# စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းသံတမန်အဖြစ် ဂျပန်ရိုးရာအကအဖွဲ့ကို ခန့်အပ်မည်




စစ်ကိုင်းတိုင်းဒေသကြီး **ခရီးသွား လုပ်ငန်းသံတမန်အဖြစ် နိုင်ငံတကာသို့ လှည့်လည်ကပြဖျော်ဖြေနေသော ဂျပန်နိုင်ငံမှ ဂျပန်ရိုးရာအကအဖွဲ့ မန်ဂျူရှက (Manjushaka)ကို ခန့်အပ်သွားမည်ဖြစ်ကြောင်း** စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ ဖေဖော်ဝါရီလ ၈ ရက်တွင်သိရသည်။

"ဂျပန်ရိုးရာအကအဖွဲ့က နိုင်ငံတကာကို လှည့်လည်ဖျော်ဖြေနေတာပါ။ မြန်မာနိုင်ငံကို ခရီးသွားဖို့ စစ်ကိုင်းတိုင်း ဒေသကြီးကို ခရီးသွားဖို့ နိုင်ငံတကာဖျော်ဖြေပွဲတွေမှာ ဒီအဖွဲ့က တစ်ဆင့် ကြော်ငြာပေးမှာပါ။ ဒါကြောင့် တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ မကြာခင် သံတမန်ခန့်အပ်မှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသန်းဌေးက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် **တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကော်မတီနှင့် ဂျပန်ရိုးရာအကအဖွဲ့ မန်ဂျူရှက (Manjushaka) တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၂၅ ရက်ညပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမတွင်လည်းကောင်း ဂျပန် -မြန်မာ ချစ်ကြည်ရေးကပွဲကို အခမဲ့ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း** သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ **စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး၊ ကသာ၊ ခန္တီး မြို့ရှိ** တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၊ ရှေးဟောင်းအဆောက်အအုံများ၊ စိတ် ဝင်စားဖွယ် လေ့လာနိုင်သည့်နေရာများကို ခရီးသွားဧည့်သည်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - SRIP)



## ရန်ကုန်မြို့လယ်ကို အာရှ၏ထိပ်တန်းလည်ပတ်စရာနေရာ တစ်ခုဖြစ်လာရန် ဆောင်ရွက်မည်



ရန်ကုန်မြို့လယ်ကို အာရှ၏ထိပ်တန်းလည်ပတ်စရာနေရာတစ်ခုဖြစ်လာရန် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့လယ်ရှိ သမိုင်းဝင်အမွေအနှစ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့လယ်သည် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများကို အဓိကမောင်းနှင်ရန် အင်ဂျင် တစ်ခုဖြစ်လာနိုင်ပြီး ဖန်တီးမှုအခြေပြုလုပ် ငန်းများနှင့် အခြားလုပ်ငန်းများ၏ ဗဟို ချက်လည်းဖြစ်လာနိုင်ကြောင်း သိရသည်။ "လက်ရှိလိုအပ်နေတာက မကြာသေးမီက ရင်းနှီးမြှုပ်နှံထားမှုတွေကို အသုံးချပြီး ပိုမိုခြုံငုံမိတဲ့ မျှော်မှန်းချက်တစ်ခုကို ဆက်လက်ရှေ့ဆက်ဖို့ ဖြစ်ပါတယ်။ အစိုးရပိုင်းကလည်း ထောက်ပံ့မှုအားကောင်းနေတာကြောင့် လာမယ့် တစ်နှစ်နှစ်နှစ်အတွင်းမှာ အပြောင်းအလဲတွေ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်၊ အနည်းဆုံးတော့ မြို့လယ်က လူသွားလျှောက်လမ်းတွေကို ပိုမိုတိုးချဲ့ပြီး လမ်းလျှောက်ရပိုအဆင်ပြေအောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) တည်ထောင်သူ ဒေါက်တာ သန့်မြင့်ဦးက ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

YHT ကိုစတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ လက်ရှိအချိန်ထိ သမိုင်းဝင်အမွေအနှစ်အဆောက်အအုံများ ဖြိုဖျက်မှုအားလုံးနီးပါးကို ရပ်တန့်နိုင်ခဲ့ပြီး အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်း ၁၀၀ ကျော်ကိုလည်း နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးနိုင်ခဲ့ကြောင်း သိရသည်။ HNW (ဓာတ်ပုံ-မျိုးကျော်စိုး)

## ပြင်ဦးလွင် - နောင်ချိုလမ်းပိုင်းကို လေးလမ်းသွားလမ်းမကြီးအဖြစ် တိုးချဲ့မှု ဧပြီလတွင် ပြီးမည်

မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး ပြင်ဦးလွင်-နောင်ချိုလမ်းပိုင်းကို လေးလမ်းသွားလမ်းမကြီးအဖြစ် အကြီးစားတိုးချဲ့ ပြင်ဆင်ခြင်းလုပ်ငန်း ဧပြီလအတွင်းပြီးစီးရန် လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါ လမ်းပိုင်းကို တာဝန်ယူလုပ်ဆောင်လျက်ရှိသော အိုရီယမ်တယ်ဟိုင်းဝေးကုမ္ပဏီမှ ဖေဖော်ဝါရီလ ၉ ရက်တွင် သိရသည်။

အဆိုပါလမ်းပိုင်းတွင် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိ ကာ သေဆုံးသူများ၊ ဒဏ်ရာရှိသူများရှိသောကြောင့် ယာဉ်မောင်းများအဆင်ပြေစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "လေးလမ်းသွား AC နိုင်လွန်ကတ္တရာခင်းနေတာပါ။ အကြမ်းဖျင်း ဧပြီလလောက်ပြီးအောင် ဆောင်ရွက်နေပါတယ်။ အခု မြေကြီးတူးဖော်ရေးလုပ်ငန်းကတော့ တော်တော်လေးပြီးသွားပါပြီ" ဟု အိုရီယမ်တယ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အကြီးစားလမ်းတိုးချဲ့ခြင်းကို ပြင်ဦးလွင်မြို့အထွက်မှ နောင်ချိုမြို့အဝင်တိုးလ်ဂိတ်ထိ လုပ်ဆောင်နေခြင်း ဖြစ်ကာ ယခုအခါ မြေကြီးတူးဖော်ခြင်း လုပ်ငန်းမှာလည်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ မန္တလေး - လားရှိုး-မူဆယ်ပြည်ထောင် စုကားလမ်းမကြီးသည် ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက် အဓိကအားထားရာ လမ်းမကြီးတစ်ခုဖြစ်ပြီး တစ်ရက်လျှင် ကုန်စည်ကူးသန်းရန် ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ် စီးရေ ထောင်ကျော်ရှိကြောင်းသိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်ရှိတွင် ပြည်နယ်တွင်းရှိ လမ်းအားလုံးကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်ထိ ရောက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရှိန်းဝင်းထိုက်

## ၂၀၂၀ အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲများကို မြန်မာ ပါလက်စတိုင်းနှင့် ဥဇဘက်ကစ္စတန်တို့ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိ

၂၀၂၀ တိုကျို အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲစဉ်များကို မြန်မာ၊ ပါလက်စတိုင်းနှင့် ဥဇဘက်ကစ္စတန်တို့က အိမ်ရှင်များအဖြစ် လက်ခံကျင်းပခွင့်ရရှိထားကြောင်းသိရသည်။

အဆိုပါ ခြေစစ်ပွဲတွင် ပြိုင်ပွဲဝင် ၁၂ သင်းကို သုံးအုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ပါလက်စတိုင်းနှင့် ဥဇဘက်ကစ္စတန်တို့ကအုပ်စုတစ်ခုစီကို အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ သို့သော်လည်း ထိုဒုတိယအဆင့် ခြေစစ်ပွဲအတွက် မဲအိုးများ ခွဲဝေထားမှုအရ မြန်မာအသင်းသည် ပါလက်စတိုင်း သို့မဟုတ် ဥဇဘက်ကစ္စတန်အသင်းနှင့် တစ်အုပ်စုတည်း အတူကျရောက်နိုင်သည့် အခြေအနေတွင် ရှိနေသည်။ ထို့ကဲ့သို့ တစ်အုပ်စုတည်း ကျရောက်လာပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မိမိအသင်းပါဝင်သည့် အုပ်စုကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် ပါလက်စတိုင်း သို့မဟုတ် ဥဇဘက်ကစ္စတန်တို့နှင့်အပြိုင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် မီဒီယာဒါရိုက်တာ ဦးဇော်မင်းထိုက်က ပြောသည်။

၂၀၂၀ တိုကျို အိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲစဉ်များကို လာမည့် ဧပြီလတွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲအောင် တရုတ် (တိုင်ပေ)၊ အီရန်၊ မြန်မာ၊ ဂျော်ဒန်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ ပါလက်စတိုင်း စသည့်အသင်း ၁၀ သင်းနှင့် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန် အသင်းတို့ ယှဉ်ပြိုင်သွားကြရမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအတွက် မဲအိုးများ ခွဲဝေထားရာ၌ မဲအိုး ၁တွင် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ မဲအိုး ၂ တွင် ဂျော်ဒန်၊ အီရန်၊ အိန္ဒိယ၊ မဲအိုး ၃ တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မဲအိုး ၄ တွင် ပါလက်စတိုင်း၊ နီပေါ၊ ဥဇဘက်ကစ္စတန် တို့ ပါဝင်နေကြသည်။ ဒုတိယအဆင့်မှ အုပ်စုပထမ သုံးသင်းသည် ထိုင်း၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ သြစတြေးလျ အသင်းများနှင့် နောက်ဆုံးအဆင့် ခြေစစ်ပွဲများစဉ်များကို ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မိုင်းစောလွင်

## မြန်မာနှင့်ဂျပန်အစိုးရကြား အထူးကျွမ်းကျင် အလုပ်သမားစေလွှတ်ရေးအတွက် နားလည်မှုစာချွန်လွှာ မတ်လကုန်တွင် အပြီးရေးထိုးမည်

မြန်မာအစိုးရ နှင့် ဂျပန်အစိုးရကြား အထူးကျွမ်းကျင်အလုပ်သမားစေလွှတ်ရေးအတွက် အလုပ်သမား စေလွှတ်ရေးနားလည်မှုစာချွန်လွှာ (MOC) ကို မတ်လကုန်တွင် အပြီးရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖေဖော်ဝါရီလ ၅ ရက်က ပြောသည်။

"အခုခေါ်မယ့် အထူးကျွမ်းကျင်အလုပ်သမားတွေက အရင်နည်းပညာသင်တန်းအလုပ်သမားတွေလို ဂျပန်နိုင်ငံမှာ ပညာသင်ပြီး အလုပ်လုပ်တာမဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံရဲ့ နည်းပညာ ဆန်းစစ်ခြင်းစာမေးပွဲနဲ့ ဂျပန်ဘာသာ စကားစာမေးပွဲတွေပြုလုပ်ပြီး ဖြေဆိုအောင်မြင်တဲ့လူတွေကိုပဲ ရွေးချယ်မယ့် စနစ်ဖြစ်ပါတယ်၊ ဒါကြောင့် MOC ကို မတ်လကုန်အပြီး ရေးထိုးနိုင်ဖို့အတွက် ဂျပန်နိုင်ငံဘက်က နားလည်မှုစာချွန်လွှာ မူကြမ်းပြုစုပြီး ပေးပို့ပေးမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

ဂျပန်နိုင်ငံမှ အလုပ်ခန့်အပ်မည့် ကုမ္ပဏီများကလည်း တိုက်ရိုက်လာရောက်ရွေးချယ်ခေါ်ယူမည်ဖြစ်ပြီး အလုပ်သမားများအနေဖြင့် ဂျပန်နိုင်ငံရှိ အလုပ်သမားများနှင့်တန်းတူ အခွင့်အရေးနှင့် လုပ်ခလစာရရှိမည်ဖြစ်သည်၊ အထူးသဖြင့် ဟိုတယ်လုပ်ငန်းများတွင် မြန်မာနိုင်ငံမှ လုပ်သားများအား ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များက ပိုမိုစိတ်ဝင်စားပြီး မြန်မာနိုင်ငံတွင် သင်တန်းသုံးလကြိုတင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံ ဝန်ကြီး အဆင့် (MOC) ရေးထိုးခြင်းမပြုမီ နှစ်နိုင်ငံ ညွှန်ကြားရေးမှူးအဆင့် (MOC) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

## ကျန်စစ်မင်းအိမ်ရာမှ အခန်းပေါင်း ၂၄၀ ကို ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချမည်



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ကျန်စစ်မင်းအိမ်ရာ စီမံကိန်း အပိုင်း-၁ မှအခန်းပေါင်း ၂၄၀ ကို ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဘဏ်ချေးငွေစနစ်ဖြင့် ရောင်းချမည်ဖြစ်သောကြောင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာစုဆောင်းငွေ ကျပ်သိန်း ၃၀ နှင့်အထက် စုဆောင်းထားရှိသူ ၃၂၀၈ ဦးတွင် ပါဝင်သူများသည် ယခုလ ၁၁ ရက်မှ ၁၅ ရက်အတွင်း ဌာနသို့ဝယ်ယူလိုသည့် အဆောက်အအုံအမျိုးအစားအလိုက် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ "ပြီးခဲ့တဲ့လက ဒီအိမ်ရာက အခန်းတချို့ကို လက်ငင်းငွေချေစနစ်နဲ့ ရောင်းချခဲ့ရာမှာ ရာနှုန်းပြည့် ရောင်းချနိုင်ခဲ့ပါတယ်၊ အခုရောင်းချပေးမှာကတော့ ဘဏ်ချေးငွေနဲ့ဝယ်ယူမယ့်သူတွေအတွက်ပဲ၊ ပြီးခဲ့တဲ့လက ငွေအကျေစနစ်နဲ့ဝယ်ထားတဲ့သူတွေကိုတော့ ထပ်ဝယ်ယူခွင့်မပြုပါဘူး" ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဝယ်ယူခွင့်ရရှိသူများအား CHID ဘဏ်၏ ငွေစာရင်းအမှတ်စဉ်အလိုက် မဲနှိုက်ပေးသွားမည်ဖြစ်ပြီး ယခုလ ၁၉ ရက်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူခွင့်ရရှိသူများသည် လိုအပ်သည့်စာရွက်စာတမ်းများကို ဌာနတွင် မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ထိုသူများအား အခန်းအမျိုးအစားများကို ယခုလ ၂၂ ရက်တွင် မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နှင်းနဝေ

(သတင်း၊ ဓာတ်ပုံ)

# ငွေစက္ကူအတုမှန်းမသိကြောင်း ခိုင်မာသောအထောက်အထားရှိပါက အရေးယူအပြစ်ပေးခြင်းမရှိဟုဆို

ငွေစက္ကူအတုမှန်းမသိကြောင်း ခိုင်မာသော အထောက်အထားရှိပါက အရေးယူအပြစ်ပေးခြင်းမရှိ ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမင်း ဖေဖော်ဝါရီလ ၇ ရက်တွင် ပြောသည်။

''မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ငွေစက္ကူအတုပြုလုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ အတုမှန်း သိလျက်နဲ့ အသုံးပြုခြင်းတို့ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး **သယ်ဆောင်ခြင်း၊ အသုံးပြုခြင်းကို အတုမှန်းမသိကြောင်း ခိုင်မာသော အထောက်အထားရှိရင် အခုချိန်မှာ အရေးယူအပြစ်ပေးခြင်းမရှိပါဘူး။ ဥပဒေမှာ အတုမှန်းသိလျက်နှင့်သုံးစွဲခြင်း မပြုလုပ်ရလို့ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်**''ဟု ယင်း ကပြော သည်။

ငွေစက္ကူအတုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၁၀၁ တွင် မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ဝေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းအမျိုးမျိုးကို **အတုမှန်းသိလျက်နှင့် သုံးစွဲခြင်းမပြုလုပ်ရဟု တားမြစ်ချက် ဖော်ပြထားပြီး အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ပါက ပုဒ်မ ၁၀၅** အရ မည်သူမဆို ပုဒ်မ ၁၀၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အနေဖြင့် ငွေစက္ကူအတုပြုလုပ်မှုနှင့်ပတ်သက်ပြီး ရာဇသတ်ကြီး ပုဒ်မ ၄၈၉ (က)၊ ၄၈၉ (ခ)၊ ၄၈၉ (ဂ)၊ ၄၈၉ (ဃ) တို့အရလည်းကောင်း အရေး ယူဆောင်ရွက်ကြောင်း သိရသည်။ ငွေစက္ကူအတုများတွေ့ရှိပါက အဆိုပါ ငွေစက္ကူ၏ အရစ်အမြစ်တိကျခိုင် မာမှုမရှိလျှင် တွေ့ရှိရာ ဒေသ၏ ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်စုံစမ်းစစ်ဆေးခြင်းမပြုရန်ဆုံးဖြတ်ရပြီး ငွေစက္ကူအတုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ပေးပို့ရမည်ဖြစ်သည်။ ဘဏ်များအနေဖြင့် ငွေစက္ကူအတုလက်ခံရရှိပါက ငွေပေးလာသူကို အတုဖြစ်ကြောင်း ပြစ်မှုမြောက်နိုင်သော ပစ္စည်းဖြစ်ကြောင်း နားလည်အောင်ပြသရှင်း လင်းပြီး ပေးသွင်းလာသူအမည်နှင့် သက်ဆိုင်သော အချက်အလက် ငွေအတုလက်ခံရရှိပုံတို့ကို ပြည့်စုံစွာ ဖြည့်စွက်မှတ်တမ်းရယူထားရှိရယူပြီး ငွေစက္ကူပေါ်တွင် ငွေစက္ကူအတုဟု ရိုက်နှိပ်ကာ ဘဏ်ကသိမ်းဆည်းရ မည်ဖြစ်သည်။ ထို့ပြင် ပြည်ပမှငွေစက္ကူအတုများ တင်သွင်းမှုမရှိနိုင်ရေးအတွက် နိုင်ငံ၏နယ်စပ်တစ်လျှောက် တွင် တားဆီးမည့် အစီအမံနှင့် စီမံချက်များရေးဆွဲကာ ဖော်ထုတ်ဖမ်းဆီးလျက်ရှိပြီး **ပြည်ပမှ ငွေစက္ကူအတုများ ပြုလုပ် စစ်ဆေးပေါ်ပေါက်ပါက သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံနှင့် ပူးပေါင်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း** သိရသည်။

ပြည့်ရည်ဖူး

■

# ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားသွားရမည့် သက်တမ်းအလိုက် အာရှခြေစစ်ပွဲများအားလုံးကို အောင်မြင်ရန် မျှော်မှန်းထားဟု ဆို

၂၀၁၉ ခုနှစ်အတွင်း ယှဉ်ပြိုင်ကစားသွားရမည့် **အမျိုးသား၊ အမျိုးသမီး လက်ရွေးစင်သက်တမ်းအလိုက်အသင်းများ၏ အာရှခြေစစ်ပွဲ များ** အားလုံးခြေစစ်ပွဲ အောင်မြင်ရန် မျှော်မှန်းထားပြီး အကောင်းဆုံး ပြင်ဆင်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်ဇော်က ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ယခုနှစ်အတွင်း၌ **အာရှယူ-၂၃ အမျိုးသားခြေစစ်ပွဲ၊ အာရှယူ-၁၉အမျိုးသားခြေစစ်ပွဲ၊ အာရှယူ-၁၆အမျိုးသားခြေစစ်ပွဲနှင့် အာရှယူ-၁၉အမျိုးသမီးခြေစစ်ပွဲ၊ အာရှယူ-၁၆အမျိုးသမီးခြေစစ်ပွဲများကို ကျင်းပသွားမည်ဖြစ်**သည်။ ''သက်တမ်းအလိုက် အသင်းတွေကတော့ **အကုန်လုံးကို AFC ခြေစစ်ပွဲအောင်ဖို့ မျှော်မှန်းထားတယ်၊ AFF(အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ) ပွဲတွေကတော့ AFC ပြိုင်ပွဲအတွက် ပြင်ဆင်တဲ့ပြိုင်ပွဲတွေပဲ ဖြစ်လိမ့်မယ်**'' ဟု ယင်းကပြောသည်။ ထိုအာရှခြေစစ်ပွဲစဉ်များတွင် **အမျိုးသမီး နှစ်သင်းလုံးက ဒုတိယအဆင့် ခြေစစ်ပွဲကို တက်လှမ်းထားနိုင်ကြပြီး ခြေစစ်ပွဲအောင်မြင်ရန် အလားအလာကောင်းများ ရှိနေသောကြောင့်** နိုင်ငံခြားလေ့ကျင့်ရေး ခရီးစဉ်များစေလွှတ်၍ လေ့ကျင့် ပြင်ဆင်ပေးလျက်ရှိသည်။

သက်တမ်းအလိုက် AFC ခြေစစ်ပွဲများအနက် အာရှယူ-၁၆အမျိုးသမီးခြေစစ်ပွဲနှင့် အာရှယူ-၂၃အမျိုးသားခြေစစ်ပွဲတို့ကို ဖေဖော်ဝါရီနောက်ဆုံးအပတ်မှ မတ်လအတွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အာရှ ယူ-၁၉အမျိုးသမီးခြေစစ်ပွဲကို ဧပြီလအတွင်း ကျင်းပသွားမည်ဖြစ်သည်။ အာရှ ယူ-၁၉အမျိုးသားခြေစစ်ပွဲ၊ အာရှ ယူ-၁၆ အမျိုးသားခြေစစ်ပွဲတို့ နှစ်ကုန်ပိုင်းမှသာကျင်းပသွားမည်ဖြစ်သောကြောင့်လက်ရှိအချိန်တွင် ပွဲချိန်များကို ထုတ်ပြန်ထားခြင်းမရှိသေးကြောင်းသိရသည်။**မိုင်းစောလွင်**

# သရုပ်ဆောင်မိုးအောင်ရင်အတွက် အယူခံလျှောက်ထားမှုတစ်ခုကို လာမည့်ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် အမိန့်ချမည်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မများဖြင့် လက်ဝယ်တွေ့ရှိမှုဖြင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသည့် **သရုပ်ဆောင်မိုးအောင်ရင်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ အယူခံလျှောက်ထားရာ လာမည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ယင်းအယူခံအမိန့်အား ချမှတ်သွားမည်ဖြစ်ကြောင်း** သိရသည်။




သရုပ်ဆောင်မိုးအောင်ရင်အား **ပုဇွန်တောင်မြို့နယ်တရားရုံးက ထောင်ဒဏ်ငါးနှစ်ချမှတ်လိုက်မှုအပေါ်** အရှေ့ပိုင်းခရိုင်တရားရုံးသို့ အယူခံတင်သွင်းရာ လက်ခံခဲ့ပြီးနောက် လာမည့် ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြစ်ဒဏ်ချမှတ်ခံထားရသည်နှင့် ပတ်သက်သည့်အမိန့် ချမှတ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် ရုံးချိန်းတွင် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် **ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက ထောင်ဒဏ် ၁၂ နှစ်ချမှတ်လိုက်သည့်အပေါ်တွင်လည်း တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတင်သွင်းထားရာ လာမည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် အဆိုပါအယူခံအား လက်ခံသင့် မသင့်အမိန့်ချမှတ်မည်ဖြစ်ကြောင်း** သိရသည်။

ထိုသို့အယူခံဝင်ရခြင်းသည် ပြစ်မှုနှင့်ပြစ်ဒဏ်မမျှတသဖြင့် အယူခံဝင်ရခြင်းဖြစ်ကြောင်းနှင့် သရုပ်ဆောင်မိုးအောင်ရင်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု ပုဒ်မ ၁၉(က) ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့သည့်အပြင် နိုဝင်ဘာ ၁၆ ရက်တွင်လည်း ပုဇွန်တောင်မြို့နယ်တရားရုံးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ (ဂ) အရ အလုပ်နှင့် ထောင်ဒဏ် ၅ နှစ်ချမှတ်ခံရပြီး **စုစုပေါင်း ပြစ်ဒဏ်ချမှတ်မှုမှာ ၁၇ နှစ်ဖြစ်ကြောင်း** သိရသည်။ **မင်းရန်နောင်(သတင်း/ဓာတ်ပုံ)**

# တောင်ငူမြို့တွင် ကားပါကင်နှင့် ရုပ်ရှင်ရုံများ ပါဝင်သော အထပ်ငါးထပ်ပါ အဆင့်မြင့်ဈေးသစ်ကြီးကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်

ပဲခူးတိုင်းဒေသကြီး**တောင်ငူမြို့တွင် ကားပါကင်(ကားရပ်နားရန်နေရာ)နှင့် ရုပ်ရှင်ရုံများ ပါဝင်သော အထပ်ငါးထပ်ပါ အဆင့်မြင့်ဈေးသစ်ကြီးကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း** သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်း ပြောကြားချက်အရ ဖေဖော်ဝါရီလ ၈ ရက်တွင် သိရသည်။

တောင်ငူမြို့ အဆင့်မြင့်ဈေးသစ်ကြီးကို First Altitudez Co., Ltd မှ တည်ဆောက်မည်ဖြစ်ကာ **ပထမထပ်တွင် ဈေးဆိုင်ခန်း ၆၅၀ ခန်း၊ ဒုတိယထပ်တွင် ဈေးဆိုင်ခန်း ၉၀၀ ခန်း ၊ တတိယထပ်တွင် စားသောက်ဆိုင်များ၊ စတုတ္ထထပ်တွင် ကားပါကင်နှင့် ပဉ္စမထပ်တွင် ရုံးခန်းများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း**နှင့် မြေညီထပ်နှင့် ပထမထပ်ကို မူလဈေးသူ၊ ဈေးသားများကို အခမဲ့ဈေးဆိုင်ခန်းများ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

''တောင်ငူဈေးသစ်ကြီး တည်ဆောက်ဖို့ MOU ရေးထိုးမယ့် အဆင့်ပဲကျန်ပါတော့တယ်။ ဈေးသူ၊ ဈေးသားတွေ ကျေနပ် လက်ခံတဲ့ ပုံစံဆောင်ရွက်မှာပါ။ MoU ရေးထိုးပြီးရင် မြေစမ်းသပ်မယ်၊ အဆောက်အအုံ ကုန်ကျစရိတ်တွက်ချက်တာနဲ့ **Foundation လုပ်ငန်းကို ကိုးလအတွင်းအပြီး ဆောင်ရွက်မှာဖြစ်လို့ နှစ်နှစ်အတွင်း ဈေးရောင်းချနိုင်အောင်စီစဉ်ထားပါတယ်**''ဟု ၎င်းကပြောသည်။ တောင်ငူဈေးမီးလောင်မှုသည် ငါးနှစ်ခန့်ကြာမြင့်သွားပြီဖြစ်သောကြောင့် ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ဒေသခံများက လိုလားသည့်အတွက် မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တည်ဆောက်မည့် ကုမ္ပဏီ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ရှိန်းဝင်းထိုက်

# အမေရိကန်တွင်လေ့ကျင့်နေသည့် ချင်းတိုင်းရင်းသား MMA ဖိုက်တာ၊ ဖိုးသော်နှင့် အန်တိုရီတို့၏ ပြိုင်ဘက်များ ထွက်ပေါ်လာ

စင်ကာပူအခြေစိုက် ONEအဖွဲ့က ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်လာရောက်ကျင်းပသွားမည့် MMA ပြိုင်ပွဲကြီးတွင် မြန်မာပြည် MMA ဖိုက်တာများနှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည့် ပြိုင်ဘက်များကို ONE အဖွဲ့က ထုတ်ပြန်လိုက်ပြီး ဖြစ်သည်။

အဆိုပါ MMA ပြိုင်ပွဲကြီးကို လာ**မည့်မတ်လ၈ရက်တွင်ရန်ကုန်မြို့၊ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အမေရိကန်တွင် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်နှင့်အတူ လေ့ကျင့်နေသည့် ချင်းတိုင်းရင်းသား MMA ဖိုက်တာ ထိရယ်ထန်က ကမ္ဘောဒီးယားဖိုက်တာ Rin Saroth နှင့် ယှဉ်ပြိုင်ထိုးသတ်သွားရမည်ဖြစ်သည်၊ မြန်မာပြည် MMA ချန်ပီယံ ဖိုးသော်က အင်ဒိုနီးရှားဖိုက်တာ Yohan Mulia Legowo နှင့် ယှဉ်ပြိုင်ထိုးသတ်သွားရမည်ဖြစ်ပြီး အမေရိကန်မှ မြန်မာပြည်၏ ပထမဆုံး MMA အမျိုးသမီးဖိုက်တာ အန်တိုနီယာက မလေးရှားမှ အမျိုးသမီး MMA ဖိုက်တာ Boniface နှင့် ယှဉ်ပြိုင် ထိုးသတ်သွားရမည်ဖြစ်သည်။**

ထိရယ်ထန် နှင့်ထိုးသတ်သွားမည့် ကမ္ဘောဒီးယား ဖိုက်တာသည် ၂၀၁၅ ခုနှစ်ကတည်းက ONE ၏ MMA ပွဲများတွင် ဝင်ရောက်ဥ်ပြိုင်ထိုးသတ်နေခဲ့ပြီး နာမည်ကြီးဖိုက်တာများဖြစ်သည့် Mission Ali နှင့် Wirawan တို့ကို အနိုင်ရရှိထားသူဖြစ်သည်။ ထိရယ်ထန်က ONE ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ထိုပွဲစဉ် အတွက် ကမ္ဘာ့ချန်ပီယံအောင်လအန်ဆန်က အကောင်းဆုံးလေ့ကျင့် သင်ကြားပေးနေပြီး ရလဒ်ကောင်းရယူနိုင်ရန် ယုံကြည်ကြောင်း အောင်လအန်ဆန်က ပြောဆိုထားသည်။

ONE အဖွဲ့သည် မတ်လ ၈ ရက်ပွဲအတွက် ပွဲစဉ်တချို့ကို ထုတ်ပြန်ခဲ့ရာ၌ မြန်မာဖိုက်တာများ၏ ပွဲစဉ်များနှင့်အတူ **ONE ဝယ်သာဝိတ် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဆွီဒင်နိုင်ငံသား Kadestam နှင့် ကာဇစ္စတန်နိုင်ငံသား Kichigin တို့ယှဉ်ပြိုင်ထိုးသတ်သွားမည့် ပွဲစဉ်ပါဝင်နေ**သည်။ ONE ဝယ်သာဝိတ် ကမ္ဘာ့ချန်ပီယံ ဆွီဒင်နိုင်ငံသား Kadestam သည် ၎င်း၏ ကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ပထမဆုံး အကြိမ်အဖြစ် ကာကွယ်ထိုးသတ်သွားမည်ဖြစ်သည်။

မိုင်းစောလွင်

## တရားမဝင်ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) များကို လာမည့်တစ်လ၊ နှစ်လအတွင်း လိုင်စင်ထုတ်ပေးမည်


Photo: KMY

တရားမဝင်ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) များကို လာမည့် တစ်လ၊ နှစ်လအတွင်း လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယ ဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ပြောသည်။

ဟွန်ဒီဘက်ကို လိုင်စင်ထုတ်ပေးသွားဖို့ စီစဉ်ထားပါတယ်။ ဟွန်ဒီလုပ်ငန်းဆိုတာ လိုင်စင်ထုတ်ပေးလို့လည်း အကုန်ပျောက်မသွားပါဘူး။ စည်းမျဉ်းပြင်ဆင်ပြီးပါပြီ။ အဓိကအားဖြင့် သတိထားရတာကတော့ **ဒီလူတွေကို လိုင်စင်ထုတ်ပေးတဲ့အခါ ဘယ်မြို့၊ ဘယ်နယ်မှာ ပိုက်ဆံတွေစုပြီး ထွက်ပြေးသွားတယ်ဆိုတာမျိုး မဖြစ်အောင် Security Deposit ထားထားဖို့ စီစဉ်ထားပါတယ်၊** Security Deposit ကို သူရဲ့ လုပ်ငန်းလည်ပတ်မှုနဲ့ကိုက်ညီတဲ့နှုန်းကို ထားမှာဖြစ်ပါတယ်။ **သူတို့ရဲ့ လည်ပတ်နေတဲ့ငွေကို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ဆီကို သတင်းပို့ရမယ်၊ ကျွန်တော်တို့က လိုအပ်တာနဲ့အမျှ သူတို့ရဲ့ Security Deposit ကိုတိုးသွားဖို့ အစီအစဉ် လုပ်ထားပါတယ်၊** သူတို့တွေကို သင်တန်းတွေကို ပေးသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ ကြီးကြပ်မှုတွေကိုလည်း လုပ်သွားမှာဖြစ်ပါတယ်။ မကြာခင်အတည်ပြုချက်ရရင် လိုင်စင်ထုတ်ပေးမှာဖြစ်ပါတယ်။ ဒီတစ်လနှစ်လအတွင်းမှာ အကောင်အထည် ဖော်မှာဖြစ်ပါတယ်'' ဟု ယင်းကပြောသည်။

လုပ်ငန်းလုပ်ကိုင်ရလွယ်ကူစေရန် မှတ်ပုံတင်ကြေးများကို ဈေးနှုန်းသက်သာစွာ ဆောင်ရွက်ခွင့်ပြုမည် ဖြစ်သော်လည်း **လုပ်ငန်းဆောင်ရွက်ခွင့် ချိုးဖောက်ပါက ကြီးလေးသည့်ပြစ်ဒဏ်ကို ပေးအပ်သွားရန်လည်း စီစဉ် ထားကြောင်း** သိရသည်။ ဘဏ်လုပ်ငန်းစနစ်မှတစ်ဆင့် တရားဝင်ငွေလွှဲလုပ်ဆောင်ခြင်းသည် နည်းပါးပြီး ဘဏ်၏ ပြင်ပတွင် တရားမဝင်စီးထွက်နေသည့် ငွေသည် အလွန်များပြားနေကြောင်းသိရသည်။ အဆိုပါ ဘဏ်လုပ်ငန်းပြင်ပတွင် စီးဆင်းနေသည့် ငွေများသည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များကြားစီးဆင်းနေခြင်း ဖြစ်ကြောင်း သိရသည်။

''ထိုင်း၊ စင်ကာပူမှာ အလုပ်လုပ်နေတဲ့လူတွေက တစ်လမှလွှဲနိုင်လည်း အများဆုံး ဒေါ်လာ ၅၀၀ လောက်ပဲလွှဲနိုင်မယ်။ အခုက ပို့ကုန်သမားတစ်ယောက်က ဒေါ်လာ ၁၀၀၀ ရောင်းရတယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ၃၀၀ ပဲပြတယ်။ အပြင်မှာ ၇၀၀ ကိုထားလိုက်တယ်။ ပြီးတော့မှ လိုရင်ထပ်လွှဲတယ်။ သွင်းကုန်ဆိုရင်လည်း ဒေါ်လာ ၃၀၀၀၀ လောက်တန်တယ်ဆိုရင် ဒေါ်လာ ၁၀၀၀၀ လို့ပြတယ်။ ဒါဆို အကောက်ခွန်သက် သာသွားမယ်။ အဲဒီနောက်မှ ဟွန်ဒီနဲ့ပြန်လွှဲတယ်။ ဒါကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနဲ့ တိုင်ပင်ပြီးတော့ အဖွဲ့တစ်ခုဖွဲ့ ထားပါတယ်။ ဒါကို **ထိထိရောက်ရောက်နဲ့ပို့ကုန်သွင်းကုန်တွေကို ဘဏ်ကနေ တစ်ဆင့် ပေးအောင်တိတိကျကျလုပ်သွားဖို့ရှိပါတယ်''** ဟု ဦးဘိုဘိုငယ်က ပြောသည်။

လက်ရှိတွင် ဘဏ်လုပ်ငန်းလိုင်စင် ထုတ် ပေးထားသည့် **နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပြည်တွင်းပုဂ္ဂလိက ဘဏ် ၁၉ ဘဏ်၊ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲ ၁၃ ဘဏ် စုစုပေါင်း ၃၅ ဘဏ်အား ပြည်ပကို ငွေလွှဲလုပ်ကိုင်ခွင့်ပေးထားကြောင်း** သိရသည်။

ပြည့်ရည်ဖူး

## ၂၀၁၈ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲအတွက် ဇာတ်ကားများ စိစစ်အကဲဖြတ်မှု ပထမအဆင့်ပြီးစီး

၂၀၁၈ခုနှစ်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် **ရုပ်ရှင်ဇာတ်ကားများစိစစ်အကဲဖြတ်မှု ပထမအဆင့်ပြီး စီးသွားပြီဖြစ်ကြောင်း** မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် အကယ်ဒမီစိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပြီး ဒီဇင်ဘာ လ ၁၀ရက်မှ စတင်ကာ စိစစ်အကဲဖြတ်နေခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၅ရက်က ပြီးဆုံးသွားပြီဖြစ်ကြောင်း သိရသည်။ ''ဟိုတုန်းက အကယ်ဒမီစာရင်းဝင်ချင်ရင် နယ်မှာ တစ်ရက်၊ နှစ်ရက် အပြလုပ်လိုက်ရင်ရတယ်။ အခုမရတော့ဘူး။ ပြသညီနှိုင်းကနေ ပြတဲ့ကားပဲ စာရင်းဝင်တယ်။ ပထမအကြိမ်စိစစ်တဲ့အခါ ဇာတ်ကားတစ်ကားမှာ ဆုတစ်ဆုဆုရနိုင်မယ်ဆို ၁ ဆိုပြီးပေးတယ်။ ဆုတစ်ဆုမှမရနိုင်ဘူးဆိုရင် သုည ပေးတယ်။ **ပထမအဆင့် အကဲဖြတ်တဲ့နေရာမှာ ဖေဖော်ဝါရီ ၅ရက်ကမှ ၈၃ ကားစလုံးပြီးတယ်၊** ဒီနှစ်ကအရင်နှစ်တွေထက် ရုပ်ရှင်ဇာတ်ကားတွေ ပိုများပြားခဲ့ပြီး ရုပ်ရှင်ဖန်တီးမှုပိုင်း၊ အနုစ်သာရပိုင်း၊ ပရိသတ်စိတ်ဝင်စားမှုအပိုင်းပိုမိုတိုးတက်ခဲ့ပါတယ်'' ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတ်လ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ထူးချွန်ဆု ၁၁ဆု၊ တစ် သက်တာဆုတစ်ဆုနှင့် အထူးဆုတစ်ဆု စုစုပေါင်း ၁၃ဆုကို ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း** ဆုများ ရွေးချယ်ပေးအပ်ရာတွင် အနုပညာဂုဏ်မြောက်မှုပေါ်တွင်သာ ရွေးချယ်ပေးအပ်မည်ဖြစ်ပြီး ပေါ်ပြူလာဖြစ်မှုပေါ်တွင် မူတည်မည်မဟုတ်ကြောင်း သိရသည်။

Snow

## တောင်နဝင်းရေလှောင်တမံကို ဖေဖော်ဝါရီလကုန်ထိ စောင့်ကြည့်ပြီးမှသာ မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ဆုံးဖြတ်မည်


Photo-BIC

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ **တောင်နဝင်း ပင်မရေလှောင်တမံ အနီး လျှောင်လှုပ်ခတ်မှု လေးကြိမ်ဖြစ်ပွားခဲ့သည့် အရှိန်ကြောင့် အပေါ်ပိုင်းမြေသား အနည်းငယ်နိမ့်ကျမှုနှင့် အက်ကွဲမှုဖြစ်ပေါ်ခဲ့သော တောင်နဝင်းရေလှောင်တမံကို ဖေဖော်ဝါရီလကုန်ထိ စောင့်ကြည့်ပြီးမှသာ မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း** စိုက်ပျိုးရေး မွေးမြူရေး ဆည်မြောင်းနှင့် မြေရာကိစ္စရပ်များကော်မတီဝင် ဦးသက်ဝင်းလှိုင်ကဖေဖော်ဝါရီ ၈ ရက်တွင်ပြောသည်။

**တောင်နဝင်းရေလှောင်တမံ ပြိုကျသည်ဟု ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းက ဖြစ်ပေါ်ခဲ့သော ကောလာဟလကြောင့် ဒေသခံများရွှေ့ပြောင်းမှုဖြစ်ပေါ်နေခြင်းကြောင့်** ဆည်မြောင်းဌာနမှတာဝန်ရှိသူများက ပညာရှင်များနှင့်သွားရောက်တွေ့ဆုံရာတွင် တောင်နဝင်းဆည် စတင်တည်ဆောက်ခဲ့စဉ်က ပါဝင်ခဲ့သည့် ဂျပန်ဘူမိဗေဒပညာရှင် မစ္စတာကာတိုက စမ်းသပ်မှုများနှင့်ပတ်သက်၍ယင်းသို့ ပြောကြားခဲ့ကြောင်းသိရသည်။ ''**တောင်နဝင်းဆည်ကဇန်နဝါရီ ၁၃ ကနေ ဖေဖော်ဝါရီ ၂ ရက်အထိ မြေသားတမံ ၂ လက်မ ခွဲ နိမ့်ကျမှုဖြစ်ပေါ်ခဲ့ပါတယ်၊ ဖေဖော်ဝါရီ ၆ ရက်မှာ ၂ လက်မ ထပ်မံ နိမ့်ကျခဲ့လို့ ၂ ရက်ကို တစ်ကြိမ် စောင့်ကြည့်တိုင်းထွာနေပါတယ်၊** ဆည် စတင်တည်ဆောက်ခဲ့စဉ်ကပါဝင်တဲ့ ဂျပန်ဘူမိဗေဒပညာရှင်က တော့ ဖေဖော်ရီလကုန်ထိစောင့်ကြည့်ပြီး ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာကို ဆုံးဖြတ်မှာပါ''ဟု ၎င်းကပြောသည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်း ပင်မရေလှောင်တမံ၏ **ပေတိုင် ၆၀၀၀ ပေမှ ၆၁၀၀ ပေအကြား တမံထိပ်ပြင် တွင် ဇန်နဝါရီလ ၈ ရက်က အလျား ၁၀၀ ပေခန့်၊ အနက် ၃ ပေခန့်၊ အကျယ် ၃ လက်မခန့်ရှိ ကန့်လန့်ဖြတ်အက်ကြောင်းတစ်ခု ဖြစ်ပေါ်ခဲ့သောကြောင့် တမံကိုယ်ထည်မြေသား လှုပ်ရှားမှုကို ထိန်းချုပ်နိုင်ရန်အတွက် အက်ကြောင်းအတွင်းသို့ သဲကြမ်းများဖြည့်ထည့်ခြင်းလုပ်ငန်းကိုဆောင်ရွက်ကာ ရွေ့လျားမှုရှိ၊ မရှိ စောင့်ကြည့်တိုင်းတာ စစ်ဆေးနေခြင်းဖြစ်သည်၊** ရေလှောင်တမံ၏ ဘေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေမရှိသော်လည်း ပိုမိုလုံခြုံစိတ်ချစွာ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရေးပေါ်အခြေအနေ စီမံချက်ကို ရေးဆွဲထားရှိပြီးဖြစ်ကြောင်းသိရသည်။

ရှိန်းဝင်းထိုက်

## မြစ်ကြီးနားမြို့ ရေရပ်ကွက် တြိဂံလမ်းဆုံနေရာတွင် ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းရတနာကို ထပ်မံစိုက်ထူ


ဓာတ်ပုံ-ကချင်ပြည်နယ်အစိုးရအဖွဲ့

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ **ရေရပ်ကွက် တြိဂံလမ်းဆုံနေရာတွင်ခရီးသွားနှင့်ပြည်သူများ လေ့လာနိုင်ရန် ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းရတနာကို ဒုတိယအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၉ ရက်က ထပ်မံစိုက်ထူလိုက်ကြောင်း** ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ ကျောက်စိမ်းရတနာကို **အလှူရှင် ဒေါက်တာဘန်လွန်ဒူဝါဘွမ်ယွန်က** ကျောက်စိမ်းကို အများပြည်သူများ တန်ဖိုးထားသိရှိနိုင်ရန်နှင့် လေ့လာနိုင်ရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။ ပထမအကြိမ်အဖြစ် ဒေါက်တာဘန်လွန်ဒူဝါဘွမ်ယွန်လှူဒါန်း သည့် ကျပ်သိန်း ထောင်ကျော်တန်သော ကျောက်စိမ်းကို **ဇန်နဝါရီ ၁၆ ရက်တွင် ၇၁ နှစ်မြောက် ကချင်ပြည်နယ်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ လေဆိပ်အဆောက်အအုံရှေ့၌ စိုက်ထူထားကြောင်း** သိရသည်။

''ကချင်ပြည်နယ်က ကျောက်စိမ်းထွက်ရှိတဲ့ ပြည်နယ်ဖြစ်လို့ ပြည်နယ်အထိမ်းအမှတ် ကျောက်စိမ်းကို ပြည်သူတွေလေ့လာနိုင်အောင်စိုက်ထူတာပါ။အခုလိုစိုက်ထူထားတော့ ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေလည်း မြန်မာ့ကျောက်စိမ်းရတနာနဲ့အတူ ပြည်နယ်ကိုလည်း တွဲဖက်အမှတ်ရ နေမှာပါ''ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရှိန်းဝင်းထိုက်

# မန်းရွှေစက်တော် ဘုရားပွဲ စတင်ဖွင့်လှစ်၊ လာရောက်သူ ယခင်နှစ်များထက်ပိုမိုများပြားဟုဆို

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ **မန်းရွှေစက်တော်ဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီ မိနစ် ၃၀တွင် စတင်ဖွင့်လှစ်ခဲ့ရာ လာရောက်သည့်ဘုရားဖူးများ ယခင်နှစ်ကထက် ပိုမိုများပြားစည်ကားခဲ့ကြောင်း** မန်းရွှေစက်တော်ဂေါပကအဖွဲ့ ထံမှသိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်(ဖေဖော်ဝါရီ ၉ ရက်) မှ မြန်မာနှစ်ဆန်း ၁ ရက်(ဧပြီ ၁၇)အထိ ကျင်းပလေ့ရှိပြီး ယခုနှစ် ပွဲတော်ဖွင့်ပွဲကို **သီတဂူ ဆရာတော်ကြီးနှင့် ရွှေစက်တော်ဘုရား ဩဝါဒစရိယ ဆရာတော်ကြီးများက ကြီးမှူးဖွင့်လှစ်ပေးခဲ့ခြင်း** ဖြစ်ကြောင်းသိရသည်။ "တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပွဲတော်ဖွင့်ပွဲကို အောက်ခြေတော်ရာနဲ့ အထက်စက်တော်ရာမှာ ဖွင့်လှစ်အပူဇော်ခံခဲ့တာပါ။ လာရောက်သူကတော့ ဖွင့်ပွဲနေ့မှာကို အရင်နှစ်တွေထက်ပိုများခဲ့ပါတယ်" ဟု မန်းရွှေစက်တော်ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

ထို့ပြင် မန်းရွှေစက်တော် ဘုရားပွဲတော်သို့ **လာရောက်သော ပြည်တွင်းပြည်ပ ခရီးသွားများ အပန်းဖြေအနားယူနိုင်ရေးနှင့် ဆင်စီးကာ သဘာဝရှုခင်းများလည်းပတ်ကြည့်ရှုနိုင်ရန်** ဘုရားပွဲတော်ကာလအတွင်း ဆင် ၁၅ ကောင်ဖြင့် ဝန်ဆောင်မှုပေးထားကြောင်းသိရသည်။ "ဆင်စီးချိန်ကိုတော့ နံနက် ၈ နာရီကနေ နေ့လယ် ၁၁ နာရီထိ သတ်မှတ်ထားတယ်။ ဆင်စီးခအဖြစ်တစ်ဦးကို ကျပ် ၅၀၀၀ သတ်မှတ်ထားပါတယ်။ ဝင်ကြေးက တစ်ဦးကို ၁၀၀၀ ကျပ်နှုန်း သတ်မှတ်ထားတယ်။ ဆင်စာအတွက်လည်း ၁၀၀၀ ကျပ်နှုန်းနဲ့ ကျွေးနိုင်အောင် ရောင်းချပေးပါတယ်" ဟုဆင်စခန်းတာဝန်ခံ ဦးလှသန်းက ပြောသည်။



ဓာတ်ပုံ - Khun San Oo

အဆိုပါ **ဆင်စခန်းသည် မန်းရွှေစက်တော်ရာ ဘုရားနှင့် ၃ မိုင်ခန့်အကွာတွင်တည်ရှိပြီး** ဘုရားဖူးပြည်သူများ လွယ်လင့်တကူ သွားရောက်နိုင်မည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် လုံးချင်းတည်းခိုဆောင်များ အမြင့်ပိုင်းတွင်ရှိပြီး ရေချိုးခန်း၊ ဘိုထိုင်တွဲလျက် တည်ဆောက် ပေးထားကြောင်း သိရသည်။

**ဆင်စခန်းဖွင့်လှစ်ရန် ၁၁၀ ဧက နှင့် ဆင်စားကျက်မြေ ၇၀၀ ဧကတို့ကို** အသုံးပြုထားပြီး ခရီးသွားများ ညအိပ်တည်းခိုနိုင်သည့် နေရာများစီစဉ်ပေးထားကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

# မှော်ဘီ - တိုက်ကြီးလမ်းပိုင်းကို ဂျပန်နည်းပညာဖြင့် နိုင်ငံတကာအဆင့်မီ လေးလမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပြီးစီး



ဓာတ်ပုံ - မက်စ်ဟိုင်းဝေး

ရန်ကုန်-ပြည်လမ်းမကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်းတစ်စိတ်တစ်ဒေသဖြစ်သည့် **မှော်ဘီ-တိုက်ကြီးလမ်းပိုင်းကို ဂျပန်နည်းပညာဖြင့် နိုင်ငံတကာအဆင့်မီ လေးလမ်းသွား လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပြီးစီးပြီဖြစ်ကြောင်း** အဆိုပါလမ်းကိုတာဝန်ယူ ဆောင်ရွက်လျက်ရှိသောမက်စ်ဟိုင်းဝေးကုမ္ပဏီမှ ဖေဖော်ဝါရီလ ၉ ရက်တွင် သိရသည်။

ရန်ကုန်-ပြည်လမ်းမကြီး၏ လမ်းပိုင်းတစ်ခုဖြစ်သော ၂၇ မိုင် ၅ ဖာလုံ အရှည်ရှိ **နိုင်ငံတကာအဆင့်မီ မှော်ဘီ - တိုက်ကြီးလမ်းပိုင်းကို မူလ ၁၈၊ ၂၂ပေ နှစ်လမ်းသွားအဆင့်မှ ၄၈ ပေ လေးလမ်းသွား လမ်းမကြီးအဖြစ်လုပ်ဆောင်ခြင်း** ဖြစ်ပြီးနောက် စီမံကိန်း ဒုတိယအဆင့်အဖြစ် **တိုက်ကြီး - သာယာဝတီလမ်းပိုင်းကို ၄၈ ပေ လေးလမ်းသွား ကတ္တရာကွန်ကရစ် လမ်းမကြီးအဖြစ် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း**သိရသည်။ "မှော်ဘီကို တစ်ရက် အသွားအပြန် နှစ်ခေါက်လောက်ဖြတ်ပါတယ်။ နှစ်လမ်းသွားတုန်းကတော့ ရှေ့ကားကြီးတွေရှိရင် သွားရတာ နည်းနည်း နှောင့်နှေးတာပေါ့။ အိမ်စီးကားတွေက ကားကြီးတွေနဲ့ ယှဉ်မောင်းတဲ့အခါ သိပ်အဆင်မပြေဘူး။ အန္တရာယ်များတယ်။ အခု လေးလမ်းသွားဖြစ်လာတော့ ပိုအန္တရာယ် ကင်းပြီး ကားလေးတွေအတွက် ပိုအဆင်ပြေလာတယ်" ဟုမှော်ဘီမြို့နယ်မှ ကိုညီညီနိုင်က ပြောသည်။

အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီလုပ်ဆောင်ခြင်းဖြစ်ပြီး ခရီးသွားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ဂျပန်နိုင်ငံ Nippon Koei Company ထံ Design များကို အပ်နှံဆောင်ရွက်ခဲ့သည့်အပြင်အရှည်အသွေးပိုင်းကိုလည်း Nippon Koei တာဝန်ရှိသူများက အနီးကပ်ကြပ်မတ်ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

မှော်ဘီ - တိုက်ကြီးလမ်းပိုင်းနှင့်ပတ်သက်ပြီး Yangon Rescue Organization မှ လူနာတင်ယာဉ်မောင်းတစ်ဦးဖြစ်သူ ဦးစိုးညွှန့်က "ဒီလမ်းက အရင်တုန်းက နှစ်လမ်းသွားဆိုတော့ သွားရလာရတာ တော်တော်လေး အကျပ်အတည်းဖြစ်တယ်။ လူနာပို့တဲ့အခါ သိပ်အဆင်မပြေဘူး။ သွားရတာ Block အရမ်းဖြစ်ပါတယ်။ အခုလို ၄ လမ်းသွားဖြစ်တော့ သွားရလာရတာ အစစအရာရာ အဆင်ပြေလာပါတယ်။ လူနာတင်ကားရယ်မှ မဟုတ်ဘူး။ တခြား ကားတွေပါ သွားရလာရတာ တော်တော်လေး ချောင်သွားတယ်" ဟု ပြောသည်။

လမ်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် တစ်နာရီ တန် ၁၂၀ ကျ AC ဖျော်စက်ကြီးများ၊ Caterpillar အမျိုးအစား ခေတ်မီလမ်းခင်းစက်ယန္တရားကြီးများကို အသုံးပြုကာ လူအင်အား၊ စက်အင်အားဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ရှိန်းဝင်းထိုက်



## ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား ၈၉၀၀၀၀ ခန့် ဝင်ရောက်ဖြေဆိုမည်


၂၀၁၈ခုနှစ်က ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြသူများ

**ယခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူ ၈၉၀၀၀၀ ခန့် ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း** ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖေဖော်ဝါရီလ ၁၀ ရက်က ပြောသည်။

``တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၀၁၆ ခုနှစ်တွင်ကျောင်းသားကျောင်းသူ ၆၅၀၀၀၀ က ဝင်ရောက် ဖြေဆိုခဲ့ပြီး တစ်သိန်းကျော် အောင်မြင်ခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ကျောင်းသားကျောင်းသူ ၇၃၀၀၀၀ ဝင်ရောက်ဖြေဆိုခဲ့ပြီး ၂၀၀၀၀၀ အောင်မြင်ခဲ့သည်။ **ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ကျောင်းသားကျောင်းသူ ၈၃၀၀၀၀ နီးပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၂၅၀၀၀၀ ကျော် အောင်မြင်ခဲ့ကြောင်း** သိရသည်။ ယခုနှစ်တွင် ကျင်းပမည့် စာမေးပွဲ၌ **အလွတ်ကျက်ဖြေဆိုရသည့် မေးခွန်းပုံစံထက် စဉ်းစားတွေးခေါ်ဖြေဆိုရမည့် မေးခွန်းပုံစံသို့ ပြောင်းလဲထားကြောင်း** သိရသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို **မတ်လ ၆ ရက်မှစတင်ကာ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး** စာမေးပွဲဖြေ ဆိုခွင့်ကတ်များကို ဖေဖော်ဝါရီလ ၁၅ ရက်မှ စတင်ကာထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။ ဖြေဆိုခွင့်ကတ်များကို ပြင်ပမှ ဖြေဆိုမည့် ကျောင်းသားကျောင်းသူများ ဖြစ်ပါက ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံ ထုတ်ယူရမည်ဖြစ်ပြီး ကိုယ်ပိုင်ကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်းများ၊ တွဲဖက်ကျောင်းများမှ ဖြေဆိုမည့်သူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။ ဖြေဆိုခွင့်ကတ်များကို ဘာသာရပ်အလိုက် အစိမ်းရောင်၊ ပန်းရောင်များဖြင့် သတ်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး (ဓာတ်ပုံ-မျိုးကျော်စိုး)

## ချင်းပြည်နယ်အတွင်း ပထမဆုံး ဆင်စခန်းဖြစ်လာမည့် ကနေဒီဆင်စခန်းကို ယခုလ ၁၆ ရက်တွင် ဖွင့်မည်


ဓာတ်ပုံ-ကနေဒီဆင်စခန်း

**ချင်းပြည်နယ်အတွင်း ပထမဆုံး ဆင်စခန်းဖြစ်လာမည့် ကနေဒီ(နိုင်ကမ်းဆင်ထိန်းသိမ်းရေးစခန်း)ဆင်စခန်းကို ချင်းပြည်နယ် တီးတိန်မြို့နယ်၌** ယခုလ ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကနေဒီဆင်စခန်း စခန်းတာဝန်ခံ (သစ်အုပ်ကြီး) ဦးတိုးချစ်မှူးပိုင်ပြောကြားချက်အရဖေဖော်ဝါရီလ၁၁ ရက်တွင် သိရသည်။

ကနေဒီဆင်စခန်းသည် ကလေး-ခိုင်ကမ်း-ကနေဒီ-တီးတိန် ကားလမ်းမကြီးဘေးရှိ စီးယင်းကြိုးဝိုင်းတွင် တည်ဆောက်ထားခြင်းဖြစ်ကာ လာရောက်သူများအဆင်ပြေစေရေးအတွက် လမ်းတံတားများကို ပြုပြင်ပေးထားပြီးဖြစ်ကြောင်းနှင့် **ဆင်စခန်းအနီးတွင် လှပသောကြိုးတံတားနှင့် စမ်းချောင်းတစ်ခုရှိကြောင်း** သိရသည်။ ``ကြိုးတံတားနောက်ခံရယ်၊ စမ်းချောင်းရယ်၊ တောတောင်အထပ်ထပ်ရှိလို့ ခရီးသွားတွေကို အပန်းပြေစေနိုင်ပါတယ်။ ဖွင့်ပွဲကျင်းပမယ့်နေ့မှာ ဝင်ကြေးအခမဲ့ ခွင့်ပြုမှာပါ။ ဆင်စခန်းမှာ ဆင်စီးတာတွေ၊ အစာကျွေးတာတွေ၊ ဓာတ်ပုံရိုက်တာတွေ၊ ဆင်တွေကို ကိုယ်တိုင်ရေချိုးပေးတာတွေလုပ်လို့ရပါတယ်။နားနေလို့ရမယ့် နေရာတွေကို လည်း လုပ်ပေးထားပါတယ်``ဟု ၎င်းကပြောသည်။

**ဆင်စခန်းတွင် ဆင်မ သုံးကောင်၊ ဆင်ထီး လေးကောင် စုစုပေါင်း ၇ ကောင်ဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကာ** ဝင်ကြေးအဖြစ် ပြည်တွင်းကျပ် ၁၀၀၀၊ ဆင်စီးခ ကျပ် ၃၀၀၀ နှင့် နိုင်ငံခြားသားများကို ဝင်ကြေး ကျပ် ၁၀၀၀၀ ၊ဆင်စီးခ ကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် သဘာဝအခြေပြုခရီးသွားလုပ်ငန်းအတွက် ဆင်စခန်း ၁၈ ခုရှိပြီး ကနေဒီဆင်စခန်းဖွင့်လှစ်ပါက ဆင်စခန်း ၁၉ ခုနှင့် အသုံးပြုဆင်အကောင်ရေ ၂၀၀ ကျော် ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

## ရိုးမလုပ်ငန်းစုက ကျော်ကြားသည့် ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်း YKKO ၏ အစုရှယ်ယာ ၆၅ ရာခိုင်နှုန်းကို ဝယ်ယူ

Yoma Strategic Holdings Ltd. ("Yoma Strategic") သည် **မြန်မာနိုင်ငံ၏အကြီးဆုံးပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းတစ်ခုဖြစ်သည့် Yankin Kyay Oh Group of Companies Limited ("YKKO") ၏ အစုရှယ်ယာ ၆၅ ရာခိုင်နှုန်းကို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း** ဖေဖော်ဝါရီလ ၁၁ ရက်က သိရသည်။

ယခုကဲ့သို့ ရှယ်ယာဝယ်ယူလိုက်ခြင်းဖြင့် Yoma F&B ၏ ဆိုင်ခွဲအရေအတွက်ကို နှစ်ဆတိုးပွားလာစေသည့် အပြင် လုပ်ငန်းဝင်ငွေတိုးပွားပြီး ဘဏ္ဍာရေးလည်ပတ်မှု ပိုမိုကောင်းမွန်လာအောင် YKKO က စတင်စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ``**မိသားစုစားသောက်ဆိုင်လေးက စတင်ခဲ့ပြီး နိုင်ငံရဲ့နာမည်ကြီး F&B အမှတ်တံဆိပ် တစ်ခုဖြစ်လာခဲ့တဲ့ YKKO က မြန်မာနိုင်ငံရဲ့ အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး** ၎င်းကို အနာဂတ်မှာ ပိုမိုတိုးတက်ကြီးပွားလာအောင် ကျွန်တော်တို့က ပံ့ပိုးကူညီခွင့်ရတဲ့အတွက် အလွန်ပင်ဂုဏ်ယူမိပါတယ်`` ဟု Yoma Strategic ၏ CEO ဖြစ်သူ Mr. Melvyn Pun က ပြောသည်။

ရိုးမလုပ်ငန်းစုအနေဖြင့် **ဝယ်သူရောင်းသူ သဘောတူညီချက်၊ YKKO ၏ လက်ရှိနှင့် ခန့်မှန်းဝင်ငွေ စသည့်အချက်တို့ကိုပါ ထည့်သွင်းစဉ်းစားပြီး စုစုပေါင်း ကျပ်ငွေ ၁၉ ဒသမ ၄ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ သန်း) ကိုပေးချေသွားမည်ဖြစ်ကြောင်း၊** ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက် မှတ်တမ်းများအရ YKKO ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ်ငွေ ၆ ဒသမ ၂၂ ဘီလျံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၉ သန်း) ရှိပြီး ငွေပေးချေမှုကို ကုမ္ပဏီတွင်း အရင်းအမြစ်များနှင့် မကြာမီကပြုလုပ်ထားသည့် ဘဏ္ဍာရေးလုပ်ဆောင်မှုများကို အသုံးပြု၍ ပေးချေသွားမည်ဖြစ်ကြောင်း၊ **ငွေပေးချေပြီးနောက် YKKO သည် Yoma Strategic မှ ၆၅ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီဖြစ်လာမည်ဖြစ်ကြောင်း** သိရသည်။ **၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် YKKO သည် တဖြည်းဖြည်းကြီးထွားလာရာ ယခုအခါ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးနှင့် မော်လမြိုင်တို့တွင် ဆိုင်ခွဲများဖြင့်** မြန်မာနိုင်ငံ၏ အကြီးဆုံးပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းတစ်ခု ဖြစ်လာသည်။

HNW

## စမိုင်းလ်၏ Sharing is Caring စာအုပ်ထွက်ရှိ



မော်ဒယ်သရုပ်ဆောင် စမိုင်းလ်ကိုယ်တိုင် ရေးသားထားသော Sharing is Caring စာအုပ်မိတ်ဆက်ပွဲနှင့် ပရိသတ်များနှင့်တွေ့ဆုံကာ အမှတ်တရလက်မှတ်ရေးထိုးသည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့ Junction City ၌ ပြုလုပ်ခဲ့သည်။

အဆိုပါစာအုပ်သည် **စမိုင်းလ်၏ ပေါင် ၂၂၀ မှ စန္ဒာကိုယ်လုံးအောင် ထိန်းသိမ်းခဲ့ပုံများကို ပုံများနှင့်အတူ ထည့်သွင်းရေးသားထားသည့် စာအုပ်ဖြစ်ပြီး** ယင်းစာအုပ်ကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး၌ ပရိသတ်များနှင့် တွေ့ဆုံ၍ အမှတ်တရလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဝ၂၅

## ပဲခူးမြို့ရှိ ကန်တော်ကြီး ကြိုးပြင်ကာကွယ်တောကို ရုက္ခဗေဒဥယျာဉ်တည်ထောင်မှု ယခုလ တတိယပတ်တွင်စတင်မည်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကန်တော်ကြီးကြိုးပြင် ကာကွယ် တောကို **ကန်တော်ကြီးသစ်မျိုးစုံ ရုက္ခဗေဒဥယျာဉ်တည်ထောင်မှု** ယခုလ တတိယပတ်တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီလ ၁၁ ရက်တွင် သိရသည်။

**ပဲခူးမြို့ကို ရေပေးဝေနေသည့် ကန်တော်ကြီး၏ ရေဝေရေလဲဒေသ ဖြစ်သော ကန်တော်ကြီးကြိုးပြင် ကာကွယ်တောသည် ဧက ၁၀၀၀ ကျော် ကျယ်ဝန်းပြီး ကာကွယ်တောတွင် ဖုန်းဆိုးတောများ၊ ရော်ဘာစိုက်ခင်းများ စသည်တို့သာ ရှိသောကြောင့် ရှားပါးသစ်မျိုးစုံပြသမည့် ရုက္ခဗေဒဥယျာဉ်တစ်ခု အဖြစ်ဆောင်ရွက်မည်**ဖြစ်သည်။ ``ပဲခူးရိုးမမှာရှိတဲ့သစ်မျိုးစုံကိုပြသနိုင်အောင် ဆောင်ရွက်သွားမှာပါ။ ကန်တော်ကြီးရေဝေရေလဲ ဧရိယာထဲမှာ သစ်မျိုး ၁၀ မျိုးရဲ့ ပျိုးပင်တွေကို နှစ်စဉ် စိုက်ပျိုးသွားမှာပါ။ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေနဲ့ နှစ်စဉ်စီမံချက်နဲ့ လုပ်မှာပါ။ ဒါဆိုရင် သစ်မျိုးစုံရုက္ခဗေဒဥယျာဉ်တစ်ခုဖြစ်လာမှာဖြစ်သလို ရေ၊ မြေထိန်းသိမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာမှာပါ`` ဟု သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

``တိုင်းဒေသကြီးမှာရှိတဲ့ သစ်မျိုးစုံ၊ ဝါးမျိုးစုံနဲ့ ရှားပါးအပင်တွေကို အားလုံးပြုစုထိန်းသိမ်းထားသင့်တယ်။ နိုင်ငံခြားသားတွေ၊ ကျောင်းသားတွေနဲ့ လေ့လာလိုသူတွေအတွက် ရုက္ခဗေဒသစ်တောဥယျာဉ်တစ်ခု ပြုစုပျိုးထောင်သင့်ပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းလမ်းကြောင်းတစ်ခု လည်း ဖြစ်လာမှာပါ``ဟု ပဲခူးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံကပြောသည်။

ရှိန်းဝင်းထိုက်

## MNDAA အဖွဲ့နှင့် မြန်မာ့တပ်မတော် တိုက်ပွဲဖြစ်ကြောင်း ထုတ်ပြန်



ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မြောက်ပိုင်းမဟာမိတ်အဖွဲ့လေးဖွဲ့ထဲမှ MNDAA အဖွဲ့နှင့် မြန်မာ့တပ်မတော် စစ်ကြောင်းများ ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်တို့တွင် ကွမ်းလုံမြို့နယ်၊ မုံးကျက်ကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၁၃၀၀ ခန့်အကွာ၌ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်လိုက်သည်။

**လူသစ်စုဆောင်းရန်ရောက်ရှိနေသည့် MNDAA အဖွဲ့မှ အင်အား ၁၀၀ ဦးခန့်နှင့်ထိတွေ့၍** တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ယာယီအခြေပြုထားသည့် စခန်းတစ်ခုကိုလည်း သိမ်းပိုက်ရရှိခဲ့ကြောင်း၊ တပ်မတော်ဘက်မှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။

မြန်မာ့တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်ကစ၍ **ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရန် တစ်ဖက်သတ်အပစ်ရပ်စဲထားစဉ် ယင်းကိုအခွင့်ကောင်းယူ၍ MNDAA အဖွဲ့အနေဖြင့် ကွမ်းလုံမြို့နယ်အတွင်း လူသစ်စုဆောင်းမှုကိုးကြိမ်၊ နယ်မြေကျော်လွန်လှုပ်ရှားမှု ခြောက်ကြိမ်အထိ ပြုလုပ်လာခဲ့ကြောင်း** ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်အတွင်း ကျေးရွာအချို့မှ ဒေသခံများအနေဖြင့် MNDAA အဖွဲ့၏ အဓမ္မဖမ်းဆီးလူသစ်စုဆောင်းမှုကို ခံနေရသောကြောင့် လူသစ်စုဆောင်းခေါ်ဆောင်ခြင်းခံနေရသူများကို ပြန်လည်ရရှိစေရေးအတွက် တပ်မတော်က ဆောင်ရွက်နေကြောင်းလည်း ထုတ်ပြန်ထားသည်။

**MNDAA သည် အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)လက်မှတ်မထိုးရသေးသည့်အဖွဲ့များဖြစ်သော AA၊ KIA၊TNLA** တို့နှင့် မဟာမိတ်ဖြစ်ပြီး ယခုလအတွင်း အစိုးရအပါအဝင် ငြိမ်းချမ်းရေးကော်မရှင်များနှင့် တွေ့ဆုံရန်လည်းရှိနေသောအဖွဲ့ဖြစ်သည်။

မေငယ်

## အမြန်လမ်းတွင် ယာဉ်မတော်တဆမှုကြောင့် ပျံလွန်တော်မူခဲ့သည့် ကျောက်ဂူဆရာတော်ကြီး၏ရုပ်ကလာပ်တော်ကို လာမည့်လအတွင်း ဆရာတော်၏မှာကြားချက်အရ မီးသင်္ဂြိုဟ်ပူဇော်ရန် စီစဉ်



အမြန်လမ်းတွင် ယာဉ်မတော်တဆမှုကြောင့် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် ကျောက်ဂူဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို **ပျံလွန်တော်မမူမီ ဆရာတော်မှာကြားချက်အရ အန္တိမအဂ္ဂိဈာပနမီးသင်္ဂြိုဟ်ပူဇော်ရန်စီစဉ်နေကြောင်း** ဖေဖော်ဝါရီလ ၁၁ ရက်တွင် သတင်းရရှိသည်။ အဂ္ဂိဈာပနမီးသင်္ဂြိုဟ်မည့်အချိန်ကို မတ်လ ၂ ရက် ညပိုင်း ၈ နာရီအချိန်တွင် ပြုလုပ်ရန်စီစဉ်ထားခြင်းဖြစ်ပြီး ဈာပနအခမ်းအနားကိုကျင်းပမည့်နေရာမှာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကန် (၇) ရွာ၊ ပရဟိတရေထွက်တောရဘိုးဘွားဓမ္မစာရရိပ်သာတွင်ဖြစ်ကြောင်း သိရသည်။ "ဆရာတော်ကြီးက အရင်တုန်းကတည်းက မှာထားတာရှိတယ်။ ငါသေရင် ငါ့ခန္ဓာကိုမီးရှို့ဆိုပြီးတော့ မှာခဲ့တာရှိပါတယ်" ဟု ဆရာတော်၏တပည့်တစ်ဦးက ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို ပရဟိတရေထွက်တောရ ဓမ္မသံဝေဂစံကျောင်းတော်သို့ ဖေဖော်ဝါရီလ ၂၇ ရက် နေ့လယ် ၁၂ နာရီအချိန်တွင် စံကျောင်းကြာကလာပ်တင်ပူဇော်ရန် ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**ကျောက်ဂူဆရာတော်ကြီးလိုက်ပါလာသောကားသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်း ၉ နာရီအချိန်တွင် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးအတိုင်း ရန်ကုန်မှ မန္တလေးဘက်သို့မောင်းနှင်လာစဉ် အမြန်လမ်းမမိုင်တိုင်အမှတ် ၃၁၀ မိုင် ၃ ဖာလုံအကျော်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းတောင်စောင်းကို တိုက်မိသွားခြင်းဖြစ်ပြီး** ဆရာတော်မှာ နံနက်ပိုင်း ၉ နာရီမိနစ် ၅၀ အချိန်ခန့်၌ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ပြီး ပျံလွန်တော်မူချိန်တွင် ဆရာတော်၏သက်တော်မှာ ၆၇ နှစ်ဖြစ်ပြီး ဝါတော် ၂၇ ဝါရှိပြီဖြစ်သည်။

HAP

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်း ၇၉ ခုကို ယခုနှစ်ဖော်ဆောင်မည်ဟု ဆို



ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် စီမံကိန်း ၇၉ ခုကို ယခုနှစ်အတွင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ တွေ့ဆုံမေးမြန်းချက်တွင် ဖော်ပြထားသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနော်ပန်းသဉ္ဇာမျိုးသည် အဆိုပါ **စီမံကိန်းပေါင်း ၇၉ ခုအနက် စက်မှုဇုန်အသစ်များဖော်ဆောင်ခြင်း၊ စက်မှုဇုန်အဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လူငယ်များ ဆန်းသစ်တီထွင်မှုများဆောင်ရွက်နိုင်ရန် Yangon Innovation Center ဖွင့်လှစ်ခြင်းများကို** တာဝန်ယူဆောင်ရွက်နေကြောင်းလည်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော်မယ့် Project ပေါင်း ၇၉ ခု ရှိတယ်။ အဲဒါ တွေကို ပြည်ထောင်စုရဲ့ Project Bank ထဲမှာ စာရင်းပေးသွင်းထားတယ်။ စာရင်းပေးသွင်းထားတဲ့အထဲမှာ ရန်ကုန်တိုင်းဒေသကြီး **စည်ပင်သာယာပြင်ပ ၁၂ မြို့နယ်မှာ ကိုကိုးကျွန်းမပါဘဲ ကျန်တဲ့ ၁၁ မြို့နယ်ကို စက်မှုဇုန်အသစ်လေးတွေ ဖော်ဆောင်သွားဖို့ရှိတယ်။** စက်မှုဇုန်အသစ်တွေကိုဖော်ဆောင်သလို စက်မှုဇုန်အဟောင်းတွေကိုလည်း အဆင့်မြှင့်တင်မှာဖြစ်ပါတယ်။ စက်မှုဇုန်အဟောင်းတွေကို အဆင့်မြှင့်တင်ဖို့ဆိုရင် လက်ရှိဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းတွေ၊ တံတားတွေ စတဲ့အခြေခံအဆောက်အအုံတွေကို စီမံခန့်ခွဲတာရှိတယ်။ အဲဒါတွေကို ပြီးခဲ့တဲ့တစ်လကျော်လောက်ကမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဌာနကနေ ရန်ကုန်တိုင်းဒေသကြီးရဲ့ လုပ်ပိုင်ခွင့်အဖြစ်လွှဲအပ်ဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု ဝန်ကြီးနော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ လုပ်ပိုင်ခွင့်ရမှသာလျှင် စက်မှုဇုန် ၂၉ ဇုန်လုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အဆင့်မြှင့်တင်ခွင့်ရရှိမည်ဖြစ်ပြီး ဇုန်အသစ်များဖော်ထုတ်သကဲ့သို့ ဇုန်အဟောင်းကိုလည်း ပြင်ဆင်ရန်အတွက် မြေရာကိစ္စ၊ စက်မှုဇုန်အတွင်းရှိလမ်းများ ပြင်ဆင်ခွင့်ရရှိရေးကိစ္စတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်ရရှိစေရန် လွှဲပြောင်းမည့်လုပ်ငန်းစဉ်များ လုပ်ဆောင်နေကြောင်းလည်း သိရသည်။

"တိုင်းဒေသကြီးအစိုးရအောက်ရောက်လာရင် မူရင်းရှိပြီးသား စက်မှုဇုန်တွေကိုမြှင့်တင်မယ်။ စက်မှုဇုန်အသစ်တွေအနေနဲ့ကတော့ **စည်ပင်သာယာပြင်ပမှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်မှာ ဧက ၁၀၀၀ ရှိတဲ့ စက်မှုဇုန်အသစ်တွေဖော်ဆောင်မယ်။** ဒါဆို စက်မှုဇုန်အသစ် ၁၁ ဇုန် ထပ်ပေါ်လာမယ်။ **အဲဒီ ၁၁ ဇုန်ထဲမှာမှ ရင်းနှီးမြှုပ်နှံသူတွေစိတ်ဝင်စားတဲ့ ဇုန်နှစ်ခုရှိပါတယ်။ အဲဒါက ထန်းတပင်စက်မှုဇုန်နဲ့ လှည်းကူးစက်မှုဇုန်ဖြစ်ပါတယ်။** အဲဒီစက်မှုဇုန်နှစ်ခု အကောင်အထည်ဖော်မယ့်အကြောင်းကို တိုင်းဒေသကြီးလွှတ်တော်ကို ရှင်းပြထားပြီးဖြစ်သလို ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကိုလည်း တင်ပြဖို့စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီ **ထန်းတပင်နဲ့ လှည်းကူးစက်မှုဇုန်နှစ်ခုကို များမကြာမီ ခြောက်လအတွင်း အကောင်အထည်ဖော်နိုင်ဖို့အတွက်** တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိပါတယ်။ Invest Myanmar 2019 Project ထဲမှာပါမယ်" ဟု ဝန်ကြီးကဆိုသည်။

ယခုနှစ်အတွင်း ထန်းတပင်နှင့် လှည်းကူးစက်မှုဇုန်နှစ်ခုကို အဓိကဦးစားပေး အကောင်အထည်ဖော်မည်ဖြစ်ပြီး **ဇုန်တစ်ခုစီတိုင်းကိုအကောင်အထည်ဖော်ရန် ၉ နှစ်ကြာမြင့်မည်ဖြစ်ကြောင်း၊** Project ပေါင်း ၇၉ ခုထဲတွင် မိမိအနေဖြင့် Project ၁၁ ဇုန်ကို ကိုင်တွယ်ရမည်ဖြစ်၍ ဒေသခံများသဘောတူညီမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးနော်ပန်းသဉ္ဇာမျိုးက ပြောကြားထားသည်။

"ထန်းတပင် Phase ကို နှစ်ပိုင်းပိုင်းထားပြီး လှည်းကူးဆိုရင်တော့ Phase ကို သုံးခုလောက် ခွဲထားပါတယ်။ တစ်ပိုင်းချင်းစီ အကောင်အထည်ဖော်တဲ့စပ်ကြားမှာ ဥပမာ ဧက ၁၅၀၀ အကောင်အထည်ဖော်မယ့်ဇုန်တစ်ခုဆိုရင် ဧက ၁၅၀၀ လုံး တစ်ပြိုင်တည်း တည်ဆောက်လို့မရဘူး။ ဧက ၅၀၀ ကိုပဲ စတင်တည်ဆောက်မယ်ဆိုရင် အဲဒီ ဧက ၅၀၀ မှာရှိတဲ့ ဒေသပြည်သူလူထု အကျိုးစီးပွားအတွက် သူတို့ရဲ့ မြေပေါ်မှာ ရင်းနှီးမြှုပ်နှံမယ့် ရင်းနှီးမြှုပ်နှံသူကို ကျွန်မတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခေါ်လာပေးခြင်းပဲဖြစ်ပါတယ်" ဟု ယင်းကဆိုသည်။

အစိုးရအနေဖြင့် စီမံကိန်းများဖော်ဆောင်ရန်မှာ အဆိုပါဒေသဖွံ့ဖြိုးရန်အတွက် ဦးတည်ခြင်းဖြစ်ပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ နိုင်ငံ၏ထုတ်ကုန် (Export)တိုးမြှင့်စေရန်လည်းဖြစ်ကြောင်း၊ ယင်းကြောင့် ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ပြည်သူလူထုအားရှင်းပြမည်ဖြစ်ကြောင်း သိရသည်။

မေငယ်

## စစ်ကိုင်းမြို့တွင် ရိုးရာမပျက်ကျင်းပလာသော ဘဲဥထုပွဲကို ယခုလ ၁၈ ရက်တွင်ကျင်းပမည်



စစ်ကိုင်းမြို့၊ ဇမြဝတီရပ် **အစေခံခံတပ်အနီးရှိ ဇိနမာရ်အောင်လောကချမ်းသာကြေးဘုရားကြီး ပွဲတော်ရက်တွင် ရိုးရာအစဉ်အလာမပျက်ကျင်းပလာသော ဘဲဥထုပွဲကို ကျင်းပသွားမည် ဖြစ်ကြောင်း** မင်းကျောင်းဘုန်းကြီးကျောင်းမှ ဖေဖော်ဝါရီ ၁၁ ရက်တွင်သိရသည်။

အဆိုပါ ဇိနမာရ်အောင်လောကချမ်းသာကြေးဘုရားကြီး **ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်ကာ ပွဲတော်ကာလအတွင်း နှစ်ပေါင်း ရာကျော်ကြာမြင့်နေပြီဖြစ်သော ဘဲဥထုပွဲကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း**သိရသည်။ ဘဲဥထုပွဲသည် ရှေးမြန်မာ ဘုရင်လက်ထက်အစေခံခံတပ်ကင်းသမားများ၊ လှေတော်သားများ ညဘက်အပျော်ဆော့ကစားရင်း ဖြစ်လာသော ပွဲတော်တစ်ခုဖြစ်ပြီး **ကစားပွဲတွင် ဘဲဥထုမည့်သူနှစ်ဦးပါဝင်ကာ ဘဲဥထုရင်းအက်ရာဖြစ်သွားသူက ဘဲဥဖိုးရှင်းရကြောင်းနှင့်နိုင်သူက အက်သွားသည့် ဘဲဥကို ရရှိကြောင်း**သိရသည်။

"သုံးရက်တာကျင်းပတဲ့ ဘဲဥထုပွဲက မြန်မာနိုင်ငံ ဘယ်နေရာမှာ မှမရှိပါဘူး။ ဇိနမာရ်အောင်လောကချမ်းသာကြေးဘုရားကြီး ပွဲတော်မှာပဲရှိတာပါ။ မင်းတုန်းမင်း လက်ထက်မှာ တည်ဆောက်ခဲ့တဲ့ **အစေခံ ခံတပ် မှာ တာဝန်ကျတဲ့ တပ်သားတွေက သူတို့ ရိက္ခာအဖြစ်တဲ့ ဘဲဥတွေကို အပျော်တမ်း ဘဲဥထုကစားကြရာက ဒီပွဲတော်ဖြစ်လာတာလို့ သိရပါတယ်။ ပြုတ်ထားတဲ့ ဘဲဥတွေကို ထုကြတာပါ"** ဟု ဒေသခံတစ်ဦးကပြောသည်။ ဘဲဥထုပွဲတွင် ဘဲဥဒိုင်ပေါင်း များစွာရှိပြီး ညနေ ၆ နာရီမှ ၁၂ နာရီကျော်အထိ ကျင်းပလေ့ရှိကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

ဓာတ်ပုံ - Than Lwin

# သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

## ကိုယ်ဝန်တားဆေး၊ သောက်ဆေးတွေရဲ့ ဆိုးကျိုးက ဘာတွေရှိပါသလဲ

အမျိုးသမီးတစ်ယောက်အနေနဲ့ ကလေးမယူချင်သေးရင် အလွယ်ဆုံးနည်းလမ်းကတော့ ကိုယ်ဝန်တားသောက်ဆေးကို မှီဝဲလိုက်တာပဲဖြစ်ပါတယ်။ ဒီတားဆေးမှာ ဆိုးကျိုးတွေရှိပါတယ်။ ပို့တာ၊ အန်တာ၊ ခေါင်းကိုက်တာ၊ ဒေါသထွက်လွယ်တာ၊ သွေးတိုးတာ၊ သွေးတွင်းသကြားဓာတ်မြင့်တက်လာတာလိုမျိုး ပြဿနာတွေလည်းဖြစ်လာနိုင်ပြီး အဲဒီလိုဖြစ်လာရင်တော့ ဆရာဝန်နဲ့ပြသဖို့ လိုအပ်ပါပြီ။

**ဒေါက်တာခင်မိုးမိုး**

## အာဆင်းနစ်အဆိပ်သင့်တာကြောင့် အရေပြားပေါ်မှာ ပေါ်လာတဲ့လက္ခဏာတွေက ဘာတွေပါလဲ

နည်းနည်းနဲ့ နာတာရှည်အာဆင်းနစ်အဆိပ်သင့်သူတွေမှာ အရေပြားလက္ခဏာတွေပြတတ်ပါတယ်။ ခန္ဓာကိုယ်ထဲကို အာဆင်းနစ်တွေရောက်ပြီး နှစ်ပေါင်းများစွာကြာမှ တဖြည်းဖြည်းပေါ်လာတဲ့ အရေပြားပြဿနာတွေပါ။ တချို့ဆို နှစ်ပေါင်း ၂၀ ကျော်ကြာမှ လက္ခဏာတွေပေါ်လာတာပါ။ အဆုတ်၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော၊ သွေးစတဲ့ ကိုယ်တွင်းအင်္ဂါတွေကိုလည်း ထိခိုက်ပေမယ့် အရေပြားပြဿနာတွေကသာ အစောဆုံးပေါ်လာတာပါ။ ပြောရရင် အလွန်နောက်ကျပြီးမှ သိရတဲ့သဲလွန်စပေါ့။ ဒီလိုအလွန်အမင်းနောက်ကျပြီးမှ အဆိပ်သင့်ရောဂါကိုသိရတော့ ကုရတာလည်းခက်သွားပါတယ်။ ပြဿနာတွေကတော့ အရေပြားနဲ့အတူ လက်သည်း ခြေသည်းတွေမှာလည်း ဖြစ်တာပါပဲ။

**ဒေါက်တာ ဦးကျော်ကျော်**
**အရေပြားအထူးကု ဆရာဝန်ကြီး**

## အဆီကျိတ်ကို မဖယ်ရှားခဲ့ရင် နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ ဘာတွေဖြစ်နိုင်ပါသလဲ

အဆီကျိတ်ကိုမဖယ်ရှားရင် နောက်ဆက်တွဲဖြစ်လာနိုင်တာတွေက အကြိတ်ကကြီးလာရင် အလှပျက်တာ၊ နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ အနှောင့်အယှက်ဖြစ်တာ၊ ခိုက်မိရင်နာတာ၊ သွေးထွက်တာ၊ ဆီးချိုသွေးချိုရှိသူတွေမှာ ပိုးဝင်ပြီးအနာမကျက်နိုင်တာတွေဖြစ်နိုင်ပါတယ်။ ၁၀-၁၅ နှစ်လောက်ကြာအောင် မခွဲမစိတ်ဘဲ ကင်ဆာဘက်ကိုပြောင်းသွားတာတွေဖြစ်နိုင်ပါတယ်။

**ပါမောက္ခ ဒေါက်တာစိန်လင်း**
**ခွဲစိတ်နှင့် ကင်ဆာပါရဂူ**

## ဆားကို ဘာကြောင့်လျှော့စားသင့်ပါသလဲ

ဆားက ခန္ဓာကိုယ်မှ ကယ်လစီယမ်ကို ဆုံးရှုံးစေပါတယ်။ ဆားပါဝင်မှုများတဲ့အစာတွေ စားသုံးမှုများပါက ဆီးထဲကနေ ကယ်လ်စီယမ်စွန့်ထုတ်မှုကို များစေပါတယ်။ ဆားစားသုံးမှုကိုလျှော့ချလိုက်ပါက ခန္ဓာကိုယ်တွင်းမှ ကယ်လ်စီယမ်တွေ ဆုံးရှုံးမှုနည်းသွားတာကြောင့် အရိုးတွေကိုသန်မာစေပါတယ်။

**ဇာခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)**




# ပုပ္ပားကျေးရွာကို ပုပ္ပားအနုပညာကျေးရွာအဖြစ် တည်ထောင်လျက်ရှိ

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ **ပုပ္ပားကျေးရွာကို ပုပ္ပားအနုပညာကျေးရွာအဖြစ် တည်ထောင်နေကြောင်း** ၎င်းကျေးရွာတည်ထောင်သူ ပန်းဆိုးတန်းပန်းချီခန်းမ ပိုင်ရှင် ဦးအောင်စိုးမင်းက ဖေဖော်ဝါရီလ ၈ ရက်တွင် ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါပုပ္ပားအနုပညာကျေးရွာတည်ထောင်ခြင်းဖြင့် ပြည်တွင်းအနုပညာရှင်များအပြင် နိုင်ငံတကာအနုပညာရှင်တွေအားလုံး တွေ့ဆုံနိုင်မည့်နေရာအပြင် ဝပ်ရှော့လုပ်လို့ရနိုင်သလို အနုပညာမျိုးစုံလုပ်ဆောင်နိုင်အောင် သဘာဝအတိုင်း အနုပညာကိုအခြေခံသည့်ယဉ်ကျေးမှု ဓလေ့နေရာတစ်ခုဖြစ်စေရန် ရည်ရွယ်တည်ထောင်ခြင်းဖြစ်ကြောင်း ယင်းကပြောသည်။

"ပုပ္ပားအနုပညာကျေးရွာဆိုတဲ့ပုံစံလေးကရဲ့ အဓိကရည်ရွယ်ချက်ကတော့ အနုပညာဖန်တီးတဲ့နေရာတစ်ခုဖြစ်လာအောင် အနုပညာဆိုတဲ့အတွက်မျိုးစုံပါတာ ပေါ့။ ဂီတ၊ အကလည်းပါချင်ပါမယ်။ ပန်းချီနဲ့ပန်းပုလည်းပါမယ်ပေါ့။ အနုပညာနဲ့ပတ်သက်သူတွေအတွက် အနုပညာဖန်တီးတဲ့နေရာတစ်ခုဖြစ်လာအောင် ရည်ရွယ်ချက်တွေနဲ့လုပ်တာပါ။ ခု **အဲဒီဒေသဝန်းကျင်လေးမှာ ရွာခုနစ်ရွာလောက်ရှိတယ်ပေါ့၊** ကျွန်တော်တို့ခုလက်ရှိရှိနေတဲ့နေရာပေါ့။ **ဒီပုပ္ပားဆိုတာ သဘာဝပတ်ဝန်းကျင်အရ ထိန်းသိမ်းထားတဲ့နေရာလည်းဖြစ်တယ်၊** ပုပ္ပားပတ်ဝန်းကျင်က နတ်ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုဓလေ့တွေရှိတော့ လေ့လာစရာနေရာတစ်ခုလည်းဖြစ်တယ်ပေါ့။ အများစုက ယုံကြည်မှုဆိုင်ရာနေရာတစ်ခုအနေနဲ့ဖြစ်နေတယ်။ ကျွန်တော်ဖြစ်စေချင်တာ ဒီနေရာသည်အနုပညာယဉ်ကျေးမှု ဓလေ့ထုံတမ်းတစ်ခုကို အခြေခံတဲ့နေရာဖြစ်တဲ့အတွက်အားလုံးကိုစုပေါင်းတဲ့ အနုပညာပုံစံတစ်ခုဖြစ်ချင်တာပါ။ အဲဒါကြောင့်မို့လို့ ပုပ္ပားအနုပညာကျေးရွာလို့ခေါင်းစဉ်တပ်လိုက်တာပါ။ အနုပညာလို့ပြောတဲ့အတွက် အနုပညာပေါင်းစုံ ပါဝင်ဖို့လိုပါတယ်"ဟု၎င်းကဆိုသည်။

ပုပ္ပားအနုပညာကျေးရွာကို လွန်ခဲ့သည့်လေးနှစ်လောက်က စခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၅၀ ရာခိုင်နှုန်းထိပြီးစီးနေပြီး **အလွန်ကြီးမားသည့်သနပ်ခါးကျောက်ပျဉ်ကြီးကို စတိတ်စင်အဖြစ်သုံးကာ ပြဇာတ်၊ အငြိမ့်ကရန် လုပ်ဆောင်ထားကြောင်း**လည်းသိရသည်။

"အနုပညာကျေးရွာဖြစ်တဲ့အတွက် အနုပညာရှင်တွေဖိတ်ပြီး ဘုရားကျောင်းကန် စေတီပုထိုးယုံကြည်မှုဓလေ့လောက်ကိုပဲ လေ့လာတာမဟုတ်ဘဲ အနုပညာအတွင်းသားဖြစ်တဲ့ ဖွဲ့စည်းမှုအနုပညာကို လေ့လာလို့ရအောင် အဓိကရည်ရွယ်တာပါ"ဟု ဦးအောင်စိုးမင်းကဆိုသည်။

ပုပ္ပားအနုပညာကျေးရွာတည်ထောင်ခြင်းကြောင့် မြန်မာနိုင်ငံကို နိုင်ငံတကာပန်းချီပညာရှင်များလာရောက်ကြပြီး ပြည်တွင်းပန်းချီဆရာများနှင့်ပူးပေါင်း၍ အမြင်ချင်းဖလှယ်နိုင်သည့်အပြင် မြန်မာနိုင်ငံရှိ ပန်းချီဝါသနာရှင်များအတွက် အတွေ့အကြုံကောင်းများရရှိနိုင်ကြောင်း သိရသည်။

"ပုပ္ပားအနုပညာကျေးရွာတည်ထောင်တဲ့ ဦးအောင်စိုးမင်းရဲ့ခြံအေးပတ်ဝန်းကျင်မှာ **သဘာဝရေကန်တွေရှိတယ်၊ အနောက်ဘက်မှာဆိုရင် တောတောင်တွေအပြင် ပုပ္ပါးတောင်ကလပ်ကိုမြင်ရပြီး နိုင်ငံတကာပန်းချီပညာရှင်တွေအတွက် အေးအေးဆေးဆေး ပန်းချီရေးဆွဲလို့ရတယ်၊ ပြည်သူတွေရဲ့ဘဝကို လေ့လာလို့ရနိုင်တယ်**"ဟု ပန်းချီပညာရှင်ဦးမင်းဝေအောင်ကပြောသည်။

**ကိုထွန်း**

# ၂၀၁၉ အတွက် ပထမဆုံး ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် ထုတ်ပြန် မြန်မာဘောလုံးအသင်း အဆင့်တစ်ဆင့်မြင့်တက်

| | | | | | |
|---|---|---|---|---|---|
| 115 | Thailand | 1169 | 1160 | | |
| 120 | Tajikistan | 1155 | 1158 | 0 | ⇕ |
| 121 | Korea DPR | 1152 | 1196 | -12 | ▼ |
| 123 | Philippines | 1135 | 1171 | -7 | ▼ |
| 124 | Chinese Taipei | 1134 | 1134 | 0 | ⇕ |
| 136 | Turkmenistan | 1089 | 1120 | -9 | ▼ |
| 138 | Myanmar | 1085 | 1085 | 1 | ▲ |

Photo - FIFA

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည် ၂၀၁၉ ခုနှစ်အတွက် ပထမဆုံးအမျိုးသားဘောလုံးအသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဖေဖော်ဝါရီ ၇ ရက်ကထုတ်ပြန်လိုက်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် အဆင့်တစ်ဆင့်မြင့်တက်လာကြောင်း ဖီဖာ၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် **ကမ္ဘာ့အဆင့် ၁၃၈ တွင်ရှိနေခဲ့ပြီး** အဆင့်တစ်ဆင့်မြင့်တက်လာကာ **အာဆီယံနိုင်ငံများထဲတွင် အဆင့် ၄ နေရာ၌သာ ဆက်လက်ရပ်တည်နေခဲ့ပြီး** ၂၀၁၈ ခုနှစ်အတွင်း အမြင့်ဆုံးရပ်တည်မှုအဖြစ် ဧပြီနှင့်မေလတွင် အဆင့် ၁၃၅ တွင် ရပ်တည်နိုင်ခဲ့သည်။

အရှေ့တောင် အာရှနိုင်ငံများအလိုက်အဆင့်ရပ်တည်မှုတွင် **ဗီယက်နမ်နိုင်ငံက ကမ္ဘာ့အဆင့် ၉၉ တွင်ဦးဆောင်နေပြီး ထိုင်းနိုင်ငံက ကမ္ဘာ့အဆင့် ၁၁၅၊ ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့အဆင့် ၁၂၃၊** မြန်မာနိုင်ငံက ကမ္ဘာ့အဆင့် ၁၃၈၊ အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့အဆင့် ၁၅၉၊ စင်ကာပူနိုင်ငံက ကမ္ဘာ့အဆင့် ၁၆၅၊ မလေးရှားနိုင်ငံက ကမ္ဘာ့အဆင့် ၁၆၇၊ ကမ္ဘောဒီးယားနိုင်ငံက ကမ္ဘာ့အဆင့် ၁၇၂၊ လာအိုနိုင်ငံက ကမ္ဘာ့အဆင့် ၁၈၄၊ ဘရူနိုင်းနိုင်ငံက ကမ္ဘာ့အဆင့် ၁၉၅ နှင့် တီမောနိုင်ငံက ကမ္ဘာ့အဆင့် ၁၉၆ တို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

**ကောင်းမြတ်ရာ**

# အိန္ဒိယနည်းပညာဖြင့် စပါးပင်တစ်ပင်လုံးကို အသုံးချနိုင်မည့်နည်းလမ်းများကို သုတေသနလုပ်ပြီး သင်တန်းပေးနေ

အိန္ဒိယ - မြန်မာချစ်ကြည်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် **အိန္ဒိယနိုင်ငံ ဆာမိနက်သံဖောင်ဒေးရှင်းအထောက်အပံ့နည်းပညာဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR-ရေဆင်း) တွင် တည်ဆောက်ထားသည့်** စပါးဇီဝဥယျာဉ်သုတေသနဌာန၌ တန်းဖိုးမြင့်ထုတ်ကုန်အဖြစ် စပါးတစ်ပင်လုံးအသုံးချနည်းသုတေသနပြုလုပ်နေကြောင်း ဖေဖော်ဝါရီလ ၉ ရက်တွင် သတင်းရရှိသည်။

တောင်သူများအနေဖြင့် စပါးပင်ကဆန်လောက်သာရရှိသည့်အတွက် စပါးတစ်ပင်လုံး အသုံးဝင်တန်ဖိုးရှိပြီး အကျိုးရှိစွာသုံးချနိုင်ရန်အတွက် သင်တန်းနှင့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အဆိုပါဌာနက ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။

"**အများစုကတော့ တောင်သူတွေက စပါးရိတ်ပြီးလို့ရှိရင် ရိုးပြတ်တွေကိုမီးရှို့ကြတယ်၊ ရိုးပြတ်တွေကိုရိတ်ပြီး မီးမရှို့ဘဲနဲ့ နွားစား၊ စက္ကူအိတ်၊ ရုံးသုံးစက္ကူဖိုင်၊ ဖိတ်စာကတ်တွေလုပ်တဲ့အသုံးပြုတဲ့နည်းအပြင် စပါးကနေ ဆန်ကွဲ၊ ဖွဲကြမ်း၊ ဖွဲနုစပါးခွံ၊ စပါးခွံကနေ ပြာအထိအသုံးဝင်အောင်ပေါ့၊ စပါးခွံကလည်း အော်ဂဲနစ်မြေဆွေး(တီကျစ်စာ)ထုတ်လုပ်ရောင်းလို့ရတယ်၊ စပါးခွံပြာကိုလည်း ရေသန့် လုပ်လို့ရတယ်၊ အအေးခန်းလုပ်လို့ရတယ်၊ ရေခဲသေတ္တာအဖြစ် အအေးရအောင် မီးမရှိတဲ့နေရာမှာ သဘာဝအအေးခန်းလုပ်တဲ့နည်းပညာတွေ လက်တွေ့သုတေသနပြုသင်ပြပေးတယ်၊** နည်းပညာစနစ်တွေကို သုတေသနဆောင်ရွက်နေတာပါ။ **ဆန်ကွဲကိုလည်း အာဟာရဖြစ်တဲ့** မုန့်လုပ်နည်းမျိုးစုံရယ် ဖွဲနုကဆီရတာရယ် **ဒါတွေဟာ** တောင်သူတွေအနေနဲ့ အလွယ်တကူလုပ်လို့ရတယ်။ **စပါးတစ်ပင်လုံးအသုံးချနည်း** သုတေသနအသုံးချပြီး တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်နိုင်အောင် အိန္ဒိယနည်းပညာ အကူအညီအထောက်အပံ့ သင်တန်းတွေပေးပြီး လုပ်ဆောင်ပေးနေတာပါ"ဟု ၎င်းကဆိုသည်။

စပါးတစ်ပင်လုံးအသုံးချနည်းနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန်အတွက် အကူအညီပေးမည်ဖြစ်ကြောင်းကို ဌာနသို့လာရောက်စဉ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ပြောကြားသွားခဲ့ကြောင်း ၎င်းကဆိုသည်။

**ကိုထွန်း**



# ပြင်သစ်နိုင်ငံမှ လည်စရာနေရာများ

PHOTO ALBUM
မှတ်တမ်းဓာတ်ပုံ မြင်ကွင်းစုံ

ဒေါက်တာ နုမြတ်သီဂီဦး


အချစ်မြို့တော် ပဲရစ်မြို့တစ်နေရာ


ပဲရစ်မြို့ရှိ Louvre ပြတိုက်


တောင်ဘက်ကမ်းရိုးတန်းရှိ မြို့များ


Nice မြို့လယ်ရှိ ရင်ပြင်ကြီးတွင် စာရေးသူအမှတ်တရ


ဂျာမနီနယ်စပ် Alsace ဒေသရှိ Strasbourg မြို့


French Riveria ရှိ Eze ကျေးရွာတွင်

ဥရောပနိုင်ငံတွေသွားမယ်ဆိုရင် ပြင်သစ်နိုင်ငံကို ထိပ်ဆုံးကသွားလေ့ရှိကြသလို ပြင်သစ်သွားမယ်ဆိုရင်လည်း ပဲရစ်မြို့ကိုပဲ အရင်ဆုံးသတိရကြပါတယ်။ တကယ်က ပြင်သစ်မှာပဲရစ်မြို့အပြင် အခြားလည်ပတ်စရာနေရာတွေ၊ ဒေသတွေအများကြီးရှိလို့နေပါတယ်။ Normandy က ကမ်းခြေတွေမှာ အေးဆေးအနားယူမလား၊ ဂျာမနီနယ်စပ် Alsace ဒေသမှာဂျာမန်ရိုးရာဓလေ့နဲ့ အဆောက်အအုံတွေလေ့လာမလား၊ အလည်ပိုင်းမှာရှိတဲ့ Loire Valley မှာရဲတိုက်တွေ၊ စပျစ်ခြံတွေဆီအလည်သွားမလား၊ အားလုံးရပါတယ်။

ပြင်သစ်နိုင်ငံ မြို့တော်ပဲရစ်ကို စိတ်ကူးယဉ်မြို့တော်၊ အချစ်မြို့တော်၊ အနုပညာမြို့တော်လို့လည်းခေါ်လေ့ရှိပါတယ်။ လူတွေအမြဲကြိတ်ကြိတ်တိုးစည်ကားနေတဲ့ အီဖယ်လ်မျှော်စင်ကြီးနောက်ခံပြီး ဓာတ်ပုံတွေရိုက်ရင်း၊ နာမည်ကျော်ရှောင်ဇီလေဇီလမ်းမကြီးပေါ် ကမ္ဘာကျော်ဖက်ရှင်ပစ္စည်းတွေ ဈေးဝယ်ထွက်ရင်း၊ လမ်းဘေးပြင်သစ်ကော်ဖီဆိုင်လေးတွေမှာထိုင်ပြီး ဖြတ်သွားဖြတ်လာတွေကို ငေးမောရင်း ပဲရစ်နေ့ရက်တွေကုန်ဆုံးရတာရင်ခုန်စရာပါ။ အလှဆုံးအပြုံးပိုင်ရှင် မိုနာလီဇာပန်းချီကားကြီးရှိရာ Louvre ပြတိုက်ကြီးကလည်း မရောက်မဖြစ်သွားရောက်လည်ပတ်သင့်တဲ့နေရာပေါ့။

တောင်ပိုင်းမှာရှိတဲ့ French Riveria လို့ခေါ်တဲ့ ကမ်းရိုးတန်းတစ်လျှောက်ကလည်း ပြင်သစ်လူမျိုးတွေ အနားယူအပန်းဖြေရာဒေသဖြစ်သလို Tourist တွေအကြိုက်လည်းပဲဖြစ်ပါတယ်။ အဲ့နားကခရမ်းရောင်လွှမ်းခြုံထားတဲ့ လာဗန်ဒါပန်းခင်းတွေမှာဓာတ်ပုံရိုက်ရင် သိပ်လှပါတယ်။ ကမ်းရိုးတန်းတစ်လျှောက်အရမ်းလှတဲ့ ကမ်းခြေမြို့လေးနိ(စ်) (Nice)ရယ်၊ ရုပ်ရှင်ပွဲတော်တွေ ကျင်းပနေကြကန်း(စ်)မြို့ရယ်၊ အနီးအနားကတောင်ပေါ်ပြင်သစ်ရွာလေးတွေရယ်နဲ့ စည်ကားလို့နေပါတယ်။ ကမ္ဘာ့ဒုတိယအသေးဆုံးနိုင်ငံမိုနာကို (Monaco) ကလည်း Nice ကနေ ကားနဲ့ ၁၅ မိနစ်လောက်ပဲမောင်းရတာဆိုတော့ တစ်ခါထဲ ဝင်လည်လို့ရပါသေးတယ်။

ပြင်သစ် - အီတလီနယ်စပ်မှာရှိတဲ့ အယ်ပိုင်းတောင်တန်းတွေထဲက Mont Blanc တောင်ကလည်း ဥရောပရဲ့အမြင့်ဆုံးတောင်ဖြစ်ပြီး နှင်းလျှောစီးသမားတွေကြားကျော်ကြားလှပါတယ်။ အနောက်တောင်ပိုင်းမှာရှိတဲ့ Dordogne နယ်မှာ တောင်ထိပ်ကနာမည်ကျော် Chateau de Baynac ရဲတိုက်ကြီးအပြင် တောတောင်သဘာဝရှုခင်းတွေ သာယာလှပါတယ်။ ဥရောပရဲ့ ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်ပြီး ပြင်သစ်နိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ Marseille ကတော့ အရှေ့တောင်ပိုင်း ကမ်းရိုးတန်းရဲ့ အဓိကဆိပ်ကမ်းမြို့လေးဖြစ်ပြီး တက္ကသိုလ်ကျောင်းတွေ၊ စက်မှုဇုံ တွေနဲ့စည်ကားနေပါတယ်။

ပြင်သစ်ကရေမွှေးနဲ့ ကမ္ဘာကျော်ဖက်ရှင်အမှတ်တံဆိပ်တွေအပြင် အစားအသောက်မှာလည်းနာမည်ကြီးပါပဲ။ ပြင်သစ်လူမျိုးတွေက အစားအသောက်ကောင်းတွေကြိုက်တတ်ကြပြီး Mitchelin Star ရထားတဲ့အဆင့်အတန်းမြင့်စားသောက်ဆိုင်တွေက ပြင်သစ်နိုင်ငံမှာအများဆုံးရှိလို့နေပါတယ်။ စပျစ်ခြံတွေများစွာရှိတဲ့ ပြင်သစ်မှာ ပြင်သစ်ဝိုင်ကလည်းနာမည်ကြီးသလို တခြားအထက်တန်းလွှာယမကာမျိုးစုံလည်းရှိလို့နေပါတယ်။ ဝိုင်ခြံတွေ လေ့လာချင်ရင်တော့ Bordeaux နယ်ကိုသာ သွားလိုက်ပါ။ သမိုင်းဝင်အဆောက်အအုံတွေ၊ ရုပ်တုတွေအများကြီးရှိတဲ့ဆိပ်ကမ်းမြို့လေး Bordeaux မှာ ကမ္ဘာ့အဆင့်မီအနုပညာလက် ရာတွေကိုပါခံစားနိုင်မှာပါ။

ဒီလိုလည်ပတ်စရာနေရာတွေ များတာကြောင့်လည်း ပြင်သစ်နိုင်ငံဟာဆယ်စုနှစ်ပေါင်းများစွာတိုင် ကမ္ဘာပေါ်မှာကမ္ဘာလှည့်ခရီးသည်အများဆုံး လာရောက်တဲ့နိုင်ငံအဖြစ်ဗိုလ်စွဲလို့နေပါတယ်။ တစ်နှစ်ကို ခရီးသည်ဦးရေ ၈၂ သန်းကျော်လောက်ကို လာလည်ကြတာပါ။ ပြင်သစ်နိုင်ငံ၊ ပြင်သစ်လူမျိုးတို့ရဲ့ရိုးရာဓလေ့ထုံးစံတွေ၊ ဗိသုကာလက်ရာတွေ၊ အရသာရှိလှတဲ့အစားအသောက်တွေ၊ ကဗျာဆန်တဲ့ပတ်ဝန်းကျင်အငွေ့အသက်တွေကြောင့် ပြင်သစ်မှာခရီးသည်တွေအမြဲမပြတ်စည်ကားလို့နေတာပဲ ဖြစ်ပါလိမ့်မယ်။

**ဒေါက်တာနုမြတ်သီဂီဦး**


ပြင်သစ်နိုင်ငံရှိ နာမည်ကျော်
Mont Saint Michel ဘုရားကျောင်း


Luberon ရှိ လာဗန်ဒါပန်းခင်း


Bordeaux မြို့တစ်နေရာ


Loire Valley ရှိ ရဲတိုက်ကြီး


ဥရောပတိုက်၏ အမြင့်ဆုံးတောင် Mont Blanc


Dordogne နယ်ရှိ ရဲတိုက်ကြီး


ပြင်သစ်နိုင်ငံရှိ ဒုတိယအကြီးဆုံး Marseille မြို့

# သိက္ခာရှိသော ဘဝတစ်ခု



ဒေါက်တာခင်မောင်ညို

လူငယ်တစ်ယောက်ကို လူကောင်းဖြစ်အောင်ပြုစုပျိုးထောင်ဖို့ဆိုတာကို စဉ်းစားကြရအောင်ပါ။ သိက္ခာရှိစွာနေရတာ ခက်လားပေါ့လေ။ ဆိုလိုတာက အများလေးစားတဲ့လူကောင်းတစ်ယောက်ဖြစ်အောင် ဘာတွေလုပ်ရမလဲဆိုတာကို ဆွေးနွေးချင်တယ်။

**သူတော်ကောင်းတရား (၇)ပါး**

ကျွန်တော်တို့ငယ်ငယ်ကတော့ သူတော်ကောင်းဆိုတာ လက်လှမ်းမမီသော အရာလို့ ယူဆခဲ့သည်။ အချင်းချင်းကြွားဝါတဲ့အခါ **ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော်လို့သာပြောကြပါတယ်၊ သူတော်ကောင်းဖြစ်ဖို့ဆိုတာ လက်လှမ်းမမီဘူးလို့ယူဆတဲ့အတွက် တစ်ခါမှလည်း သူတော်ကောင်းလုပ်မယ်လို့ စိတ်မကူးမိပါဘူး။ ဒါပေမဲ့** ကျွန်တော့်ဆရာတစ်ယောက်တော့ သူယုတ်မာဖြစ်ဖို့ခက်တဲ့အကြောင်း ပြောပြတယ်။ သူက မော်လမြိုင်မြို့သားပါ။ တက္ကသိုလ်က အင်တာ(တက္ကသိုလ်က ဒုတိယနှစ်)အောင်ထားသူပါ။ အင်္ဂလိပ်စာ တတ်တာပေါ့။

"သူတော်ကောင်းနဲ့ သူယုတ်မာ ဘယ်ဟာဖြစ်ဖို့လွယ်လဲ"

"သူယုတ်မာ"

"အေးကွ။ အရင်က ငါလည်းဒီလိုထင်ခဲ့တာပဲ။ ရုပ်ရှင်ထဲမှာ လူဆိုးတွေကို တွေ့ဖူးတယ်မဟုတ်လား"

"တွေ့ဖူးပါတယ်ဆရာ"

"ဆရာ လူဆိုးတစ်ယောက်အကြောင်း ရုပ်ရှင်ထဲမှာကြည့်ဖူးတယ်။ အယ်လကပုန် (Al Capone) ဆိုတဲ့ လူဆိုးကြီးပေါ့။ သူဟာ ရှီကာဂိုမြို့မှာမင်းမူနေတယ်။ လူငယ်တွေက သူ့ကိုသဘောကျတယ်။ သူ့နောက်ကိုလိုက်ပြီး တပည့်ခံချင်တဲ့လူငယ်တွေကို သူကလက်ခံတယ်။ ကျွေးမွေးထားတယ်။ ဒါပေမဲ့ အဲဒီလူငယ်တွေကို သူက ဓားပြတိုက်ရာမှာခေါ်သွားပြီး အမိန့်မနာခံတဲ့သူတွေကိုဖမ်းပြီး ကြိုးနဲ့တုပ်တယ်။ ပြီးတော့ သူ့ဆီကို တပည့်လာခံတဲ့ လူငယ်တွေကိုပစ်သတ်ခိုင်းတယ်။ တကယ်တော့ လူသတ်ရတာခက်တယ်လေ။ လူငယ်လေးတွေဟာ တုန်တုန်ယင်ယင်နဲ့ သေနတ်ခလုတ်မဆွဲနိုင်ကြဘူး။ ဒီအခါ အယ်လကပုန်က အဲဒီလူငယ်တွေကို ပစ်သတ်လိုက်တာပဲ"

"ကြောက်စရာကြီး"

"ဒါဆိုရင် သူယုတ်မာလုပ်ရတာ လွယ်လားခက်လား"

"ခက်ပါတယ်ဆရာ"

"အေး...ဘယ်အလုပ်မှမလွယ်ဘူး။ ဆရာက ဘုန်းတော်ကြီးကျောင်းမှာတရားသွားနာတော့ ဆရာတော်က သူတော်ကောင်းတရား(၇)ပါးကိုဟောလိုက်တယ်။ အဲဒီလိုဆရာတော်ဟောတဲ့တရား(၇)ပါးကိုလိုက်နာရင် သူတော်ကောင်းဖြစ်မယ်တဲ့။ အဲဒါလွယ်မလားခက်မလား"

"ခက်မှာပေါ့ဆရာ"

"အေးကွ။ လွယ်တော့မလွယ်ဘူး။ ဒါပေမဲ့ မခက်ဘူး။ **သူတော်ကောင်းနဲ့သူတော်စင်ကိုလည်းမမှားနဲ့ဦး၊ သူတော်စင်ဆိုတာ တရားဓမ္မကျင့်ကြံနေထိုင်သူကွဲ့၊ သူတော်ကောင်းဆိုတာ သာမန်လူပဲ၊ မင်းတို့သိထားဖို့ ဆရာမှတ်မိသလောက်ပြောပြမယ်၊ သူတော်ကောင်းတရား(၇)ပါးကို ပထမမှတ်ထားပေါ့၊ သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ သတိ၊ ဝီရိယ၊ ပညာတို့ပဲ၊** ပထမအချက်က သဒ္ဓာတရားရှိရမယ်တဲ့။ ဒါက ဘာမှမခက်ဘူး။ **ယုံကြည်မှုပဲ**။ ဘာသာတရားတွေအားလုံးဟာ သူ့ဘာသာ သူ့တရား သူ့ဘုရားကိုယုံကြည်ကြတာပဲ။ ဒါပေမဲ့ ဗုဒ္ဓဘာသာတရားထဲမှာ မှတ်သားစရာကောင်းတဲ့အချက်တစ်ချက်ရှိတယ်။ အဲဒါက ကံကံ၏အကျိုးကိုယုံကြည်ခြင်းပဲ။ ဒါကလည်းမခက်ဘူး။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတာကို ယုံကြည်ရမယ်တဲ့"

"ဒါပေမဲ့ မကောင်းတာလုပ်ပြီး ကောင်းတာဖြစ်သွားတဲ့သူတွေ အများကြီးရှိတယ်မဟုတ်လားဆရာ"

"အေး ရှိမှာပေါ့။ ဒါပေမဲ့ မကောင်းတာလုပ်ပြီး ကောင်းတာဖြစ်မယ်လို့ယုံကြည်တယ်ဆိုရင် လူတိုင်း မကောင်းတာလုပ်တော့မှာပေါ့"

"ဘာလို့လဲဆရာ"

"မင်း ဟိုပြတင်းပေါက်မှန်တွေ့လား၊ အဲဒီပြတင်းပေါက်မှန်ကိုလုပ်ဖို့ လွယ်လားခက်လား"

"ခက်ပါတယ်ဆရာ"

"အဲဒီပြတင်းပေါက်မှန်ကို မင်းခွဲချင်တယ်ဆိုရင် ဘယ်လိုခွဲမလဲ"

"ခဲနဲ့ပေါက်လိုက်ရုံပဲပေါ့"

"အေး အဲဒီလိုမကောင်းတဲ့အဖျက်လုပ်ငန်းတွေလုပ်ဖို့ရာ အင်မတန်လွယ်တယ်။ တကယ်လို့ လူတွေဟာ မကောင်းတာလုပ်ပြီး ကောင်းတာဖြစ်တယ်လို့ ယုံကြည်ကြရင် ဘယ်သူမှကောင်းတာလုပ်ကြတော့မှာမဟုတ်ဘူး။ မကောင်းတာပဲလုပ်တော့မှာပေါ့။ လူတိုင်းမကောင်းတာတွေလုပ်နေရင် ကမ္ဘာကြီးပျက်စီးသွားမှာပေါ့"

ဆရာပြောတာသဘာဝကျပါတယ်။ ကမ္ဘာကြီးကိုချစ်ရင် ကျွန်တော်တို့ဟာ မကောင်းတာတွေကိုတော့ မလုပ်ရပါဘူး။ ဆရာ့စကား ဆက်နားထောင်ရပါတယ်။

"ဒုတိယနဲ့တတိယကတော့ **အရှက်နဲ့အကြောက်**ပါပဲ။ မကောင်းတာကိုလုပ်ဖို့ရှက်တယ်။ မလုပ်ဘူး။ မကောင်းတာလုပ်ရမှာကို ကြောက်တယ်"

ဆရာ့စကားကို ကျွန်တော်ကြီးလာတော့ ဒီအရှက်နဲ့အကြောက်ကိုခွဲခြားပြီး နားလည်လာတယ်။ အင်္ဂလန်ရောက်စဉ်မှာ အမှိုက်ကို အမှိုက်ပုံးထဲမှလွဲ၍ ပစ်သူမရှိပါ။ ဘယ်သူကမှမပစ်ကြပါ။ မိမိပစ်ရင်ဘာဖြစ်လဲ။ ရှက်စရာပဲပေါ့။ **ဘယ်သူ့ကိုရှက်တာလဲ၊ ကိုယ့်ကိုလိပ်ပြာကိုယ်ရှက်တာပဲ၊** လူတွေမမြင်ကွယ်ရာမှာတောင် ပစ်ဖို့မဝံ့မရဲဖြစ်နေတယ်။ **မိမိရဲ့အသိ Conscious စိတ်ထဲမှာ မလုပ်သင့်ဘူးဆိုတာကို သိနေတယ်၊** နောက် ကြောက်တာမျိုးကိုစဉ်းစားမယ်။ **မဟုတ်တာလုပ်မိရင် ကြောက်စိတ်ဝင်နေတတ်တယ်၊** ဘယ်သူ့ကိုကြောက်လဲ။ စင်ကာပူလိုနိုင်ငံရောက်တော့ ရှက်တာထက် ကြောက်စိတ်ကပိုများတယ်။ ဘာကြောင့်လဲဆိုတော့ သူကဒဏ်ရိုက်မှာကိုး။ မိတ်ဆွေတစ်ဦးကပြောဖူးပါတယ်။

**"သားတို့သမီးတို့ကို ပြောချင်တယ်။ သူတော်ကောင်းဆိုတာ မိမိကိုယ်ကိုယ် ပြည့်ဝအောင်လုပ်ပြီး သူတစ်ပါး အကျိုးစီးပွားကို ဆောင်ရွက်သူပါ။ ဒီလိုဆောင်ရွက်တဲ့အခါ ဘယ်သူ့ကိုမှမထိခိုက်စေဖို့ အစစအရာရာ သတိထား ဆောင်ရွက်သူတွေဖြစ်တယ်။**

"မြန်မာပြည်မှာ မဆင်မခြင် ကွမ်းတံတွေးထွေးတဲ့လူတစ်ယောက်၊ စင်ကာပူကိုပို့လိုက်ပါ။ သူပြောင်းသွားမှာပါ။ သူရဲ့ကြောက်စိတ်က သူ့ကိုပြုပြင်သွားမယ်"တဲ့။ ဒါကလည်းအရေးပါတယ်။ Rule of Law လို့ဆိုတဲ့ဥပဒေက အရေးပါတာပေါ့။ ဒီတော့ ဟိရီဆိုတဲ့မကောင်းမှုကိုလုပ်ရမှာ ရှက်စိတ်၊ ဩတ္တပ္ပဆိုတဲ့ မကောင်းမှုကို လုပ်ရမှာကြောက်တဲ့စိတ် စတဲ့စိတ်တွေဟာ လောကကြီးကို အကျိုးပြုတဲ့စိတ်တွေပါပဲ။ ဒါကြောင့် သူတော်ကောင်းတရားလို့ခေါ်တာပေါ့။ နောက် ဗဟုသုတပါ။ **အကြားအမြင်များခြင်း**ဆိုတဲ့ ဗဟုသုတဟာ အရေးကြီးတယ်။ လူတွေကို အန္တရာယ်ရှိစေတဲ့အကြောင်းတွေကို သိလာမယ်။ ရှောင်သင့်တာတွေကို ရှောင်ရမှာပါပဲ။

အရင်ကျောက်ခေတ်ကလူတွေဟာ မီးကိုဘယ်လိုအသုံးချရမယ်ဆိုတဲ့ ဗဟုသုတပြည့်စုံတာကြောင့် ဂူတွေထဲကထွက်လာပြီး ကမ္ဘာကြီးကိုအောင်နိုင်တာပဲ။ ဒါပေမဲ့ ဗဟုသုတမပြည့်စုံတဲ့သူတွေကြောင့် အန္တရာယ်တွေကြုံရတာလည်းရှိတာပါပဲ။ ဒါတွေကိုလုပ်ရတာ ခက်မှမခက်တာပဲ။ **ပျင်းနေလို့မရဘူး၊** အဲဒါက ဝီရိယပေါ့။ ပျင်းလို့နေရင် လူတွေဖျင်းကုန်မယ်။ မိမိကအားထုတ်လို့အောင်မြင်ရင် အများအဆင်ပြေတယ်။ နောက်တစ်ခုက သတိပါပဲ။ အမြဲသတိရှိဖို့ဟာ အရေးပါတယ်။ **မေ့မေ့လျော့လျော့မနေဖို့လိုတယ်၊** နောက်ဆုံးတစ်ခုကတော့ ပညာပါပဲ။ အထက်ပါပြောထားတဲ့ သူတော်ကောင်းတရားခြောက်ပါးပြည့်စုံလာရင် ပညာလည်း အလိုအလျောက်ပြည့်စုံမှာဖြစ်တယ်။ **ပညာရှိမှ (အမြော်အမြင်ရှိပြီး)** သူတော်ကောင်းတရားကို ယုံကြည်လာမယ်တဲ့။

* * *

တကယ်တော့ **အဲဒီအချက်တွေအားလုံးဟာ လက်တွေ့မှာ အသုံးဝင်ပါတယ်၊** သို့သော် တကယ်တမ်းအသုံးဝင်တဲ့နမူနာကိုတင်ပြလိုတယ်။ ကျွန်တော်ပြောမယ့်သူက **ဆိုကရေးတီး(ဘီစီ ၄၆၉ - ၃၉၉)** ပါပဲ။ ဂရိပညာရှိပါ။ သူက နတ်ဘုရားတွေကိုမယုံကြည်ဘူး။ လူငယ်တွေကို မိမိကိုယ်ကိုယ်အားကိုးဖို့ညွှန်ပြသူပါ။ အမှန်တရားနဲ့နေထိုင်ဖို့ ဆုံးမတယ်။ လူတွေရဲ့သိက္ခာပိုင်းကို အလေးထားပြီး လူငယ်များကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ကြိုးစားခဲ့သူပါ။ သူ့မှာ သူတော်ကောင်းတရားတွေရှိတာ အသေအချာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုတရားရုံးကနေ လူငယ်တွေကို သင် ဒီလိုသင်ပေးနေသလားလို့မေးတယ်။ သူက ဟုတ်ပါတယ်လို့ပြောတယ်။ ဒါဟာ မှားယွင်းတဲ့အယူဝါဒဖြစ်လို့ သေဒဏ်ဆိုပြီး ရုံးတော်ကချမှတ်လိုက်တယ်။ တကယ်တော့ သေဒဏ်ကိုချမှတ်ဖို့ပြင်ဆင်တာနဲ့ တစ်လကျော်ကျော်ကြာသွားတယ်။ ထောင်ထဲမှာရှိနေစဉ် သူ့တပည့်များက သူ့ကိုကယ်ထုတ်ဖို့ကြိုးစားတယ်။ အစောင့်တွေကိုလာဘ်ပေးကာ သူ့ကို အလွယ်တကူခိုးထုတ်နိုင်ပါတယ်။ ဒါပေမဲ့ဒါဟာ သူလုပ်ခဲ့တာနဲ့တခြားစီပဲ။လူငယ်တွေကို သူရသတ္တိရှိဖို့ လူ့သိက္ခာအကြောင်းတွေကို သူသင်ပေးခဲ့တယ်။ သူခိုးကြောင်ခိုးဝှက်လုပ်ရင်တော့ သူပြောခဲ့တာတွေနဲ့ ပြောင်းပြန်ဖြစ်နေတော့မှာပေါ့။ သူဟာ လူငယ်တွေကို မလိမ်ရမကောက်ရဘူး။ မှန်တာတွေကိုပြောရမယ်။ လာဘ်ပေးလာဘ်ယူမလုပ်ရဘူး။ စတာတွေကို သင်ခဲ့တယ်။ ဒီတော့ သူက သူ့ကိုအကယ်မခံဘူး။ သူ့ကိုသေဒဏ်ပေးတဲ့နေ့မှာ အဆိပ်ခွက်ကိုတည်ငြိမ်စွာသောက်ပြီး သေပွဲဝင်ခဲ့တယ်။

* * *

ဒီနေ့ခေတ်မှာ တချို့ရှိတယ်။ **ကိုယ်ဘာပြောခဲ့လဲ၊ ကိုယ်လုပ်ခဲ့တာကို ကိုယ်သိတယ်၊ ကတိတွေပေးခဲ့တယ်၊ လူတွေသဘောကျလို့ ဒီအတွက်နေရာရသွားသူတွေ အများကြီးရှိတယ်၊ အားလုံးမျှော်လင့်နေကြပေမယ့် နေရာတစ်ခုရသွားပြီးတဲ့နောက် ကိုယ်ဘာတွေပြောထားဆိုထား ကတိပေးထားတယ်ဆိုတာကို မသိကျိုးကျွန်ပြုတယ်၊ ဒါမျိုးဟာ သူတော်ကောင်းတရားထဲမှာ ဘာနဲ့ငြိစွန်းလဲ၊** ကိုယ်ကျင့်သိက္ခာပေါ့လေ။ ကျွန်တော်တော့ ဟိရိဩတ္တပ္ပတရားနဲ့ ငြိစွန်းမယ်လို့ထင်တယ်။ တစ်ချိန်က သူဒါကိုမကောင်းဘူးဆိုပြီးပြောခဲ့တယ်။ ခုတော့ သူနေရာရလာပြီးနောက်မှာ မသိကျိုးကျွံပြုဆက်လုပ်နေရင် ဒါကို ကျင့်ဝတ်နဲ့မညီဘူးလို့ဆိုနိုင်ပါတယ်။ **ဆိုကရေးတီးလိုလူကျတော့ လူသာအသေခံမယ် သိက္ခာတော့အထိမခံဘူးဆိုတဲ့သဘောမျိုးကို ရွေးချယ်ခဲ့တယ်၊** ဆရာက ကျွန်တော်တို့ကိုဆုံးမတဲ့အထဲမှာ ဒီအကြောင်းတွေပါတယ်။

**မိမိပြောတဲ့စကားကို ဘာကြောင့်ပြင်သလဲဆိုတာကို တိတိကျကျပြောနိုင်ရင်တော့ အဆင်ပြေပါတယ်၊ ဥပမာ ဗိုလ်ချုပ်အောင်ဆန်းပေါ့၊** သူက မြန်မာပြည်လွတ်လပ်ရေးအတွက် ဂျပန်ကိုခေါ်ခဲ့တယ်။ ပြီးတော့ ဂျပန်က ရွှေရည်စိမ်လွတ်လပ်ရေးကိုပဲပေးခဲ့တယ်။ ပြည်သူတွေကို နှိပ်စက်တယ်။ ဒီတော့ သူဟာ ဂျပန်ကို ပြန်ပြီးတော်လှန်တယ်။ အင်္ဂလိပ်ကိုလည်း မေးတယ်။ စစ်ပြီးရင် မြန်မာပြည်ကိုလွတ်လပ်ရေးပေးမလားတဲ့။ လွတ်လပ်ရေးပေးဖို့ကတိပေးခဲ့ပါတယ်။ ဗိုလ်ချုပ်ကဘက်ပြောင်းပြီး ဂျပန်ကိုတော်လှန်တယ်။သူလုပ်နေတာအားလုံးဟာ မြန်မာပြည်သူတွေအတွက်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးအသီးအပွင့်ကိုမခံစားရရှာပါဘူး။ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ ပြောင်းလဲမှုတွေကိုပြုလုပ်သူကို သူတော်ကောင်းလို့ခေါ်နိုင်ပါတယ်။ အချို့ကတော့ မိမိကိုယ်ကျိုးအတွက် မိမိစကားကိုမတည်ဘဲ ပြောင်းလဲသွားတယ်။ ဒါဆိုရင် သူ့ကို သူတော်ကောင်းလို့ခေါ်ရမှာလား။

*နိဂုံး*

ဆရာဆက်ပြောပါတယ်။

"**သားတို့သမီးတို့ကို ပြောချင်တယ်၊ သူတော်ကောင်းဆိုတာ မိမိကိုယ်ကိုယ် ပြည့်ဝအောင်လုပ်ပြီး သူတစ်ပါးအကျိုးစီးပွားကိုဆောင်ရွက်သူပါ၊ ဒီလိုဆောင်ရွက်တဲ့အခါ ဘယ်သူ့ကိုမှမထိခိုက်စေဖို့ အစစအရာရာ သတိထားဆောင်ရွက်သူတွေဖြစ်တယ်၊** သူတော်ကောင်းတရား ၇ ပါးကိုသိရတာ မြန်မာဖြစ်လို့ဆိုတာမမေ့ပါနဲ့။ မြန်မာပြည်ကိုချစ်မြတ်နိုးပါ"တဲ့။

ဗိုလ်ချုပ်မွေးနေ့နဲ့တိုက်ဆိုင်ပြီး ဆရာပြောတဲ့သူတော်ကောင်းတရားကို ဝေငှလိုက်ပါတယ်။

♦ *ဒေါက်တာခင်မောင်ညို*

# အနုပညာ မြင်ကွင်းကျယ်

## Two Ladies Show နဲ့ ရတနာမိုင်



အဆိုတော်မိုင်ရဲ့ဂီတမျိုးဆက်ကို ဆက်လက်လက်ဆင့်ကမ်းကာ ဂီတလမ်းကြောင်းပေါ်မှာ ပရိသတ်အားပေးမှုတွေရရှိထားတဲ့ အဆိုတော်ရတနာမိုင်ကတော့ ပရိသတ်များမျှော်လင့်နေကြတဲ့ **မိခင်ဖြစ်သူမိုင်နဲ့အတူ Two Ladies Show ကို ယခုနှစ်အတွင်းမှာ အကောင်အထည်ဖော်နိုင်အောင်** ကြိုးစားနေကြောင်းဆိုပါတယ်။ ဒါ့အပြင် တစ်ကိုယ်တော် Mini Album အသစ်ထွက်ရှိဖို့ရှိကြောင်းလည်းပြောပါတယ်။ ယင်းတေးစီးရီးမှာတော့ သူ့အနေနဲ့ တစ်ခါမှမဆိုဖူးသေးတဲ့ Music ပုံစံမျိုးကိုဆိုသွားဖို့ရှိကြောင်း ဖွင့်ဟလာပါတယ်။ ယခင်က သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီး ဇာတ်ကားတွေရိုက်ကူးတာရှိပေမယ့် လက်ရှိမှာ ဂီတပိုင်းကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ဖြစ်နေကြောင်းလည်းဆိုပါတယ်။

## နန်းဆုရတီစိုးပြောတဲ့အချစ်ရေး



သရုပ်ဆောင်အဆိုတော် နန်းဆုရတီစိုးကတော့ လက်ရှိမှာ နယ် Show တွေသီဆိုဖြစ်နေသလို **ချစ်သူဖြစ်တဲ့ အဆိုတော် G Fatt နဲ့အတူ ကြော်ငြာများကိုလည်း အတူရိုက်ကူးဖြစ်နေကြောင်း**ဆိုပါတယ်။ သရုပ်ဆောင်ပိုင်းထက်ဂီတဘက်ကို လက်ရှိမှာ ဦးစားပေးဆောင်ရွက်နေသလို ချစ်သူဖြစ်တဲ့ G Fatt နဲ့အတူ ပရိသတ်များအတွက် သီချင်းတစ်ပုဒ်ဆောင်ရွက်နေကြောင်းလည်း အသိပေးပြောကြားလာပါတယ်။ **ချစ်သူသက်တမ်းနှစ်နှစ်ပြည့်တော့မယ့် သူတို့နှစ်ယောက်ရဲ့အချစ်ရေး**က စိတ်ချမ်းသာဖွယ်ရှိနေကြောင်း နှစ်ယောက်စလုံးက အနုပညာအလုပ်တွေဆောင်ရွက်နေကြတဲ့အတွက် တစ်ယောက်ရဲ့ကွက်လပ်ကိုတစ်ယောက်ဖြည့်ပေးရင်း အနုပညာအလုပ်တွေကို အကောင်းဆုံး ကြိုးစားဆောင်ရွက်ဖြစ်နေကြောင်းလည်းဆိုပါတယ်။

## ပိုင်ဖြိုးသုရဲ့အနုပညာ



အိမ်ထောင်ပြုလိုက်ပေမယ့် အနုပညာအလုပ်တွေကို ယခင်အတိုင်းကြိုးစားဆောင်ရွက်ဖြစ်နေတဲ့ အကယ်ဒမီပိုင်ဖြိုးသုက လက်ရှိမှာ ဒါရိုက်တာ**စရစ္စတီးနာခီရိုက်ကူးပြီး သရုပ်ဆောင်ဇာဂနီနဲ့အတူ Now & Ever ထာဝရနှောင်ကြိုး ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေကြောင်း**ဆိုပါတယ်။ ယင်းဇာတ်ကားကတော့ အိမ်ထောင်ရေးနဲ့အချစ်ကို ဦးတည်တဲ့ဇာတ်လမ်းဖြစ်ကြောင်းလည်းသိရပါတယ်။ **ခင်ပွန်းဖြစ်သူဒါရိုက်တာ ဇာကြီးရိုက်ကူးခဲ့တဲ့ "မီ" ရုပ်ရှင်ဇာတ်ကားရိုက်ကူးခဲ့၍ လက်ရှိမှာလည်း ဒုတိယမြောက်ဇာတ်ကားရိုက်ကူးဖို့အစီအစဉ်ရှိပြီး** ယခုနှစ်အကုန်ပိုင်းလောက်မှာ ရိုက်ကူးဖြစ်ဖို့များကြောင်းလည်းဆိုပါတယ်။




## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီကို ကိုယ်စားလှယ် ၄၅ ဦးဖြင့် ဖွဲ့စည်းရန်လျာထားဟုဆို

ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေးပူးပေါင်းကော်မတီကို **ကိုယ်စားလှယ် ၄၅ ဦးဖြင့် ဖွဲ့စည်းရန်လျာထားကြောင်း** ဖေဖော်ဝါရီလ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်တွင်ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြောကြားခဲ့သည်။

"မနည်းလွန်း မများလွန်းတဲ့ ကိုယ်စားလှယ်အရေအတွက် ၄၅ ဦးနဲ့ဖွဲ့စည်းဖို့လျာထားပါတယ်"ဟု ၎င်းကအစည်းအဝေးအစပိုင်းတွင် ပြောကြားခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ ၁၄ ခုမှ ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကော်မတီဖွဲ့ရန် ပါဝင်မှုအချိုးအစားနှင့်ပတ်သက်ပြီး **ညှိနှိုင်းမှုများပြုလုပ်ရာတွင် ပြေလည်မှုမရရှိသေးကြောင်း** သိရပြီး ဒုတိယအကြိမ်အစည်းအဝေးကို လာမည့်အပတ်အတွင်းသို့ ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

ပူးပေါင်းကော်မတီကို ဥက္ကဋ္ဌတစ်ဦး၊ ပြည်ထောင်စုလွှတ်တော်တွင် နေရာရရှိထားသည့် ကိုယ်စားလှယ်အချိုးအစားအရ **လက်ရှိ အာဏာရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၈ ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်နှစ်ဦး၊ ကျန်ရှိသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တစ်ဦးစီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးစီ စုစုပေါင်း ၄၅ ဦးနှင့် ဖွဲ့စည်းရန်လျာထားကြောင်း** ပြည်ထောင်စုလွှတ်တော်နာယက၏ ပြောကြားချက်အရ သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မဲခွဲအဆုံးအဖြတ်အဖြစ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

**မျိုးကျော်စိုး**

## မြန်မာအသံတိုက်ရိုက်ထုတ်လွှင့်မှု ၅ မိနစ်တာ ပြတ်တောက်ခဲ့ခြင်းမှာ Fiber Network နှင့်မဆိုင်ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အသိပေး




ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပနေမှု တိုက်ရိုက်ထုတ်လွှင့်နေစဉ် ပြတ်တောက်မှုဖြစ်ပွားခြင်းမှာ **Fiber Network လိုင်းနှင့်သက်ဆိုင်ခြင်းမရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က** ဖေဖော်ဝါရီလ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

MRTV လွှတ်တော်ရုပ်သံလိုင်းမှ လွှတ်တော်အစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီး **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးကြီးအဆိုတင်သွင်းခြင်းအပေါ် ဆွေးနွေးနေစဉ်** မွန်းလွဲ ၂ နာရီ မိနစ် ၂၀ မှ ၂၅ မိနစ်အထိ ၅ မိနစ်ခန့် လွှတ်တော်အစည်းအဝေးကျင်းပနေမှု ထုတ်လွှင့်ခြင်းပြတ်တောက်၍ တေးသီချင်းများကို ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်ကာ ယင်းသို့ထုတ်လွှင့်ခြင်းပြတ်တောက်မှုမှာ **Fiber Network** လိုင်းကျခြင်းကြောင့် ပြတ်တောက်ခဲ့မှုဖြစ်ကြောင်းကို မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် **MOI Webportal Myanmar** တို့၌ ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြထားမှုများရှိခဲ့သည်။

လွှတ်တော်နှင့် မြန်မာ့အသံအကြား ဆက်သွယ်ထားသော Fiber Network လိုင်းကျခြင်းအား MRTV (တပ်ကုန်း) မှ ဆက်သွယ်မှုတာဝန်ခံက ဇန်နဝါရီ ၂၈ ရက်တွင် နေပြည်တော်ရှိ တပ်မတော်ဆက်သွယ်ရေးလုပ်ငန်း တာဝန်ခံအရာရှိသို့ ဖုန်းဖြင့် အကြောင်းကြားလာခဲ့သဖြင့် **ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီမှစ၍ စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်ချိန်တွင်လည်း MRTV (တပ်ကုန်း)မှ တာဝန်ရှိသူနှင့် စစ်ဆေးရေးအဖွဲ့တို့ အပြန်အလှန် ဖုန်းအဆက်အသွယ်ရယူ၍ ဆောင်ရွက်ခဲ့ပြီး ၎င်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဆင်ပြီးစီးခဲ့ကြောင်း** တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ဆေးပြုပြင်မှုများ ပြုလုပ်နေစဉ်ကာလအတွင်း **Fiber Network လိုင်းအား အသုံးပြုနိုင်ခြင်းမရှိသဖြင့် MRTV မှ နံနက် ၁၀ နာရီနောက်ပိုင်း ထုတ်လွှင့်နေသော ထုတ်လွှင့်မှုအားလုံးသည် အခြားနည်းလမ်းဖြင့်သာ ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်းကိုတွေ့ရှိရကြောင်း** ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

**ထက်အောင်ဖြိုး**

## ထောက်ကြန့်လူကူးခုံးကျော်တံတားဆောက်လုပ်မည့်ငွေကို ရန်ကုန်-ပဲခူး-ဧရာဝတီ တိုင်းချင်းဆက်လမ်းမကြီးများအတွက် ပြောင်းလဲသုံးစွဲမည်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် **ထောက်ကြန့်လူကူးခုံးကျော်တံတားဆောက်လုပ်မည့် ကျပ်နှစ်ဘီလျံကို တိုင်းချင်းဆက်လမ်းမကြီးများအတွက် ပြောင်းလဲသုံးစွဲမည်ဖြစ်ကြောင်း** ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးက သိရသည်။

တိုင်းချင်းဆက်လမ်းမကြီးများဖြစ်သော ပဲခူးတိုင်းဒေသကြီး **ပဲခူးမြို့-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း**နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ **မအူပင်-တွံတေးလမ်းတို့ကို** ပြုပြင်ထိန်းသိမ်းခြင်းများအတွက် ခေါင်းစဉ်ပြောင်းလဲရန် အတည်ပြုထားခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီလ ၈ ရက်ကကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစည်းအဝေးက သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ နောက်ဆက်တွဲ-၂ တွင် ပါဝင်ထည့်သွင်းပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့၏ ဆွေးနွေးထားချက်များအပေါ် အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းခဲ့ပြီး လွှတ်တော်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် **ရန်ကုန်မြို့တော်ဘဏ္ဍာတွင် ထည့်ဝင်ရင်းနှီးရန် လျာထားသည့် ကျပ် ၆ ဒသမ ၈ ဘီလျံကို ရွှေပြည်သာနှင့်လှိုင်သာယာမြို့နယ်တို့ရှိလမ်းများကို ကွန်ကရစ်ခင်းခြင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးအတွင်းရှိ လူကူးတံတားပြုပြင်ခြင်းလုပ်ငန်းအတွက်** ခေါင်းစဉ်ပြောင်းလဲသုံးစွဲရန် တင်သွင်းခဲ့သောလုပ်ငန်းများကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။

**မေငယ်**

## ပြည်မြို့ရှိ ကမ်းနားလမ်းတစ်လျှောက်ပေ ၃၅၀၀ ကျော်တွင် ဇုန်သုံးခုခွဲကာ အဆင့်မြင့်အပန်းဖြေစီမံကိန်း လုပ်ဆောင်မည်



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ **ကမ်းနားလမ်းနှင့်ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိ ပေ ၃၅၀၀ ကျော်တွင် ဇုန်သုံးခုခွဲကာ အဆင့်မြင့်အပန်းဖြေစီမံကိန်းတစ်ခုကို** လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်မြို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျပြောကြားချက်အရ ဖေဖော်ဝါရီလ ၈ ရက်တွင်သိရသည်။

အဆိုပါ အပန်းဖြေ စီမံကိန်း**ကိုဆူညံမှုရှိနိုင်သော စီးပွားရေးဇုန်၊Semi-Quiet Zone ,Quiet Zone** စသဖြင့် **ဇုန် သုံးခုခွဲထားပြီး** လုပ်ငန်းရှင်များမှ BOT စနစ်ဖြင့်လုပ်ဆောင်ခြင်း၊ စည်ပင်သာယာရေးဘတ်ဂျက်ဖြင့်လုပ်ဆောင်ခြင်းနှင့် အ လှူရှင်များ၏ငွေကြေးဖြင့်လုပ်ဆောင်ခြင်း စသဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ``**မြစ်ကမ်းရဲ့အလှလည်း မပျက်အောင် သဘာဝ ထိန်းသိမ်းမှုလည်းပါအောင်** ဆောင်ရွက်မှာပါ။ စီမံကိန်းနဲ့ပတ်သက်လို့ တစ်ဦးတစ်ယောက်ရဲ့သဘောမဟုတ်ဘဲ အများအကြံပြုချက်တွေတောင်းခံထားပါတယ်။ ပြီးရင် တိုင်းဒေသကြီးအစိုးရကိုတင်ပြပြီး ဘယ်လိုပုံစံနဲ့ဆောင်ရွက်မယ်ဆိုတာကို အတည်ပြုမယ်`` ဟု ၎င်းကပြောသည်။ စီမံကိန်းတွင် **တင်းနစ်ကွင်း၊ ဘီလီယက်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်ရိုက်၊ ဘောလီဘော၊ ဘတ်စကက်ဘောကွင်း၊ ဖူဆယ်အားကစားကွင်း၊ ရေကူးကန်၊ ရေပေါ်ဈေး၊ ဆိပ်ခံတံတား၊ လှေဆိပ်၊ ကော်ဖီဆိုင် ၊ပြဇာတ်ရုံ၊ စတိတ်စင်နှင့် အခြားအပန်းဖြေစရာနေရာများပါဝင်ထားကြောင်း** သိရသည်။ အပန်းဖြေစီမံကိန်း ကို ရန်ကုန်-ပြည်ကားလမ်းမှ စာတိုက်တန်းလမ်းအထိ ပေ ၃၅၂၅ ပေ သတ်မှတ်ထားပြီး ကမ်းနားလမ်းကိုလည်း ၂၄ ပေအ ကျယ်တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ ညဈေးနှင့် လမ်းဘေးဈေးသည်များအတွက် နေရာပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်မြို့ရှိ ကမ်းနားလမ်းသည် နိုင်ငံခြားသား ခရီးသွားများနှင့် ဒေသခံများအတွက် ပြယုဂ်တစ်ခုဖြစ်သောကြောင့် ကမ်းနားလမ်း အဆင့်မြှင့်တင်နိုင်ပါက ပြည်မြို့၏ အဓိကစိတ်ဝင်စားဖွယ်ရာနေရာတစ်ခုဖြစ်လာနိုင်ကြောင်းနှင့် ပြည်မြို့တည်ရှိရာ သရေခေတ္တရာသည် ပုဂံခေတ် ထက်စော၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများ တိုးတက်ခဲ့သော ကြောင့် ပဲခူးတိုင်းဒေသကြီးအတွက် ဂုဏ် ယူစရာ ရှေးဟောင်းမြို့တော်ကြီးတစ်ခု ဖြစ်ကြောင်းသိရသည်။

**ရှိန်းဝင်းထိုက် (သတင်းဓာတ်ပုံ)**

## ဗီယက်နမ်နိုင်ငံထုတ် လျှပ်စစ်သုံးဘီးဆိုင်ကယ်အမျိုးအစား အမှိုက်သိမ်းယာဉ် အစီး ၁၀၀ ဝယ်ယူမည်

ဗီယက်နမ်နိုင်ငံထုတ် လျှပ်စစ်သုံးဘီးဆိုင်ကယ်အမျိုးအစား အမှိုက်သိမ်းယာဉ်များ ဝယ်ယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ဖေဖော်ဝါရီလ ၈ ရက်က ပြောသည်။



**ဗီယက်နမ်နိုင်ငံတွင် အသုံးပြုလျက်ရှိသည့် လျှပ်စစ်သုံးဘီးအမှိုက်သိမ်းယာဉ်တစ်မျိုး**

``လုပ်သားအင်အားတွေကို အခြား သိမ်းဆည်းတဲ့ နေရာတွေမှာ အသုံးပြုနိုင်ဖို့အတွက် ဗီယက်နမ်နိုင်ငံမှာထုတ်လုပ်တဲ့ လျှပ်စစ်သုံးဘီးဆိုင်ကယ်အမျိုးအစားဖြစ်တဲ့ အမှိုက်သိမ်းယာဉ်ငယ်များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ဘတ်ဂျက်မှာ ထည့်သွင်းပြီးတော့ စမ်းသပ်ဝယ်ယူဖို့ စီစဉ်လျက်ရှိပါတယ်`` ဟု ဝန်ကြီးကပြောသည်။

အဆိုပါ သုံးဘီးဆိုင်ကယ်အမှိုက်သိမ်းယာဉ်များကို **အမှိုက်သိမ်းလှည်းများနေရာတွင် အစားထိုးအသုံးပြုမည်ဖြစ်ပြီး ၃၃ မြို့နယ်အတွက် တစ်မြို့နယ်လျှင် သုံးစီးနှုန်းဖြင့် အစီး ၁၀၀ ခန့်ဝယ်ယူရန်** လျာထားကြောင်း သိရသည်။ **ထို့ပြင် အမှိုက်သိမ်းယာဉ်ကြီးများကို ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင်လည်း ဝယ်ယူရေးအတွက်** စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် စည်ပင်သာယာ နယ်နိမိတ်အတွင်း **မြို့နယ်များမှထွက်ရှိ သည့် အမှိုက်သည် တစ်ရက်လျှင် တန်ချိန် ၂၄၀၀ ကျော်ရှိသည့်အတွက် သိမ်းဆည်းရသည့် အမှိုက်သိမ်းယာဉ်နှင့် အင်အားမမျှတခြင်းကြောင့်** ဝန်ထမ်းများက နေ့ရောညပါ အလုပ်လုပ်ကိုင်နေရကြောင်း သိရသည်။ အမှိုက်များကို နောက်ဆုံး **စွန့်ပစ်အမှိုက်ပုံများဖြစ်သည့် ထားဝယ်ချောင်၊ ထိန်ပင်နှင့် ရွှေပြည်သာအမှိုက်မှ စွမ်းအင်ထုတ်လုပ်စက်ရုံများသို့ သွားရောက်စွန့်ပစ်ကြောင်း** သိရသည်။ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဝန်ထမ်း ၄၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည့်ရည်ဖူး (Photo: alicdn.com)**

**. . သတင်းစုံတာ ပြည်မြန်မာ ၊ သတင်းဦးတာ ပြည်မြန်မာ . .**







## ၁၁ နှစ်အရွယ်မိန်းကလေးကို အဓမ္မပြုကျင့်ကာ ကိုယ်ဝန်ရစေခဲ့သည့် ရွှေ့ပြောင်းအခြေချသူ ထောင်ဒဏ်နှစ် ၆၀ ချမှတ်အရေးယူခံရ



အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်၊ ပလာနိုမြို့က ရိုလီလိုပက်ဆန်းချက်ဇ်ဆိုသူ **အသက် ၃၇ နှစ်အရွယ် အမျိုးသားက အသက် ၁၁ နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်ခဲ့ပြီး ကိုယ်ဝန်ရစေခဲ့တဲ့အတွက် ထောင်ဒဏ်နှစ် ၆၀ ချမှတ်အရေးယူခံလိုက်ရတယ်လို့**သိရပါတယ်။ အဓမ္မပြုကျင့်ခံရသူ ၁၁ နှစ်အရွယ် အမည်မဖော်လိုသူမိန်းကလေးက တက္ကဆက်ကျန်းမာရေးအဖွဲ့ထံ လာရောက်ခဲ့ချိန်မှာ ကိုယ်ဝန် ၁၉ ပတ်ရှိနေတာကို စစ်ဆေးတွေ့ရှိခဲ့ကြတဲ့အတွက် ကျန်းမာရေးအဖွဲ့က ရဲတပ်ဖွဲ့ထံအကြောင်းကြားခဲ့ကြတာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့က အဆိုပါမိန်းကလေးကို စုံစမ်းမေးမြန်းခဲ့ချိန်မှာ လိင်ပိုင်းဆိုင်ရာစော်ကားခံခဲ့ရပြီး အဓမ္မပြုကျင့်ခံရတဲ့အတွက် ကိုယ်ဝန်ရခဲ့တာကို သိရှိခဲ့ကာ ကျူးလွန်သူ လိုပက်ဇ်ဆန်းချက်ကို ဖမ်းဆီးအရေးယူခဲ့တာဖြစ်ပါတယ်။ **အဆိုပါမိန်းကလေးက အသက် ၁၂ အရွယ်မှာ မီးဖွားခဲ့ပြီး ကလေးရဲ့ဒီအင်န်အေနဲ့ တရားခံဖြစ်သူ ဆန်းချက်ရဲ့ဒီအင်န်အေကို တိုက်ဆိုင်စစ်ဆေးခဲ့တာမှာ ကိုက်ညီမှုရှိနေကြောင်းအတည်ပြုနိုင်ခဲ့ကာ** ဆန်းချက်ကို ထောင်ဒဏ်နှစ် ၆၀ ချမှတ်အရေးယူခဲ့တာဖြစ်ပါတယ်။ ကျူးလွန်သူတရားခံရဲ့အမည်ကို ထုတ်ပြောရဲတဲ့ မိန်းကလေးရဲ့သတ္တိက ချီးကျူးစရာဖြစ်ပြီး အသက်မပြည့်သေးတဲ့ ကလေးငယ်ကို မုဒိမ်းကျင့်တဲ့အပြစ်က ခွင့်လွှတ်မှုနှင့်မထိုက်တန်ကြောင်း၊ ထောင်ဒဏ်ကျခံနေစဉ်မှာလည်း ပြစ်ဒဏ်ကာလမစေ့မီ ကတိဝန်ခံချက်နဲ့ အကျဉ်းသားလွတ်မြောက်ခွင့်ကိုလည်း တားမြစ်လိုက်ပြီး **ဆန်းချက်အနေနဲ့ ချမှတ်ထားတဲ့ ထောင်ဒဏ်နှစ် ၆၀ ကို အတိအကျ ပြစ်ဒဏ်ပေးဆပ်ရမှာဖြစ်တယ်လို့** ကောလင်းစီရင်စု ခရိုင်ရှေ့နေဂရက်ဝီလစ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

**(DM, 8.2.19)**
**သံသာ**

## ရုရှားဝက်မွေးမြူရေးခြံ၌ ဆာလောင်နေသည့်ဝက်များက ဝက်စာကျွေးသူကို ကိုက်ဖြတ်သတ်စားမှုဖြစ်ပွားခဲ့



ရုရှားနိုင်ငံ၊ အုမာရှားဒေသ၊ မာလိုပါဂျင်စကီခရိုင်က ဝက်မွေးမြူရေးခြံတစ်ခြံမှာ **ဝက်စာကျွေးသူအမျိုးသမီးကို ဆာလောင်မွတ်သိပ်နေကြတဲ့ ဝက်တွေက ဝိုင်းဝန်းကိုက်ဖြတ်သတ်စားမှုဖြစ်ပွားသွားခဲ့တယ်**လို့သိရပါတယ်။ အမည်မဖော်ပြထားတဲ့ အဆိုပါ အသက် ၅၆ နှစ်အရွယ် အမျိုးသမီးက နာမကျန်းဖြစ်နေတဲ့ခင်ပွန်းသည်အစား ဝက်မွေးမြူရေးခြံထဲသွားရောက်ပြီး **ဝက်စာကျွေးဖို့ပြုလုပ်စဉ်မှာ ဆာလောင်နေတဲ့ဝက်တွေရဲ့တိုက်ခိုက်မှုခံခဲ့ရပြီး သတိမေ့လဲကျသွားချိန်မှာ ဝက်တွေက ကိုက်ဖြတ်စားသောက်ခဲ့တာကြောင့် သေဆုံးသွားခဲ့ရတာဖြစ်တယ်**လို့ သိရပါတယ်။ ဝက်မွေးမြူရေးခြံမှာ ဦးစီးလုပ်ကိုင်နေတဲ့ခင်ပွန်းသည်က နာမကျန်းဖြစ်နေတာကြောင့် ဝက်တွေကို အစာမကျွေးဖြစ်ခဲ့တဲ့အတွက် ဝက်တွေက ဆာလောင်လွန်းနေကြတာဖြစ်ပြီး ခင်ပွန်းသည်အစား ဝက်စာကျွေးဖို့လာတဲ့အမျိုးသမီးကို ဝက်တွေက တိုက်ခိုက်ခဲ့ကြတာဖြစ်ပါတယ်။ ပြန်မလာတဲ့ဇနီးသည်ကို လိုက်ရှာချိန်မှာမှ ဝက်ခြံထဲမှာ လဲကျ သေဆုံးနေတဲ့ ဇနီးကို မြင်တွေ့ခဲ့ရတယ်လို့ ခင်ပွန်းဖြစ်သူက ဆိုပါတယ်။ **မျက်နှာတစ်ပြင်လုံးအပြင်၊ နားရွက်တွေ၊ ပခုံးတွေကိုလည်း ဝက်တွေက ကိုက်စားသွားခဲ့ပြီး သွေးထွက်လွန်ကာ သေဆုံးနေတာကို ခင်ပွန်းဖြစ်သူက တွေ့ခဲ့ရပြီး** အာဏာပိုင်တွေဆီ အကြောင်းကြားခဲ့တာဖြစ်တယ်လို့ ဒေသတွင်းစုံစမ်းစစ်ဆေးရေးကော်မတီပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံကြိုက်ခဲ့ရတဲ့အမျိုးသမီးအတွက် စိတ်မကောင်းဖြစ်ရပြီး အလောင်းစစ်ဆေးမှုရလဒ်ကို စောင့်ဆိုင်းနေကြတယ်လို့ အဆိုပါကော်မတီပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။

**(DM, 8.2.19) သံသာ**

## ခြောက်ပေခန့်ရှည်သည့်ဆံပင်ကို နှစ်ပေါင်း ၂၀ အတွင်း တစ်ကြိမ်တစ်ခါမှမလျှော်ခဲ့သည့်အမျိုးသမီး

ဗြိတိန်နိုင်ငံမှ အသက် ၃၂ နှစ်အရွယ်ဖရန်ကီကလူနေးအမည်ရှိတဲ့အမျိုးသမီးဟာ **ခြောက်ပေခန့်ရှည်လျားတဲ့ဆံပင်ရှည်ကြီးကို နှစ်ပေါင်း ၂၀ လုံးမလျှော်ဘဲ ဘီးဖြီးရုံသာထိန်းသိမ်းထားခဲ့သည်**ဟုသိရသည်။

ခြောက်နှစ်အရွယ်ကတည်းက ဆံပင်ရှည်စထားခဲ့သောဖရန်ကီသည် အသက် ၁၃ နှစ်အရွယ်တွင် ခါးအထိရှည်လျားသော ဆံပင်ရှည်ကြီးကိုပိုင်ဆိုင်နေပြီဖြစ်သည်။ သို့သော် ဆံပင်ရှည်ကြီးကို ရှန်ပူဖြင့်အနံ့ပွတ်သတ်ကာ အချိန်ပေးလျှော်ရခြင်း၊ အချိန်ကြာမြင့်စွာအခြောက်ခံရခြင်းတို့ကို ငြီးငွေ့လာသောကြောင့် မလျှော်ဘဲနေကာ သေသေသပ်သပ်ခေါင်းဖြီးရုံဖြင့်သာနေထိုင်ခဲ့သည်။ ခေါင်းလျှော်ရခြင်းကို စိတ်မရှည်သော်လည်း ဖရန်ကီသည် ရှုပ်ထွေးနေသည့်ဆံပင်အထုံးများကို ဖြည်ရသည်ကို အချိန်ပေးလုပ်ဆောင်လေ့ရှိကာ စိတ်ငြိမ်စေရန် လေ့ကျင့်မှုတစ်ခုအဖြစ်သာ သဘောထားကြောင်း ဆိုခဲ့သည်။ ယခုအခါ **အသက် ၃၂ နှစ်ရှိပြီဖြစ်သော ဖရန်ကီသည် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ လုံးတွင် ခြောက်ပေခန့်အထိရှည်လျားနေပြီဖြစ်သောဆံပင်ကို တစ်ကြိမ်တစ်ခါမှလျှော်ခဲ့ဖူးခြင်းမရှိသေး**ဟု သိရသည်။



**(AP,9.2.19) အေးယုနိုင်**

## အပူချိန်ကို အလိုအလျောက်ထိန်းညှိပေးနိုင်မည့် Air-con အထည်စကို သိပ္ပံပညာရှင်များ တီထွင်



**လေအေးပေးစက်ကဲ့သို့ပင် ပတ်ဝန်းကျင်အပူချိန်ပေါ်မူတည်ပြီး သင့်တင့်တဲ့အပူချိန်ကို အလိုအလျောက်ထိန်းညှိပေးစွမ်းနိုင်မယ့် Air-con အထည်စတစ်မျိုးကို** အမေရိကန်သိပ္ပံပညာရှင်တွေ တီထွင်ဖန်တီးနိုင်ခဲ့ပြီလို့သိရပါတယ်။ အပူချိန်အနေအထား ပိုမိုပူနွေးလာတဲ့အခါ အဆိုပါအထည်စကနေ အနီအောက်ရောင်ခြည်ဖြတ်သန်းနိုင်တယ်လို့ အမေရိကန်သိပ္ပံစာစောင်မှာ ဖော်ပြထားခဲ့ပါတယ်။ **အပူလျှောက်ကူးနိုင်တဲ့သတ္တုမျှင်တွေနဲ့ အထူးထုတ်လုပ်ထားတဲ့ ချည်ခင်တွေနဲ့ရက်လုပ်ထားတဲ့ အထည်စဖြစ်ပြီး အပူချိန်မြင့်မားလာတဲ့အခါ ရက်ထားတဲ့လွန်းချည်တွေရဲ့ အနေအထားက ပြောင်းလဲသွားပြီး အနီအောက်ရောင်ခြည်နဲ့ အတူအတူ့အလှယ်လုပ်ဆောင်ကာ အပူချိန်ကိုထိန်းညှိပြီး အေးမြစေတာဖြစ်**ပါတယ်။ အထည်စကို ရေစုပ်ယူနိုင်တဲ့အထည်စနဲ့ ရေမစိမ့်ဝင်နိုင်တဲ့အထည်စဆိုပြီးနှစ်မျိုးနှစ်စားဖန်တီးထုတ်လုပ်ထားတယ်လို့ မာရီလန်းတက္ကသိုလ်၊ ဓာတုဗေဒနှင့်ဇီဝဓာတုဗေဒ ပါမောက္ခဝမ်ယူဟွမ်က ဆိုပါတယ်။ အပူချိန်ကို လူတွေသတိထားမိတဲ့အချိန်မှာ အထည်စတွေရဲ့ လုပ်ဆောင်ချက်က စတင်ထားနှင့်ပြီဖြစ်ပြီး **ချက်ချင်းဆိုသလို အေးမြတဲ့ခံစားချက်ကို ခံစားရစေမှာဖြစ်ကာ ခန္ဓာကိုယ်မှာ အေးမြသွားပြီဆိုတာနဲ့ အပူချိန်လျှော့ချမှုကို ရပ်လိုက်ပြီး ရှိသင့်တဲ့အပူချိန်ပမာဏကို ထိန်းပေးထားမှာဖြစ်တယ်**လို့ ပါမောက္ခဝမ်ယူဟွမ်က ဆိုပါတယ်။

**(DM, 8.2.19) သံသာ**

## ဆိုင်ထဲတွင် မျက်စိလည်လမ်းမှားသွားစေနိုင်လောက်အောင် အမြင်အာရုံလှည့်ဖျားထားသော လှေကားထစ်များရှိရာစာအုပ်ဆိုင်



တရုတ်နိုင်ငံ **ဟန်ကျိုးမြို့ရှိ စာအုပ်ဆိုင်တစ်ခု၏အတွင်းပိုင်းဗိသုကာလက်ရာမှာ စာအုပ်ဆိုင်ထဲဝင်လာတိုင်းကို မျက်စိလည်လမ်းမှားစေသောကြောင့်** လူစိတ်ဝင်စားခံနေရသည်ဟု သိရသည်။

**အမြင်အာရုံလှည့်စားထားသောမှန်မျက်နှာကြက်များဖြင့် တည်ဆောက်ထားသည့်** Zhongshuge စာအုပ်ဆိုင်တွင် ထောင်နှင့်ချီသောရောင်စုံစာအုပ်ပေါင်းများစွာ၏ပုံရိပ်မှာ မှန်များတွင်ထင်ဟပ်နေသည့်အတွက် **အဆုံးသတ်မရှိသည့်စာအုပ်ဆိုင်ကြီးအလားထင်မှတ်ရသည်၊** စာအုပ်ဆိုင်ထဲတွင် **စာဖတ်သူများအတွက် စာအုပ်ရွေးရင်း အနားယူနိုင်ရန် လှေကားထစ်များပြုလုပ်ပေးထားပြီး** လူကြီးများနှင့်အတူပါလာသည့်ကလေးများအတွက်လည်း သီးသန့်ကစားကွင်းနေရာလေးတစ်ခုပြုလုပ်ပေးထားသည်။ လှေကားများပေါ်တွင် ပုံစံတူလှေကားထစ်များထပ်ကာကမ္ဘာမြေ၏ဆွဲအားမရှိရာနေရာတစ်ခုအသွင်ဖန်တီးထားသည့်စာအုပ်ဆိုင်အတွင်း စာဖတ်သူများမှာ မကြာခဏမျက်စိလည်လမ်းမှားလေ့ရှိကြသည်။ ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သည့် ကျင်းဟောင်းက Zhongshuge စာအုပ်ဆိုင်အခွဲများကို စတင်တည်ထောင်ခဲ့သူဖြစ်ပြီး စာအုပ်ဆိုင်တိုင်းကိုလည်း ဆန်းသစ်သည့်ဗိသုကာလက်ရာအသွင်တစ်မျိုးစီဖြင့် ဖန်တီးထားသည်။ ယခုနောက်ဆုံးဖွင့်လှစ်ခဲ့သည့်ဆိုင်တွင် လှေကားများမှာ အပေါ်တက်၊ အောက်ဆင်းပုံစံတူအထစ်များဖြင့် ရှုပ်ထွေးနေသည့်အပြင် ယင်းလှေကားများကို အခန်းပေါင်းများစွာကိုဖြတ်ကာ ဆောက်လုပ်ထားခြင်းဖြစ်သည်ဟု သိရသည်။

**(AP,9.2.19) အေးယုနိုင်**

## ယခုနှစ်တွင် အာကာသသို့ ကိုယ်ပိုင်အာကာသယာဉ်ဖြင့်သွားမည့် ဗြိတိသျှသူဌေးကြီး




ဗြိတိသျှ ဘီလျံနာသူဌေးကြီး ရစ်ချတ်ဘရန်ဆင်က လာမည့် လေး၊ ငါးလအတွင်းတွင် ကိုယ်ပိုင်အာကာသယာဉ် ဗာဂျင်ဂလက်တစ်ဖြင့် အာကာသသို့သွားရန် စီစဉ်ထားကြောင်း သိရသည်။ 'လပေါ်ဆင်းနိုင်ခဲ့တဲ့ နှစ် ၅၀ ပြည့်နေ့မှာ အာကာသကို သွားချင်တာ။ အဲဒီအတွက်ပဲ ကျွန်တော်တို့ လုပ်နေကြတယ်' ဟု ဗာဂျင်ဂရုကုမ္ပဏီ အကြီးအကဲဖြစ်သူ ၎င်းက ဗာဂျင်ဂလက်တစ်ကို ဂုဏ်ပြုသည့်ပွဲပြင်ပတွင် သတင်းထောက်များကို ပြောကြားသွားခဲ့သည်။ အမေရိကန်အပိုလို ၁၁ သည် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်တွင် လပေါ်ဆင်းသက်နိုင်ခဲ့သည်။ ဗာဂျင်ဂလက်တစ်နှင့် ဘလူးအော်ရဂျင်ဆိုသည့် ကုမ္ပဏီနှစ်ခုသည် ခရီးသည်များကို အာကာသထဲပို့ဆောင်ပေးနိုင်ရေးလုပ်ဆောင်နေသည့် ကုမ္ပဏီများဖြစ်သည်။ သို့သော် ခရီးသည်များသည် အာကာသထဲ မိနစ်ပိုင်းမျှသာ ရောက်မည်ဖြစ်သဖြင့် ရောက်ပြန်ဖြစ်နေမည်ဖြစ်သည်။ **ခရီးသည်ပေါင်းရာဂဏန်း သို့မဟုတ် ထောင်ဂဏန်းကို ပို့သွားရန် ထိုကုမ္ပဏီများက ရည်ရွယ်ထားပြီး** ကမ္ဘာပတ်လမ်းထဲ ရောက်ရန် အနည်းငယ်လိုသေးသည့်နေရာအထိသာ ပို့ပေးသွားမည်ဖြစ်သည်။ **စပေ့စ်အိတ်စ်ကလည်း ဂျပန်ဘီလျံနာတစ်ဦးကို ၂၀၂၃ ခုနှစ် အစောဆုံးထားကာ လပေါ်ပို့ပေးသွားရန် စီစဉ်ထားပြီး** စပေ့စ်အိတ်စ်၏ ခရီးစဉ်ထက် ယခုကုမ္ပဏီများ၏ ခရီးစဉ်များက ပိုတိုမည်ဖြစ်ကာ စရိတ်စကလည်း ပိုသက်သာမည်ဖြစ်သည်။ ဗာဂျင်ဂလက်တစ်ယာဉ်သည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၈၀ တွင် ဒီဇင်ဘာလက ပထမဦးဆုံးအကြိမ် ပျံသန်းခဲ့သည်။ ထိုနေရာကို အာကာသ၏ အစွန်အဖျားနေရာဟု အမေရိကန်က ယူဆသည်။

(CNA, 11.2.19) ချယ်ရီ

## ဘာရိန်းဘောလုံးသမားကို တရားခံအဖြစ် ဘာရိန်းသို့ပြန်မပို့ဘဲ လွှတ်မြောက်ခွင့်ပေးလိုက်ကြောင်း ထိုင်းတရားရုံးအမိန့်ချ



ထိုင်းနိုင်ငံတွင် ဖမ်းမိထားခဲ့ပြီး တရားခံလွှဲပြောင်းမှုဖြင့် **ဘာရိန်းနိုင်ငံသို့ ပြန်ပို့ရန်စီစဉ်ထားခဲ့သော ဘာရိန်းဘောလုံးသမား ဟာကင်အယ်အရိုင်ဘီကို နေရပ်ပြန်မပို့တော့ဘဲ လွှတ်မြောက်ခွင့်ပေးလိုက်ကြောင်း** ထိုင်းတရားရုံးက ဖေဖော်ဝါရီလ ၁၁ရက်တွင် အမိန့်ချခဲ့သည်။ **ဘာရိန်းနိုင်ငံတွင် ရဲစခန်းကို မီးရှို့မှုနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်အရေးယူခံရဖွယ်ရှိနေသူ** ဟာကင်က ဩစတြေးလျနိုင်ငံသို့ ထွက်ပြေးအခြေချနေခဲ့သူဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဇနီးဖြစ်သူနှင့် ခရီးထွက်လာချိန်တွင် ထိုင်းနိုင်ငံ၌ ဖမ်းဆီးခံလိုက်ရခြင်းဖြစ်သည်။ ဟာကင်ကမူ အဆိုပါပြစ်မှုစွပ်စွဲချက်နှင့်ပတ်သက်၍ မဟုတ်မမှန်စွပ်စွဲခံရခြင်းဖြစ်ကြောင်း တုံ့ပြန်ထားခဲ့သည်။ ဟာကင်ကို နိုင်ငံတကာဖမ်းဆီးရေးဝရမ်းထုတ်ပြန်ထားခဲ့သဖြင့် ထိုင်းအာဏာပိုင်များက ဖမ်းဆီးကာ တရားခံလွှဲပြောင်းပေးရန်စီစဉ်နေကြစဉ် နိုင်ငံရေးဖိနှိပ်မှုအရ မတရားစွပ်စွဲခံရသူ ဟာကင်ဘက်မှနေ၍ ဟာကင်ကို ဘာရိန်းသို့ ပြန်လွှဲပြောင်းပို့ခြင်းမပြုရေးအတွက် ထိုင်းအစိုးရထံ တောင်းဆိုမှုများရှိလာခဲ့ခြင်းဖြစ်သည်။ ထိုင်းဝန်ကြီးချုပ်ပရာယုသ်ချန်အိုချာနှင့် ဘာရိန်းဝန်ကြီးချုပ်ခါလီဖာဘင်ဆယ်မန်အယ်ခါလီဖာတို့ဖုန်းနှင့်ဆက်သွယ်ခဲ့ကြကြောင်း ဘာရိန်းသတင်းများတွင်ဖော်ပြခဲ့ကြပြီးနောက် ဘာရိန်းနိုင်ငံဘက်က ဟာကင်းကို ပို့ပေးရန်တောင်းဆိုထားမှုကို ရုပ်သိမ်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရရှေ့နေများက တရားရုံးတွင် ဟာကင်ကို တရားခံအဖြစ် ပြန်လွှဲပြောင်းပို့ဆောင်ခြင်းကိုရုပ်သိမ်းရန် လျှောက်ထားခဲ့ရာ တရားရုံးက ဟာကင်ကို လွှတ်မြောက်ခွင့်ပေးလိုက်ကြောင်း စီရင်ချက်ချပေးခဲ့ခြင်းဖြစ်သည်။

(AP, 11.2.19) သံသာ

## ဝေလငါးအကောင် ၁၀၀ ကျော်ကို ဖမ်းဆီးချုပ်နှောင်ထားသည့် ရုရှားနိုင်ငံမှဝေလငါးအကျဉ်းထောင်



ရုရှားကမ်းရိုးတန်းအလွန်တစ်နေရာတွင် **ကန်ငယ်လေးများထဲ၌ထည့်သွင်းချုပ်နှောင်ထားသည့်ဝေလငါးအကောင် ၁၀၀ ကျော်ရှိနေသည်**ဟု တက်ကြွလှုပ်ရှားသူများက ဆိုလိုက်ကြောင်း သိရသည်။

အဆိုပါဝေလငါးအကျဉ်းထောင်အားခွင့်ပြုထားသည့်တာဝန်ရှိသူများကို အပြစ်ပေးကာ ဝေလငါးများအားလုံးကို ပြန်လွှတ်ပေးရန် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တာဝန်ရှိသူများက တောင်းဆိုခဲ့ကြသည်။ **ရုရှားနိုင်ငံတွင် သိပ္ပံပညာရပ်ဆိုင်ရာနှင့်ယဉ်ကျေးမှုဆိုင်ရာအကြောင်းရင်းများအတွက်သာလျှင် ဝေလငါးများကို ဖမ်းဆီးခွင့်ပေးထားပြီး ယခုဝေလငါးအကျဉ်းထောင်မှာ ဝေလငါးများကို ပြည်ပတိရစ္ဆာန်ရုံများသို့ရောင်းချရန်ဖမ်းဆီးထားခြင်းဖြစ်သည်၊ ဝေလငါးများမှာ ကန်ငယ်လေးများထဲတွင် ကြပ်သိပ်နေသည့်အပြင် အပူချိန်ကျဆင်းမှုကြောင့် သေဆုံးနိုင်ခြေများလျက်ရှိသည်။** ဝေလငါးများမှာ အာတိတ်ဒေသဇာတိရင်းဖြစ်သော်လည်း တစ်နေ့လျှင် ကီလိုမီတာပေါင်းထောင်နှင့်ချီသွားလာလှုပ်ရှားနေမှသာ နွေးထွေးစွာနေထိုင်နိုင်ခြင်းဖြစ်သည်။ Vladivostok မြို့အနီးရှိ Srednyaya ပင်လယ်အော်မှ ဝေလငါးအကျဉ်းထောင်ကို ရုရှားအစိုးရရှေ့နေများက စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးသည့်နောက် သီးခြားကုမ္ပဏီလေးခုက ပိုင်ဆိုင်သောဝေလငါးစခန်းသည် Federal Fishery Agency မှ ခွင့်ပြုချက်ရရှိထားသော်လည်း တရားမဝင်ရရှိခဲ့ခြင်းဖြစ်သည်ဟုယူဆရကြောင်း ဆိုခဲ့သည်ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## အကြီးမားဆုံးသော ဗင်နီဇွဲလား စစ်ရေးလေ့ကျင့်မှုကြီးကို သမ္မတစတင်



ဗင်နီဇွဲလားသမိုင်းတွင် **အကြီးမားဆုံးဟု စံချိန်တင်မည့် စစ်ရေးလေ့ကျင့်မှုကြီးကို သမ္မတက စတင်လိုက်ပြီဖြစ်**သည်။ စစ်ရေးလေ့ကျင့်မှု မစတင်မီတွင်ပင် သမ္မတနီကိုးလပ်စ်မက်ဒူရိုက မြောက်ပိုင်းပြည်နယ် မီရန်ဒါကို လာရောက်ပြီး ရုရှားလုပ်ဒုံးကျည်လောင်ချာများအပါအဝင်စစ်လက်နက်များကို ကြည့်ရှုစစ်ဆေးသွားမည်။ **စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီလ ၁၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး** ယခုလေ့ကျင့်မှုမှာ ပြည်တွင်းတွင် အကြီးမားဆုံးလေ့ကျင့်မှုဖြစ်သည်ဟု သမ္မတက ဆိုသည်။ ဗင်နီဇွဲလားစစ်တပ်အသုံးပြုနေသည့်လက်နက်များ ခေတ်အမီဆုံးဖြစ်နေစေရန်အလို့ငှာ စစ်လက်နက်တွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသွားခဲ့သေးသည်။ ဗင်နီဇွဲလားစစ်သားများသည် တိုင်းပြည်အတွက် အသက်ပေးရန် အသင့်ရှိနေသော်လည်း တိုင်းပြည်ရပ်တည်နိုင်ရန်အတွက် အရေးအကြီးဆုံးသောအင်အားမှာ ပြည်သူဖြစ်ကြောင်း ၎င်းက အလေးအနက်ထားပြောကြားသွားခဲ့သေးသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသည့်နိုင်ငံဖြစ်ပြီး မည်သည့်နိုင်ငံနှင့်မှလည်း တိုက်ခိုက်နေခြင်းမရှိကြောင်း၊ သို့သော်လည်း မည်သည့်နိုင်ငံမှကလည်း မိမိတို့ကို ရန်ရှာခြိမ်းခြောက်ခြင်းမပြုသင့်ကြောင်း ၎င်းက သတိပေးသွားခဲ့သေးသည်။ **ဗင်နီဇွဲလားသည် ရုရှားစစ်လက်နက်များကို အဓိကထား တင်သွင်းနေသည့် လက်တင်အမေရိကနိုင်ငံဖြစ်နေဆဲဖြစ်သည်။** ရုရှားထံမှ ခေတ်မီစစ်လက်နက်များ ထပ်မံတင်သွင်းသွားရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားခဲ့ဖူးသည်။

(SN, 11.2.19) ချယ်ရီ

## မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ကို ယနေ့ရုံးတင်စစ်ဆေးမည်



မလေးရှားခေါင်းဆောင်ဟောင်း နာဂျစ်ရာဇတ်သည် ငွေကြေးအရှုပ်တော်ပုံကြောင့် ယခုသီတင်းပတ်အတွင်းတွင် ရုံးတင်စစ်ဆေးခံရတော့မည်ဖြစ်သည်။ ၎င်းရာထူး လက်လွှတ်လိုက်ရသည့်အကြောင်းရင်းများထဲတွင် ယင်းအချက်လည်းပါသည်။ ထိုဂယက်သည် တစ်ကမ္ဘာလုံးအနှံ့ပျံ့သွားခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းနှင့် ခရိုနီများသည် မလေးရှားအစိုးရလက်အောက်ရှိ **1MDB မလေးရှားဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ ဒေါ်လာ ၄ ဒသမ ၅ ဘီလျံ ခိုးယူထားသည်ဟု စွပ်စွဲခံနေရခြင်းဖြစ်**သည်။ ရာဂျစ်နှင့်မိသားစုသည် ယင်းငွေဖြင့် ဒေါ်လာသန်းပေါင်းများစွာတန်သည့်ဇိမ်ခံရွက်လှေ၊ ဇိမ်ခံအိမ်ရာများ၊ ကမ္ဘာကျော်ပန်းချီကားများ ဝယ်ယူခဲ့သည်ဟု စွပ်စွဲချက်များက ဆိုသည်။ ထိုကိစ္စကြောင့်ပင် ၎င်းသည် ရွေးကောက်ပွဲရှုံးသွားခဲ့ခြင်းဖြစ်သည်။ မေလရွေးကောက်ပွဲတွင် ရှုံးနိမ့်အပြီးတွင်ပင် ၎င်းလည်းဖမ်းဆီးခံခဲ့ရပြီး အထက်ပါငွေကြေးအလွဲသုံးစားမှုနှင့် ဆက်စပ်သည့် စွဲချက်ပေါင်း ၄၂ ခုဖြင့် စွဲချက်တင်ခံထားရသည်။ **ရုံးတင်စစ်ဆေးမှုကို ဖေဖော်ဝါရီလ ၁၂ ရက်တွင် စတင်သွားမည်ဖြစ်ကာ နာဂျစ်၏ ကိုယ်ပိုင်ဘဏ်စာရင်းထဲ ဒေါ်လာ ၁၀ ဒသမ ၃ သန်း ရောက်နေသည်ဆိုသည့်** စွပ်စွဲချက်ကို အဓိကထားစစ်ဆေးသွားမည်ဖြစ်သည်။ **စွဲချက်အားလုံးကို နာဂျစ်က အတန်တန် ငြင်းဆိုထားသည်။**

(CNA, 11.2.19) ချယ်ရီ

## လွန်ခဲ့သည့် နှစ် ၃၀ က ဝယ်ခဲ့သော ဖန်စီလက်စွပ်က ဒေါ်လာ ၁၀ သိန်းနီးပါးတန်သည့် စိန်လက်စွပ်ဖြစ်နေ

ဒက်ဘ်ရာဂေါ့ဒတ်ဆိုသည့် အမျိုးသမီးသည် **ဖန်စီလက်စွပ်တစ်ကွင်းကို လွန်ခဲ့သည့် နှစ် ၃၀ က ၁၃ ဒေါ်လာဖြင့် ဝယ်ယူခဲ့သည်၊ ယင်းလက်စွပ်သည် ဖန်စီလက်စွပ်မဟုတ်ဘဲ ဒေါ်လာ ၁၀ သိန်းနီးပါးတန်သည့် စိန်လက်စွပ်အစစ်ဖြစ်နေကြောင်း** ကို အင်္ဂလန်တွင်နေထိုင်သည့် ၎င်းက မကြာသေးမီကမှ သိသွားသည်။ ယင်းလက်စွပ်ကို ပိုင်ရှင်ဖြစ်သူက ဘူးတစ်ဘူးထဲတွင် ၁၅ နှစ်ကျော် ထည့်သိမ်းထားခဲ့သည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ မိခင်ဖြစ်သူ ငွေလိမ်ခံရကာ ရှိသမျှပါသွားသဖြင့် ၎င်းက ပိုင်ဆိုင်သမျှ ထုတ်ရောင်းရန်လုပ်ရာ ယင်းဘူးထဲရှိ အရာများကိုပါထုတ်လိုက်သည်။ ထိုလက်စွပ်ကို **ကျောက်မျက်ကျွမ်းကျင်သူက ကြည့်ပေးရာ ယင်းမှာ ၂၆ ဒသမ ၂၇ ကရက်ရှိသည့် စိန်ပွင့်အစစ်ဖြစ်သည်ဟု ပြောပြသည်၊** "သူပြောတာကြားလိုက်တော့ ကျွန်မမှာ မေ့လဲချင်ချင်တောင် ဖြစ်သွားတယ်။ တစ်ညလုံးလည်း ဘယ်လိုမှ အိပ်လို့မရတော့ဘူး"ဟု ပိုင်ရှင်က ပြောပြသည်။ ဒက်ဘရာသည် ကုသိုလ်ဖြစ်အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်သူဖြစ်ပြီး ကလေးပေါင်း ၂၀ ကျော်ကို မွေးစားကာ တာဝန်ယူထားသူဖြစ်သည်။ ၎င်းက လက်စွပ်ရောင်း၍ရသည့်ငွေဖြင့် မိခင်လိုအပ်သမျှ ဝယ်ပေးလိုက်သည်။ "ကျွန်မတို့သားအမိ အရင်က ခဏခဏ ကံဆိုးမိုးမှောင်ကျခဲ့တယ်။ အမေဆိုရင်လည်း ငွေလိမ်ခံရတာနဲ့ ရှိသမျှပါသွားတာလေ။ အခုတော့ ကံက ကျွန်မတို့ကိုမျက်နှာသာ ပေးပြီ"ဟု ဒက်ဘရာက ပြောပြသည်။



(IT, 11.2.19) ချယ်ရီ

## တရုတ်နှစ်ကူးတစ်ညတည်း၌ သတ်ဖြတ်ရမ်းကားမှုများကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရ



တရုတ်နိုင်ငံတွင် နှစ်ကူးပွဲတော်ည **တစ်ညတည်း၌ မီးရှို့ရမ်းကားမှု၊ ဓားနှင့်ရမ်းကားမှုများကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရကြောင်း** သိရသည်။ တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်၊ ပေါင်ကျီမြို့တွင် လူမျိုးနွယ်အမည်နှင့်အမျိုးသားတစ်ဦးက ၎င်းအစ်ကို၏မိသားစုနေအိမ်ကို မီးရှို့ရမ်းကားခဲ့သဖြင့် စုစုပေါင်း ခုနစ်ဦးသေဆုံးခဲ့ရကြောင်း ပေါင်ကျီရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ နေအိမ်မီးရှို့ခံရမှုကြောင့် လု၏အစ်ကိုဖြစ်သူအပါအဝင် မိသားစုလိုက်သေဆုံးခဲ့ရသည့်အပြင် မီးရှို့ပြီးနာရီပိုင်းအကြာတွင် ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန်ကြိုးပမ်းနေသည့် မီးရှို့သူတရားခံလုကို ရဲတပ်ဖွဲ့ကအချိန်မီဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။ အဆိုပါနှစ်ကူးည၌ပင် ကန်စုပြည်နယ်၊ ပိုင်ယင်မြို့အနီး ကျေးရွာတစ်ရွာတွင် ကောမျိုးနွယ်အမည်ရှိသူအမျိုးသားက ၎င်း၏ဇနီးသည်ကို ဖောက်ပြန်နေသည်ဟု စွပ်စွဲသောင်းကျန်းကာ ကျေးရွာအတွင်း ဓားနှင့်ရမ်းကားခဲ့သဖြင့် လူ ရှစ်ဦးသေဆုံးခဲ့ရပြီး ခုနစ်ဦး ဓားထိုးဒဏ်ရာများရခဲ့ရကြောင်း ကန်စုရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရသိရသည်။ ထို့နောက် ဓားနှင့်ရမ်းကားသတ်ဖြတ်ခဲ့သော အဆိုပါအမျိုးသားကို ဖမ်းဆီးအရေးယူခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **တရုတ်နိုင်ငံတွင် စီးပွားရေးတိုးတက်လာခဲ့သော်လည်း လူချမ်းသာများနှင့် ဆင်းရဲသားများအကြား ကွာဟမှုရှိနေဆဲဖြစ်သည့်အပြင် ကူညီပံ့ပိုးမှုစနစ်များ လျော့နည်းလာခဲ့ပြီး** ဘဝရုန်းကန်ရမှုအနေအထား ပုံစံအမျိုးမျိုးကြောင့် ဖိအားများဖြစ်လာခဲ့ကာ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးချို့တဲ့မှုများကြောင့် အကြမ်းဖက်ရမ်းကားမှုများ မကြာခဏဖြစ်လာနေခြင်းဖြစ်ကြောင်း တရုတ်အခြေစိုက်သတင်းများတွင် သုံးသပ်ဖော်ပြထားခဲ့သည်။

(ST, 11.2.19) သံသာ

## တမီးလ်နာဒူအတွင်းဝန်များရုံးတွင် သန့်ရှင်းရေးရာထူးအတွက် အင်ဂျင်နီယာများနှင့်စီးပွားရေးမဟာဘွဲ့ရပေါင်း ၄၆၀၇ ဦး လာရောက်လျှောက်ထား



အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း **တမီးလ်နာဒူပြည်နယ်ရှိ အတွင်းဝန်များရုံး၏ တံမြက်စည်းလှည်းနှင့်သန့်ရှင်းရေးရာထူးများအတွက် အင်ဂျင်နီယာများနှင့်စီးပွားရေးမဟာဘွဲ့ရများထောင်နှင့်ချီလာရောက်လျှောက်ထားခဲ့ကြသည်**ဟု သိရသည်။

**တံမြက်စည်းလှည်းရာထူး ၁၀ နေရာနှင့်သန့်ရှင်းရေးရာထူးလေးနေရာအတွက်** လာရောက်လျှောက်ထားသူများထဲတွင် M.Tech ၊ B.Tech နှင့် MBA ကဲ့သို့သောပညာအရည်အချင်းများကို ပိုင်ဆိုင်ထားသူများအပြင် ဘွဲ့ရပေါင်းများစွာလည်းပါဝင်လာခဲ့သည်။ **စုစုပေါင်း လျှောက်လွှာပေးပို့သူ ၄၆၀၇ ဦးအထိရှိခဲ့**သည်။ တံမြက်စည်းလှည်းနှင့်သန့်ရှင်းရေးရာထူးနှစ်ခုအတွက်လိုအပ်သည့် သတ်မှတ်ချက်မှာ **ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းမှုရှိစေရန်သာဖြစ်သည်၊** လျှောက်လွှာများကို စိစစ်နေဆဲဖြစ်ပြီး လျှောက်လွှာရှင် ၆၇၇ ဦးပယ်ချခံထားရကာ ကျန်ရှိသောစံနှုန်းပြည့်မီသူများထဲမှ ရွေးချယ်သွားကြမည်ဖြစ်သည်။ **အိန္ဒိယနိုင်ငံတွင် ပညာအရည်အချင်းပြည့်မီသောလူငယ်အများစုမှာ အလုပ်အကိုင်မဲ့ဖြစ်နေပြီး** ပညာရေးအတွက် "ငွေကြေးမြောက်မြားစွာအသုံးပြုခဲ့ပြီးနောက် ရရာအလုပ်တွင်ဝင်ရောက်လုပ်ကိုင်ကြရုံသာတတ်နိုင်သည့်ပြဿနာနှင့်ရင်ဆိုင်နေရသည်ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## ဒုံးကျည်ထုတ်လုပ်ရေး မြေအောက်စက်ရုံသစ်ကြီးကို အီရန် ထုတ်ဖော်ပြသ



ဒုံးကျည်ထုတ်လုပ်ရေးမြေအောက်စက်ရုံကြီးကို ရိုက်ပြထားသည့် ဗီဒီယိုဖိုင်ကို အီရန်က ပြသသွားခဲ့သည်။ အီရန်ဒုံးကျည်အစီအစဉ်ကိုလည်း အီရန်ထိပ်တန်းစစ်တပ်အရာရှိများက ချီးကျူးပြောဆိုသွားပြီး **အနောက်အုပ်စုက မည်သို့ပင်ကန့်ကွက်နေစေကာမူ ဒုံးကျည် တည်ဆောက်ထုတ်လုပ်ရေးကို ဆက်လုပ်သွားမည်ဟုလည်း** ၎င်းတို့က ပြောကြားသွားခဲ့သေးသည်။ နောက်ဆုံးထုတ်လက်နက်များကိုသာမက မြေအောက်စက်ရုံကိုပါ အရာရှိများက ထုတ်ဖော်ပြသသွားသော်လည်း မြေအောက်စက်ရုံ ရှိရာနေရာအတိအကျကို ထည့်သွင်းပြောပြမသွားပေ။ ယင်းစက်ရုံကို မြေအောက်မြို့တော်ဟု အီရန်မီဒီယာများက သုံးနှုန်းသွားသည်။ ဒုံးကျည်အစိတ်အပိုင်းအမျိုးမျိုးဖြင့် ပြည့်နက်နေသည့် အခန်းများ၊ ဒုံးကျည် အဆင့်ဆင့် တပ်ဆင်သည့်နေရာများကိုလည်း ဗီဒီယိုဖိုင်တွင် မြင်တွေ့ရသည်။ ဝန်ထမ်းများ တာဝန်ကို ကိုယ်စီထမ်းရွက်နေကြသည်ကိုလည်း မြင်တွေ့ရသေးသည်။ **ဒက်ဇ်ဖူလ်ဟုခေါ်သည့် ဒုံးကျည်သစ်ကိုလည်း ဗီဒီယိုတွင် မြင်တွေ့ရကာ ယင်းသည် ဇိုလ်ဖာဂါ ထိပ်ဖူးတပ်ဒုံးကျည်၏မျိုးဆက်သစ်ဖြစ်ပြီး ဇိုလ်ဖာဂါထက် အဖျက်စွမ်းအား နှစ်ဆ ကြီးဖွယ်ရှိသည်**ဟု အီရန်မီဒီယာက ကြေညာသွားခဲ့သည်။ ဒုံးကျည်စမ်းသပ်မှုများ ထပ်မံပြုလုပ်နေပုံကိုလည်း တင်ဆက်သွားပြီး စမ်းသပ်မှုအောင်မြင်သည်ဟုလည်း ကြေညာသွားခဲ့သည်။ "ကျုပ်တို့ဘာသာ ကိုယ့်ကိုယ်ကိုယ်ကောင်းကောင်းကာကွယ်နိုင်အောင်လုပ်နေတာကို ဥရောပအစိုးရတွေက လာပြီး ကဖျက်ယဖျက် လုပ်ချင်ကြတယ်။ သူတို့ကျတော့ တစ်ကမ္ဘာလုံးက အပြစ်မဲ့လူတွေကို တိုက်ခိုက်နိုင်တဲ့ စွမ်းအင်ရအောင် လုပ်ထားတယ်"ဟု အီရန်တော်လှန်ရေးတပ်ဖွဲ့မှ ဗိုလ်ချုပ်က ဆိုသည်။

(SN, 11.2.19) ချယ်ရီ

## ဟာဝိုင်အီတွင် တရားဝင်ဆေးလိပ်သောက်ခွင့်ရှိသည့်အသက်ကို ၁၀၀ အထိ တိုးမြှင့်မည်



ဟာဝိုင်အီတွင် တရားဝင်ဆေးလိပ်**သောက်ခွင့်ရှိသည့်အသက်ကို ၁၀၀ အထိတိုးမြှင့်သတ်မှတ်ခြင်းအားဖြင့်** ဆေးလိပ်သောက်ခြင်းကိုတားမြစ်နိုင်ရန်ကြိုးပမ်းသွားမည်ဖြစ်သည်ဟု သိရသည်။

ဒီမိုကရက်တစ်အမတ်ရစ်ချတ်ခရေဂန်တင်သွင်းသည့်ဥပဒေသစ်တွင် ဆေးလိပ်သောက်ခွင့်ရှိသည့်အသက်ကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၄ ခုနှစ်ကြား၌ တိုးမြှင့်သွားရန်ရှိနေသည်။ သို့သော် ဥပဒေပြုလွှတ်တော်၏အတည်ပြုချက်ရယူရန်လိုအပ်နေသေးသည့်အပြင် ဆေးရွက်ကြီးကုမ္ပဏီများကလည်း ပြင်းထန်စွာကန့်ကွက်လျက်ရှိသည်။ **ဥပဒေသစ်တွင် ဆေးလိပ်ကိုသာ ကန့်သတ်ခြင်းဖြစ်ပြီး အီး-စီးကရက်၊ ဆေးရွက်ကြီးနှင့်ဆေးပြင်းလိပ်များ ပါဝင်မည်မဟုတ်ပေ၊** ဒေါက်တာခရေဂန်က ဥပဒေအဆိုပြုချက်တွင် ဆေးလိပ်ကို လူသားသမိုင်းကြောင်း၌ အသေအပျောက်အများဆုံးအသုံးအဆောင်ပစ္စည်းအဖြစ် အမည်တပ်ပြောဆိုထားသည်။ **၂၀၁၇ ခုနှစ် ဇန်နဝါရီလက ဟာဝိုင်အီသည် ဆေးလိပ်သောက်ခွင့်ရှိသည့်အသက်ကို ၂၁ နှစ်အထိတိုးမြှင့်ခဲ့သော ပထမဆုံးအမေရိကန်ပြည်နယ်ဖြစ်လာခဲ့ပြီး** အခြားပြည်နယ်များတွင် ၁၈ နှစ် သို့မဟုတ် ၁၉ နှစ်သာဖြစ်သည်။ HB 1509 ဥပဒေသစ်တွင် **ဆေးလိပ်သောက်ခွင့်ရှိသည့်အသက်ကို ၂၀၂၀ ပြည့်နှစ်တွင် ၃၀၊ ၂၀၂၁ ခုနှစ်တွင် ၄၀၊ ၂၀၂၂ ခုနှစ်တွင် ၅၀၊ ၂၀၂၃ ခုနှစ်တွင် ၆၀ နှင့် ၂၀၂၄ ခုနှစ်အရောက်တွင် အသက် ၁၀၀ ကျော်သူများသာလျှင် ဆေးလိပ်ဝယ်နိုင်စေရန်လုပ်ဆောင်သွားမည်ဖြစ်သည်**ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## ခရစ်ယာန်ဘုရားကျောင်းကြီးတစ်ခုလုံးကို နှစ် ၅၀ ကြာအောင် တစ်ကိုယ်တည်းတည်ဆောက်နေခဲ့သည့် ပါရမီရှင်အဘိုး



စပိန်နိုင်ငံ မက်ဒရစ်မြို့ရဲ့ဆင်ခြေဖုံးမြို့လေးဖြစ်တဲ့ **မီဂျော်ရဒါဒယ်ကမ်ပိုမြို့လေးက ဒွန်ဂျက်စတိုဆိုသူ အသက် ၉၃ နှစ်အရွယ်အဘိုးက ခရစ်ယာန်ဘုရားကျောင်းကြီးတစ်ခုလုံးကို ဗိသုကာပညာသင်ယူမှုလုံးဝမရှိခဲ့ဘဲ နှစ်ပေါင်း ၅၀ ကြာအောင် တစ်ကိုယ်တော် တည်ဆောက်လာခဲ့တာဖြစ်ပါတယ်။ အသက် ၃၇ နှစ်အရွယ်ကတည်းက ဘုရားကျောင်းကြီးကို စတင်တည်ဆောက်နေခဲ့တာဖြစ်ပြီး ဘုရားကျောင်းကြီးတည်ဆောက်ဖို့ရာအတွက် မြို့က ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေဆီက အသုံးမပြုဘဲစွန့်ပစ်ခဲ့တဲ့ပစ္စည်းတွေ၊ အိမ်သုံးလက်လုပ်ပစ္စည်းတွေကိုသာအသုံးပြုကာ တည်ဆောက်နေခဲ့တာဖြစ်ပါတယ်။** ဘုရားကျောင်းကြီးရဲ့အမိုးခုံးကြီးကပဲ ၁၃၁ ပေမြင့်ပြီး အမိုးခုံးကြီးသက်သက်ပဲ နှစ်ပေါင်း ၃၀ ကြာအချိန်ယူတည်ဆောက်ခဲ့ရတယ်လို့ သိရပါတယ်။ ဗိသုကာပညာတွေ၊ ဆောက်လုပ်ရေးအတတ်ပညာတွေတစ်ခုကိုမှ သင်ယူလေ့လာထားခဲ့တာမျိုးမရှိဘဲ ကိုယ့်စိတ်ကူးထဲမှာတွေးမြင်ထားတဲ့ ဘုရားကျောင်းပုံစံအတိုင်း တဖြည်းဖြည်းချင်း ပုံဖော်တည်ဆောက်ခဲ့တာကြောင့် အခက်အခဲမရှိခဲ့ဘူးလို့ အဘိုးဒွန်ဂျက်စတိုက ဆိုပါတယ်။ ခမ်းနားလှပတဲ့ ဘုရားကျောင်းကြီးအတွက် အဆောက်အအုံပုံစံရေးဆွဲတာမျိုးဆိုရင် အချိန်ကြန့်ကြာနေဦးမှာဖြစ်ပြီး သူ့အနေနဲ့ကတော့ ဘယ်နေရာမှာ ဘာလေးထည့်ပြီးဘယ်လိုဆောက်လိုက်မယ်ဆိုပြီး အချိုးချမှန်းဆတွက်ချက်လိုက်ပြီး ချက်ချင်းထလုပ်လိုက်တာပါပဲလို့ အဘိုးဒွန်ဂျက်စတိုက ဆိုပါတယ်။ **စွန့်ပစ်ပစ္စည်းတွေပြန်လည်အသုံးချတာမျိုးအပြင် မြို့က ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ၊ အလှူရှင်တွေဆီက လှူဒါန်းမှုတွေနဲ့လည်း** ဒီဘုရားကျောင်းကြီးကို အဘိုးက တဖြည်းဖြည်းချင်း တည်ဆောက်လာခဲ့တာဖြစ်ပါတယ်။ ယုံကြည်သက်ဝင်မှုနဲ့ သဒ္ဓါစိတ်ထက်သန်မှုနဲ့ပဲ နေ့စဉ်နေ့တိုင်း ဘုရားကျောင်းကြီးကို တည်ဆောက်ရင်း အချိန်ကုန်လွန်နေခဲ့တာဖြစ်ပြီး **သူရဲ့ကျန်ရှိတဲ့နေ့ရက်တွေကိုလည်း ဘုရားသခင်ဆီမှာ အပ်နှံထားပါတယ်**လို့ အဘိုးဒွန်ဂျက်စတိုကဆိုပါတယ်။ **(DM, 9.2.19) သံသာ**

## ၂၀၁၈ သည် စတုတ္ထမြောက်စံချိန်တင်အပူဆုံးနှစ်ဖြစ်ပြီး လာမည့်နှစ်များ ထိုထက်ပူမည်



၂၀၁၈ ခုနှစ်သည် စတုတ္ထမြောက် စံ**ချိန်တင်အပူဆုံးနှစ်ဖြစ်သော်လည်း နောက်လာမည့် ငါးနှစ်သည် ထို့ထက်သိသိသာသာ ပိုပူဦးမည်ဟု** ဗြိတိသျှမိုးလေဝသပညာရှင်များက ခန့်မှန်းသည်။ ကမ္ဘာ့အပူချိန်မသိမသာ ပြောင်းနေပုံကို နိုင်ငံတကာပညာရှင်များက ၎င်းတို့အဖွဲ့အလိုက်လေ့လာဆန်းစစ်ခဲ့ကြသော်လည်း နောက်ဆုံးထွက်လာသည့်ရလဒ်မှာ အတူတူပင်ဖြစ်သည်။ **၂၀၁၈ ခုနှစ်သည် ၂၀၁၆၊ ၂၀၁၅၊ ၂၀၁၇ တို့ပြီးလျှင် အပူဆုံးနှစ်ဖြစ်သည်။** ပြီးခဲ့သည့်နှစ်တွင် ပျမ်းမျှအပူချိန်သည် ၁၄ ဒသမ ၆၉ ဆဲလ်ဆီးယပ်စ်ရှိခဲ့သည်။ ထိုနှစ်သည် ဥရောပဒေသအများစုအတွက် စံချိန်တင် အပူနွေးဆုံးနှစ်ဖြစ်သည်။ ၂၀၁၈ ခုနှစ်က ထိုရှေ့ကနှစ်များနှင့်ယှဉ်လျှင် မသိမသာ အပူလျော့နေခြင်းမှာ ရာသီဥတုက ကြုံရာကျပန်းပြောင်းချင်သလိုပြောင်းနေသောကြောင့်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်သည်။ '**၂၀၁၈ ခုနှစ်က အရင်နှစ်တွေထက် အပူလျော့တယ်ဆိုတာ ဘာမှမဟုတ်ပါဘူး။ ရာသီဥတုက ပိုပူဖို့ပဲ ရှိတယ်။ ပိုအေးလာဖို့ မရှိဘူး**' ဟု ရာသီဥတုသိပ္ပံပညာရှင် စတီဖန်ရမ်စတော့ဖ်က ဆိုသည်။ 'ဒီအချက်ကို လက်မခံဘူးဆိုတဲ့လူတွေဟာ သိပ္ပံပညာကို ဆန့်ကျင်နေတာပဲ' ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**(DM, 8.2.19) ချယ်ရီ**

## ရင်သားတုထည့်သွင်းရာမှ ရင်သားကင်ဆာဖြစ်ကာ သေဆုံးရသူ ကိုးဦးထိရှိလာ



ရင်သားတုထည့်သွင်းမှုကြောင့် ရင်သားမှာ **Anaplastic large cell lymphoma (BIA-ALCL) လို့ဆိုတဲ့ ရှားပါးကင်ဆာရောဂါဖြစ်ပွားလာကြပြီး သေဆုံးသူကိုးဦးထိရှိလာခဲ့ပြီ**လို့ အမေရိကန်အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့ က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ **ထည့်သွင်းထားတဲ့ရင်သားတုတွေရဲ့ ပတ်ပတ်လည်မှာ အမာရွတ်အကျိတ်တွေဖြစ်လာတဲ့ ကင်ဆာပုံစံဖြစ်ပြီး အမေရိကမှာ ရင်သားတုထည့်သွင်းခဲ့တဲ့ အမျိုးသမီးတွေထဲမှာ ၄၄၈ ဦးခန့်က ဒီကင်ဆာကို ခံစားနေရတာကို စစ်ဆေးတွေ့ရှိထားတယ်**လို့ အမေရိကန်FDAအဖွဲ့က ဒေါက်တာဘီနီတာအာရှာက ဆိုပါတယ်။ **၂၀၁၈ ခုနှစ်မှာ အဆိုပါရင်သားကင်ဆာခံစားရသူ ၄၁၄ ဦးရှိခဲ့ပြီး ကာလတိုအတွင်းမှာ ၄၄၈ ဦးထိ အရှိန်အဟုန်နဲ့ တိုးများလာခဲ့တာကို** တွေ့ရတဲ့အတွက် စိုးရိမ်ရတဲ့အခြေအနေတစ်ရပ်ဖြစ်လာခဲ့ပြီလို့ ဒေါက်တာဘီနီတာအာရှာက ဆိုပါတယ်။ ဆီလီကွန်ရင်သားတုတွေရဲ့ဘေးကင်း လုံခြုံမှုကို FDA က တရားဝင်သုံးသပ်တင်ပြမှုမတိုင်မီ စစ်ဆေးမှုတွေအရ ရင်သားတုထည့်သွင်းသူတွေမှာ BIA-ALCL ကင်ဆာဖြစ်သူများလာတာကို တွေ့ခဲ့တာလို့ ဒေါက်တာဘီနီနာအာရှာက ဆိုပါတယ်။ ရရှိထားတဲ့မှတ်တမ်းအချက်အလက်တွေအရ **ကမ္ဘာတစ်ဝန်းမှာ ရင်သားတုတွေထည့်သွင်းမှုကြောင့် BIA-ALCL ကင်ဆာဖြစ်ပွားသူ ၆၀၀ ဦးကျော်ရှိနေပြီး ဒီကင်ဆာကြောင့် ကမ္ဘာမှာ သေဆုံးသူ ၁၆ ဦးထက်မနည်းရှိလာခဲ့ပြီ**လို့ မှန်းဆသုံးသပ်ထားကြကြောင်း ဒေါက်တာဘီနီတာ အာရှာက ဆိုပါတယ်။ **(DM, 9.2.19) သံသာ**

## အမေရိကန်ရေတပ်စခန်းကို ဓာတ်ပုံရိုက်မိသည့် တရုတ်ကျောင်းသား ထောင်ဒဏ် တစ်နှစ်ချမှတ်ခံရ



အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်က **ရေတပ်အခြေစိုက်စခန်းတစ်ခုရဲ့ ကန့်သတ်ထားမြစ်ထားတဲ့နေရာမှာ ဓာတ်ပုံရိုက်ကူးမိခဲ့တာကြောင့် အသက် ၂၀ အရွယ် တရုတ်ကျောင်းသား ကျောင်ချန်လီ ထောင်ဒဏ်တစ်နှစ်ချမှတ်ခံလိုက်ရတယ်**လို့ သိရပါတယ်။ ကျောင်က တရုတ်နိုင်ငံ၊ North University က တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး နွေရာသီပညာရေးဖလှယ်မှုအစီအစဉ်နဲ့ တေးဂီတပညာရပ်ကို လေ့လာဖို့ အမေရိကကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ ကီးဝက်စ်မြို့ရေတပ်အခြေစိုက်စခန်းရဲ့ တင်းကြပ်ထားတဲ့ ကန့်သတ်နေရာမှာ ခွင့်ပြုချက်မရှိဘဲ ကျောင်က ဓာတ်ပုံတွေရိုက်ကူးမှတ်တမ်းတင်ထားခဲ့တာဖြစ်ပါတယ်။ ကျောင်ကတော့ **တမင်ရည်ရွယ်ချက်ရှိရှိနဲ့ ရိုက်ကူးခဲ့တာမဟုတ်ဘဲ အလည်အပတ်သွားရင်း လမ်းပျောက်ပြီး ရေတပ်စခန်းနားရောက်သွားခဲ့ချိန်မှာ အမှတ်တရရိုက်ကူးမိခဲ့တာပါ**လို့ တရားရုံးမှာ ခုခံလျှောက်ထားခဲ့ပါတယ်။ မိုဘိုင်းဖုန်းနဲ့ရော၊ ကင်မရာနဲ့ပါ လေတပ်စခန်းကို မှတ်တမ်းတင်ရိုက်ကူးထားခဲ့တာဖြစ်ပြီး ရှိသမျှဓာတ်ပုံအားလုံးက လေတပ်စခန်းနားက ပုံတွေပဲဖြစ်ကာ **အခြားခရီးသွားလည်ပတ်မှုနေရာတွေက ဓာတ်ပုံတွေ တစ်ခုတစ်လေမှ မရိုက်ထားခဲ့တာကို စစ်ဆေးတွေ့ရှိထားခဲ့တယ်**လို့ FBI က ဆိုပါတယ်။ ဒါ့ပြင်ကျောင်က အမေရိကကို တရားဝင်ရောက်ရှိနေတာမှန်ပေမယ့်လည်း **ဓာတ်ပုံရိုက်လို့ဖမ်းဆီးခံရချိန်မှာ သူရဲ့ဗီဇာခွင့်ပြုချက်သက်တမ်းလွန်နေခဲ့ပြီ**လို့ FBI က ဆိုပါတယ်။ ကျောင်သွားရောက်ခဲ့တဲ့ **ကီးဝက်စ်ရေတပ်စခန်းထဲမှာ ကမ္ဘာ့ဦးဆောင်ထောက်လှမ်းရေးစင်တာတစ်ခုအဖြစ်လည်း တွဲဖက်ဆောင်ရွက်နေကြတာဖြစ်တယ်**လို့လည်း သိရပါတယ်။ ဒီဌာနမှာ နေ့စဉ်သံသယဖြစ်ဖွယ်ပစ်မှတ် ၁၀၀၀ ကျော်ကို ဓာတ်ပုံတွေကနေ VR ပုံရိပ်တုပရိုဂရမ်တွေအဖြစ် ပုံဖော်မှတ်တမ်းယူကာထောက်လှမ်းပေးနေတယ်လို့လည်းသိရပါတယ်။ ကန့်သတ်နယ်မြေမှာ ဓာတ်ပုံခိုးရိုက်မှုနဲ့ ထောင်ဒဏ်တစ်နှစ်ကျခံရမယ့်အပြင် ပြစ်ဒဏ်ကာလပြီးဆုံးခဲ့ရင်လည်း ကျောင်ရဲ့လှုပ်ရှားမှုမှန်သမျှကို နောက်ထပ်တစ်နှစ်စောင့်ကြည့်သွားမှာဖြစ်ပြီး မသင်္ကာဖွယ်လှုပ်ရှားမှုမျိုးတွေ့တာနဲ့ ပြင်းပြင်းထန်ထန် အရေးယူသွားမယ်လို့ ကီးဝက်စ် တရားရုံးက အမိန့်ချခဲ့တာဖြစ်ပါတယ်။**(DM, 9.2.19) သံသာ**

## ဖိလစ်ပိုင်က အွန်လိုင်းပေါ်တွင် အချိန်ဖြုန်းသူအများဆုံးနိုင်ငံဖြစ်လာ



**ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာပေါ်မှာ အွန်လိုင်းသုံးစွဲသူအများဆုံးနိုင်ငံဖြစ်လာပါတယ်။** The Digital 2019 ရဲ့အစီရင်ခံစာအရ ကမ္ဘာပေါ်မှာ အွန်လိုင်းသုံးစွဲသူအများဆုံးနိုင်ငံအဖြစ် ဖိလစ်ပိုင်နိုင်ငံကို ဖော်ပြခဲ့ပြီး **၂၀၁၈ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးချင်းစီရဲ့ နေ့စဉ်ပျမ်းမျှအွန်လိုင်းသုံးစွဲချိန်က ၁၀ နာရီ ၂ မိနစ်ထိ ကြာမြင့်တယ်**လို့ အစီရင်ခံစာမှာ ဖော်ပြခဲ့ပါတယ်။ **ဖိလစ်ပိုင်နိုင်ငံပြီးရင် ဘရာဇီးနိုင်ငံက ဒုတိယနေရာမှာရှိနေခဲ့ပြီး ဘရာဇီးနိုင်ငံသားတစ်ဦးချင်းစီရဲ့နေ့စဉ်ပျမ်းမျှ အွန်လိုင်းသုံးစွဲမှုကြာချိန်က ၉ နာရီ ၂၉ မိနစ်ရှိတယ်လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံက တတိယနေရာမှာရှိနေခဲ့ပြီး ထိုင်းနိုင်ငံသားတစ်ဦးချင်းစီရဲ့နေ့စဉ်ပျမ်းမျှအွန်လိုင်းသုံးစွဲမှုကြာမြင့်ချိန် ၉ နာရီ ၁၁ မိနစ်ဖြစ်**တယ်လို့ သိရပါတယ်။ ကိုလံဘီယာက ပျမ်းမျှ ၉ နာရီနဲ့ စတုတ္ထနေရာမှာရှိနေခဲ့ပြီး အင်ဒိုနီးရှားက ပျမ်းမျှ ၈နာရီ ၃၆မိနစ်နဲ့ ပဉ္စမနေရာမှာရှိနေခဲ့တယ်လို့သိရပါတယ်။ **နည်းပညာမှာ ရှေ့တန်းအရောက်ဆုံး ထိပ်သီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်က ပျမ်းမျှ ၆ နာရီ ၃၁ မိနစ်၊ တရုတ်က ၅ နာရီ ၅၂ မိနစ်နဲ့ ဗြိတိန်က ၅ နာရီ ၄၆ မိနစ်စီသာရှိတာကို အံ့အားသင့်ဖွယ်တွေ့ရှိခဲ့တယ်**လို့ အစီရင်ခံစာမှာ ဖော်ပြထားခဲ့ပါတယ်။ လူမှုမီဒီယာတွေနဲ့ အွန်လိုင်းဂိမ်းတွေ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လူငယ်အများစုက အွန်လိုင်းမှာ အချိန်ဖြုန်းမှုများပြားလာခဲ့ကြတာဖြစ်ပြီး အွန်လိုင်းကြောင့် ဆိုးကျိုးကောင်းကျိုးသက်ရောက်မှုဒဏ်တွေကို ယခင်ကထက် ပိုမိုခံစားလာရနိုင်ဖွယ်ရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ **ကမ္ဘာမှာအွန်လိုင်းသုံးစွဲမှုအနည်းဆုံးနိုင်ငံကတော့ ဂျပန်နိုင်ငံဖြစ်ပြီး ဂျပန်နိုင်ငံသားတစ်ဦးချင်းစီရဲ့ နေ့စဉ်အွန်လိုင်းသုံးစွဲမှုပျမ်းမျှကြာချိန်က ၃ နာရီ ၄၅ မိနစ် သာရှိ**တယ်လို့ အဆိုပါအစီရင်ခံစာမှာ ဖော်ပြထားခဲ့ပါတယ်။ **(CNN, 9.2.19) သံသာ**

## ၂၀၂၂ ဆောင်းရာသီအိုလံပစ်အားကစားကွင်းများ၌ သဘာဝစွမ်းအင်ကိုသာ သုံးစွဲမည်



၂၀၂၂ ခုနှစ် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်ကို **တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပသွားမှာဖြစ်ပြီး** အိုလံပစ်အားကစားပွဲတော်သမိုင်းတစ်လျှောက် **ပထမဆုံးအကြိမ်အဖြစ် ဘေဂျင်းအိုလံပစ်အားကစားကွင်းတွေအားလုံးမှာ သဘာဝစွမ်းအင်တွေကိုသာ သုံးစွဲသွားမယ်လို့သိရပါတယ်၊** ၂၀၂၂ ဆောင်းရာသီဘေဂျင်းအိုလံပစ်အားကစားကွင်းတွေအားလုံးမှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ သန့်ရှင်းတဲ့အရင်းအမြစ်တွေဆီကရယူတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကိုသာ သုံးစွဲသွားဖို့ နိုင်ငံတကာအိုလံပစ်ကော်မတီဒုဥက္ကဋ္ဌဂျူရန် အန်တိုနီယိုဆမာရန့်နဲ့လည်း သဘောတူ ညီမှုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီလို့ ဘေဂျင်းဒုတိယမြို့တော်ဝန်ကျန်းကျန်တုန်က ပြောကြားခဲ့ပါတယ်။ စိမ်းလန်းသောအိုလံပစ် အားကစားပွဲတော်တွေကို ကျင်းပသွားနိုင်ဖို့ရာအတွက် ဘေဂျင်းဆောင်းရာသီ အိုလံပစ်ပွဲတော်က အစပြုမှာဖြစ်တဲ့အပြင် နောင်အနာဂတ်မှာ ဘေဂျင်းမြို့နဲ့ ကျန်းကျာကူမြို့တွေမှာပါ ပြန်လည်ပြည့် ဖြိုးမြဲစွမ်းအင်တွေ တိုးမြှင့်သုံးစွဲသွားမယ်လို့ ဘေဂျင်းဒုတိယမြို့တော်ဝန်ကျန်းက ဆိုပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုတွေအပြင် အဆိုပါစွမ်းအင်တွေကို ဖြန့်ဖြူးပေးဝေတဲ့နေရာမှာလည်း နည်းပညာမြင့်မှတ်ဉာဏ်တုဖြန့်ဖြူးစနစ်တွေ သုံးစွဲနိုင်တဲ့အဆင့်ထိ တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ လျှပ်စစ်ဓာတ်အားပေးဝေမှုအထွေထွေမန်နေဂျာရှင်ပေါ်အန်က ဆိုပါတယ်။

(CD, 8.2.19) သံသာ






## ရဟတ်ယာဉ်ဟောင်းကို ဒေါ်လာ ၁၃၀၀၀ ကျော်အကုန်အကျခံပြုပြင်ကာ သားဖြစ်သူအတွက် ကိုယ်ပိုင်ရုပ်ရှင်ရုံဖန်တီးပေးခဲ့သူ



ဗြိတိန်နိုင်ငံမှအသက် ၄၆ နှစ်အရွယ် မာရီယာအမည်ရှိအမျိုးသမီးသည် ဝစ်ရှိုင်းယားဒေသရှိနေအိမ်တွင် သားဖြစ်သူအတွက် ရဟတ်ယာဉ်ဟောင်းကြီးကို ဒေါ်လာ ၁၃၀၀၀ ကျော်အကုန်အကျခံပြုပြင်ကာ ကိုယ်ပိုင်ရုပ်ရှင်ရုံတစ်ခုဖန်တီးတည်**ဆောက်ပေးခဲ့**သည်ဟု သိရသည်။

အသက် ၁၁ နှစ်အရွယ်ဖရက်ဒီအမည်ရှိသားဖြစ်သူအတွက် ရဟတ်ယာဉ်ဟောင်းကြီးကို ၁၂၃၉ ဒေါ်လာဖြင့်ဝယ်ယူကာ ဒေါ်လာ ၁၃၀၀၀ ကျော်အကုန်အကျခံ၍ အချိုရည်ဘား၊ ဆိုဖာခုံတန်းရှည်၊ မီးခိုးငွေ့စက်နှင့်အသံအထူးပြုလုပ်ချက်များထည့်သွင်းထားသော ကိုယ်ပိုင်ရုပ်ရှင်ရုံငယ်လေးအဖြစ် ဖန်တီးခဲ့ခြင်းဖြစ်သည်။ မာရီယာနှင့်ဖရက်ဒီက ခရီးထွက်လာချိန်တွင် **Helicopter Museum ၌ ရောင်းချနေသည့်ရဟတ်ယာဉ်ကိုတွေ့သည့်အခါ မာရီယာက ချက်ချင်းပင် ဝယ်ယူရန်စိတ်ဝင်စားခဲ့သည်၊** ရဟတ်ယာဉ်ဟောင်းကြီးသည် မာရီယာတို့၏နေအိမ်ထဲတွင် ဝင်ဆံ့နေခဲ့သည်ကိုတွေ့ရှိရပြီးနောက် သားဖြစ်သူအတွက် သီးသန့်နေရာလေးတစ်ခုအဖြစ် ပြောင်းလဲပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

(AP,9.2.19) အေးယုနိုင်

## အာတိတ်သမုဒ္ဒရာထဲမှ ရေခဲစိုင်ကြီးတွင် ဒေါ်နယ်လ်ထရမ့်၏ မျက်နှာပုံတူကို အမှန်တကယ်ထွင်းထုပုံဖော်တော့မည်



**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တစ်ခုက အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်၏ ရာသီဥတုပြောင်းလဲမှုအရေးနှင့်ပတ်သက်သော အမြင်ကိုဆန့်ကျင်ပြသည့်အနေဖြင့် အာတိတ် သမုဒ္ဒရာထဲမှရေခဲစိုင်ကြီးတစ်စုတွင် ဒေါ်နယ်လ်ထရမ့်၏မျက်နှာပုံတူကို အမှန်တကယ်ထွင်းထုပုံဖော်နိုင်တော့မည်**ဖြစ်သည်ဟု သိရသည်။

ဖင်လန်နိုင်ငံ၏ Melting Ice အဖွဲ့သည် အဆိုပါပရောဂျက်အတွက် ပြီးခဲ့သည့်နှစ်နှစ်အတွင်း ရန်ပုံငွေစုဆောင်းနေခဲ့ခြင်းဖြစ်သည်။ **ဒေါ်နယ်လ်ထရမ့်သည် ၂၀၁၇ ခုနှစ်တွင် ပဲရစ်ရာသီဥတုဆိုင်ရာ သဘောတူညီချက်မှနုတ်ထွက်ပြီးနောက် Mount Rushmore တွင် မိမိ၏ပုံတူရုပ်ကို ထွင်းထုထားသင့်သည်ဟု နောင်ပြောင်ခဲ့ဖူးသည်၊ ထရမ့်၏မျက်နှာပုံတူထွင်းထု ထားသောရေခဲစိုင်ကြီးကို Trumpmore ဟု အမည်ပေးထားပြီး Trumpmore အရည်ပျော်သွားသည့်အချိန်ပမာဏကို ပြသခြင်းအားဖြင့်** ထရမ့်နှင့်တစ်ကမ္ဘာလုံးအား ရာသီဥတုပြောင်းလဲမှုပြဿနာ၏အရေးကြီးပုံကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ Melting Ice ဥက္ကဋ္ဌနီကိုလတ်စ်ပရေတိုက **ကမ္ဘာကြီးပူနွေးလာမှုကို သိပ္ပံနည်းလမ်းကျသက်သေပြနိုင်မည့်အနုပညာပရောဂျက်တစ်ခုဖြစ်သည်** ဟု ဆိုခဲ့ကြောင်း သိရသည်။

(AP,9.2.19) အေးယုနိုင်

## ဟန်ဂေရီတွင် ကလေးလေးယောက်နှင့်အထက် မွေးဖွားသည့်အမျိုးသမီးများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေး



**ဟန်ဂေရီနိုင်ငံတွင် ကလေးမွေးဖွားမှုနှုန်းမြှင့်တင်ရန်ရည်ရွယ်၍ ကလေးလေးယောက်နှင့်အထက်မွေးဖွားသည့်အမျိုးသမီးများကို ဝင်ငွေအခွန်ကင်းလွတ်ခွင့်ပေးသွားမည်ဟု** ဝန်ကြီးချုပ်က ဆိုလိုက်ကြောင်း သိရသည်။

ဟန်ဂေရီနိုင်ငံ၏အနာဂတ်ကို ရွှေ့ပြောင်းနေထိုင်သူများပေါ်တွင်မှီခိုမှုကင်းရှင်းစေရန်ဖြစ်သည်ဟု ဝန်ကြီးချုပ်ဗစ်တာအော်ဘန်က ဆိုသည်။ ဟန်ဂေရီနိုင်ငံ၏လက်ယာယိမ်းအမျိုးသားရေးဝါဒီဝင်များမှာ မွတ်စလင်များရွှေ့ပြောင်းနေထိုင်မှု ကိုဆန့်ကျင်လျက်ရှိသည်။ နိုင်ငံ၏လူဦးရေသည် တစ်နှစ်လျှင် ၃၂၀၀၀ ခန့်ကျဆင်းလာလျက်ရှိပြီး အမျိုးသမီးများမှာလည်း ကလေးမွေးဖွားသည့်နှုန်းလျော့ကျလာခဲ့သည်။ ယခုအခါ **ကလေးလေးယောက်နှင့်အထက်မွေးဖွားသည့်အမျိုးသမီးများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးမည့်အပြင် လူငယ်ဇနီးမောင်နှံများအနေဖြင့် ဒေါ်လာ ၃၆၀၀၀ အတိုးမဲ့ချေးငွေရရှိမည်ဖြစ်ပြီး ကလေးသုံးယောက်ရသည်နှင့် ချေးငွေကိုချေဖျက်ပေးမည်ဖြစ်သည်။** ဝန်ကြီးချုပ်၏မိန့်ခွန်းအတွင်း နိုင်ငံ၏ကလေးမွေးဖွားမှုနှုန်းကိုမြှင့်တင်ရန်လုပ်ဆောင်သွားမည့်အစီအစဉ်များတွင် လာမည့်သုံးနှစ်အတွင်း နေ့ကလေးထိန်းကျောင်း ၂၁၀၀၀ ခန့် တည်ထောင်ရေး၊ နိုင်ငံကျန်းမာရေးစနစ်အတွက် ဒေါ်လာ ၂ ဒသမ ၅ ဘီလျံ ထပ်ဆောင်းအသုံးပြုရေးတို့လည်းပါဝင်သည် ဟု သိရသည်။

(BBC,11.2.19)
အေးယုနိုင်

## ဒူဘိုင်းရဲတပ်ဖွဲ့ နှစ် ၅၀ ပြည့်အထိမ်းအမှတ်တွင် မောင်းသူမဲ့ယာဉ် ၃၀၀ ဖြင့် ပုံစံအများဆုံးဆက်တိုက်ပုံဖော်ကာ ဂင်းနက်စ်စံချိန်တင်

ဒူဘိုင်းရဲတပ်ဖွဲ့၏ နှစ် ၅၀ ပြည့်အထိမ်းအမှတ်တွင် ရာနှင့်ချီသောမောင်းသူမဲ့ယာဉ်များဖြင့် ပုံစံအများဆုံးဆက်တိုက်ပုံဖော်ကာ ဂင်းနက်စ်စံချိန်တင်ခဲ့သည်ဟု သိရသည်။

**၁၀ မိနစ်ကြာမြင့်ခဲ့သည့်ပြပွဲတွင် မောင်းသူမဲ့ယာဉ် ၃၀၀ အသုံးပြုခဲ့ပြီး အဆိုပါယာဉ်များဖြင့်ဆက်တိုက်ပုံဖော်ခဲ့သည့်ပုံသဏ္ဌာန်များထဲတွင်** ယူအေအီးအုပ်ချုပ်သူရှိတ်ခ်မိုဟာမက်ဘင်ရာဆစ်အယ်လ်မက်ခ်တွန်နှင့်အိမ်ရှေ့စံမင်းသားရှိတ်ခ်ဟမ်ဒန်ဘင်မိုဟာမက်ဘင်ရာဆစ်အယ်လ်မက်ခ်တွန်တို့၏ပုံတူများလည်းပါဝင်သည်။ ရုပ်ပုံများအပြင် မောင်းသူမဲ့ယာဉ်များက အာရပ်ဘာသာစကားဖြင့် 'ကျေးဇူးပါ ရှိတ်ခ်မိုဟာမက်' ဟူသောစာတန်းကိုလည်း ပုံဖော်ရေးသားခဲ့ကြသည်။



**ညအမှောင်ကောင်းကင်ယံတွင် အလင်းရောင်များတောက်ပနေသည့်မောင်းသူမဲ့ယာဉ်များက ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲဖော်ကျူးနေကြသည်ကို လှပစွာမြင်တွေ့ခဲ့ကြရသည်။** ပြပွဲအတွင်း စုစုပေါင်း မောင်းသူမဲ့ယာဉ် ၃၀၀ ဖြင့် **ပုံသဏ္ဌာန် ၁၁ ခုဖော်ကျူးနိုင်ခဲ့ပြီးနောက်**တွင် ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့သည်ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## တရုတ်နှင့်မကြာခဏတင်းမာမှုဖြစ်နေရသည့်ပြည်နယ်သို့ အလည်အပတ်လာသည့် အိန္ဒိယဝန်ကြီးချုပ်မိုဒီကို တရုတ်က ဝေဖန်ပြစ်တင်

အိန္ဒိယနှင့်တရုတ်နိုင်ငံကြား မကြာခဏတင်းမာမှုဖြစ်နေသည့် **အိန္ဒိယမြောက်ပိုင်းနယ်စပ်ရှိ အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်သို့ ဝန်ကြီးချုပ်မိုဒီအလည်အပတ်လာရောက်ခဲ့ခြင်းအတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ပြစ်တင်လိုက်ကြောင်း** သတင်းရရှိသည်။ အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် လေဆိပ်အပါအဝင် ဘက်စုံဒေသဖွံ့ဖြိုးရေးအတွက် ရူပီးငွေ ကုဋေ ၄၀၀၀ (ဒေါ်လာ ၅၆၂၀၈၀၀၀၀)ရင်းနှီးမြှုပ်နှံမည့်စီမံကိန်းများ စတင်ရေးနှင့် လာမည့်မေလတွင် ပြုလုပ်ကျင်းပမည့် အိန္ဒိယရွေးကောက်ပွဲအတွက်ရည်ရွယ်ကာ ပြည်သူများနှင့်တွေ့ဆုံစည်းရုံးမှုများအတွက် ဝန်ကြီးချုပ်မိုဒီရောက်ရှိလာခဲ့ကြောင်း အိန္ဒိယအခြေစိုက်သတင်းများတွင် ဖော်ပြခဲ့သည်။



တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြား နယ်စပ်တင်းမာမှုများပြေလျော့ရေးနှင့် နှစ်နိုင်ငံရင်းနှီးမှုတိုးတက်စေရေး ကြိုးပမ်းနေသည်ဖြစ်ရာ အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်၏အလေးထားမှုများကို လေးစားသင့်ပြီး နှစ်နိုင်ငံနယ်စပ်တင်းမာမှုများဖြစ်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားခဲ့သည်။ **ထိုထုတ်ပြန်ချက်နှင့်ပတ်သက်၍ အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့်တစ်သားတည်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ ထာဝရအစိတ်အပိုင်းဖြစ်ခြင်းကြောင့် အိန္ဒိယခေါင်းဆောင်များက အရူနာချယ်ပရာဒေ့ရှ်ကို မကြာခဏလာရောက်နေမည်ဖြစ်ကြောင်း** အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ထုတ်ပြန်ထားခဲ့သည်။

(INT, 11.2.19)
သံသာ

## သတင်းပြန့်နေသည့် အာဏာသိမ်းမှုကောလာဟလများမှာ မဟုတ်မမှန်ကြောင်း ထိုင်းဝန်ကြီးချုပ်ဆို



**ထိုင်းရွေးကောက်ပွဲတွင် ထိုင်းတော်ဝင်မင်းသမီး အူဘော်ရက်ထနာမာဟီဒေါက ဝန်ကြီးချုပ်နေရာအတွက် ပါဝင်ယှဉ်ပြိုင်ရန်စာရင်းပေးသွင်းလာသည့်နောက်ပိုင်း ထိုင်းရွေးကောက်ပွဲနှင့်ပတ်သက်၍ လူအများပိုမိုစိတ်ဝင်စားလာကြချိန်တွင် အာဏာသိမ်းမှုအပြင် ထိုင်းစစ်တပ်အကြီးအကဲတစ်ချို့ ရာထူးမှရပ်နားခံရသည်ဟူသည့် ကောလာဟလသတင်းများပြန့်နှံ့လာနေခဲ့ရာ** အဆိုပါသတင်းများမှာ မဟုတ်မမှန်သည့် သတင်းအတုအယောင်များသာဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ပရာယုသ်ချန်အိုချာက ထုတ်ဖော်ပြောကြားခဲ့သည်။ သတင်းတုများထွက်ပေါ်လာနေသည့်ဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေပြီး မဟုတ်မမှန်လုပ်ကြံကာသတင်းလွှင့်သူများကို အရေးယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပရာယုက ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ တွစ်တာ၌ အာဏာသိမ်းမှုအကြောင်း သတင်းအတု တက်လာခဲ့ပြီးနောက် တွစ်တာတွင် #ThaiCoupဆိုသည့် Hashtagက ထိပ်ဆုံးရောက်နေခဲ့သည်။ အဆိုပါ Hashtag နှင့် ပူးတွဲတင်ထားသည့် ပို့စ်များ အလွန်များပြားလာခဲ့ပြီး အာဏာသိမ်းမှုဆိုသည့် သတင်းနှင့်ပတ်သက်၍ ရှာဖွေဖတ်ရှုလိုသူများက ယင်း Hashtag နှင့် ရှာဖွေနေကြသဖြင့် လူသုံး အများဆုံး Hashtag ဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်က စစ်အာဏာသိမ်းမှုကြောင့် လက်ရှိထိုင်းနိုင်ငံသည် စစ်အစိုးရအုပ်ချုပ်မှုလက်အောက်ရောက်နေခဲ့ခြင်းဖြစ်သည်။ စည်းမျဉ်းခံဘုရင်စနစ်စတင် ကျင့်သုံးလာခဲ့သည့် ၁၉၃၂ ခုနှစ်ကတည်းက ယနေ့ချိန်ထိ ထိုင်းနိုင်ငံတွင် အောင်မြင်မှုမရှိသည့်အာဏာသိမ်းမှု ၁၂ ကြိမ်လည်း ရှိခဲ့ဖူးကြောင်းသိရသည်။ **ထိုင်းတော်ဝင်မင်းသမီးက သက်ဆင်မိသားစုပါတီကို ထောက်ကူပေးလာမည့် ထိုင်းရက်ဆာချက်ပါတီမှကိုယ်စားပြုကာ ဝန်ကြီးချုပ်နေရာကိုယှဉ်ပြိုင်သွားရန်စာရင်းပေးလာခဲ့ပြီးနောက် ထိုင်းဘုရင်ဝဇိရာလောင်ကွန်းက အမတော်ဖြစ်သူ၏ လုပ်ရပ်ကို ကန့်ကွက်နေကြောင်း သတင်းထပ်မံထွက်လာခဲ့ရာ** ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိတ်ဝင်စားမှုများပြားလာသည်နှင့် အတူ ကောလာဟလများလည်း အမျိုးမျိုးအဖုံဖုံ ပြန့်နှံ့လာနေခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တော်ဝင်မင်းသမီး အူဘောရက်ထနာ၏ ထိုင်းရက်ဆာချက်ပါတီကိုလည်း ရွေးကောက်ပွဲမှနုတ်ထွက်သွားရေးအတွက် ဖိအားပေးမှုများလည်း ရှိလာခဲ့ကြောင်း သိရသည်။

(ST, DM, 11.2.19) သံသာ

## အိန္ဒိယတွင် အရက်အဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၇၉ ဦးထိ တိုးမြင့်လာ

**အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အရက်အဆိပ်သင့်မှုကြောင့် သေဆုံးသူ ၇၉ ဦးထိ တိုးမြင့်လာခဲ့ကြောင်း** သတင်းရရှိသည်။ တရားမဝင်ချက်လုပ်ရောင်းချသည့် အရက်ပုန်းများသောက်သုံးမိခဲ့ခြင်းကြောင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ၄၉ ဦးသေဆုံးခဲ့ရပြီး မရှေးမနှောင်းမှာပင် ဥတ္တရာခမ်ပြည်နယ်၌ ၃၀ ဦးသေဆုံးခဲ့ရကြောင်း ရဲအရာရှိ အရှော့ကူမားက ထုတ်ဖော်ပြောကြားခဲ့သည်။ သေဆုံးသူများကို အလောင်းစစ်ဆေးမှုအရ ဗဟိုအာရုံကြောစနစ်ကိုထိခိုက်ပျက်စီးစေသည့် **မက်သနောများ ပါရှိနေသည့်အရက်ပုန်းများကို သောက်သုံးမိခဲ့ရာမှာ သေဆုံးရခြင်းဖြစ်သည်ကို** တွေ့ရှိထားခဲ့ကြောင်း ရဲအရာရှိ အရှော့ကူးမားက ဆိုသည်။ အိန္ဒိယတွင် တရားမဝင်အရက်ပုန်းများကြောင့် အသက်သေဆုံးမှုများ မကြာခဏဖြစ်ပွားနေခဲ့ပြီး ဒေသတွင်း အရက်ပုန်းရောင်းချမှုများကို ရှာဖွေဖမ်းဆီးအရေးယူလျက်ရှိကြောင်း ဥတ္တရပရာဒေ့ရှ်အစိုးရပြောရေးဆိုခွင့်ရှိသူ အဝါနစ်အဝက်စသီက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၉ ရက်က




စတင်သည့် တရားမဝင် အရက်ပုန်းရောင်းသူများကို ရှာဖွေဖမ်းဆီးမှုတွင် ဥတ္တရပရာဒေ့ရှ်ပြည်နယ်တစ်ခုတည်း၌ပင် ဖမ်းဆီးမိခဲ့သူ ၃၀၀၀ ကျော်ရှိခဲ့ကြောင်း အဝါနစ်အဝက်စသီက ပြောကြားခဲ့သည်။

(AP, 11.2.19)
သံသာ

## ဒူဘိုင်းမြို့တွင် ငလျင်လှုပ်ခတ်မှုကြောင့် အထိတ်တလန့်ဖြစ်ခဲ့ကြ



ကမ္ဘာပေါ်တွင် အမြင့်မားဆုံးအဆောက်အအုံများ တည်ဆောက်ထားရှိရာ ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့တွင် မြေငလျင်လှုပ်ခတ်သွားခဲ့သဖြင့် အထိတ်တလန့်ဖြစ်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။ အီရန်နိုင်ငံတောင်ပိုင်း၊ ကီရှန်ကျွန်းကို ဗဟိုပြုကာ ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး အဆိုပါငလျင်လှုပ်ခတ်မှုကို ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့ကပင် သိရှိခံစားခဲ့ကြရခြင်းဖြစ်ကြောင်းသိရသည်။ **ငလျင်ဖြစ်ပွားမှုနည်းပါးသည့် ဒူဘိုင်းမြို့၌ ရုတ်တရက်လှုပ်ခါရမ်းသွားသည့် ငလျင်ကြောင့် မြို့နေပြည်သူများအပြင် ဒူဘိုင်းမြို့သို့ ရောက်ရှိနေသည့် ခရီးသည်များပါ ထိတ်လန့်သွားခဲ့ကြပြီး** လူမှုမီဒီယာများတွင် ငလျင်သတင်းနှင့် ဘေးကင်းလုံခြုံမှုအခြေအနေအတည်ပြုချက်များ ချက်ချင်းပျံ့နှံ့သွားခဲ့ကြောင်း သိရသည်။ ငလျင်ဗဟိုဖြစ်သည့် အီရန်နိုင်ငံတောင်ပိုင်း၊ ကီရှန်ကျွန်းတွင်မူ အဆောက်အအုံအများအပြားပြိုကျပျက်စီးသွားခဲ့ရပြီး အမျိုးသမီးသုံးဦးအပါအဝင် စုစုပေါင်း ငါးဦးသေဆုံးခဲ့ရကြောင်း ကနဦးမြေငလျင်သတင်းများအရသိရသည်။ ငလျင်လှုပ်ရမ်းသွားခဲ့ပြီး နောက် ဆက်တွဲငလျင်လှိုင်းငယ်များလည်း ရှိခဲ့သဖြင့် ရုတ်ရုတ်သဲသဲဖြစ်ခဲ့ကြသော်လည်း **ဒူဘိုင်းမြို့တွင် တည်ဆောက်ထားသည့် မိုးမျှော်အဆောက်အအုံများအားလုံးမှာ ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ထိ ဒဏ်ခံနိုင်သော အဆောက်အအုံများဖြစ်ရာ** အလွန်အမင်းစိတ်လှုပ်ရှားပူပန်စရာမလိုကြောင်း ဒူဘိုင်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

(DS, 11.2.19) သံသာ

## အစ္စရေးဝန်ကြီးချုပ်က ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်ရေးကြော်ငြာတွင် ဒေါ်နယ်လ်ထရမ့်၏ရုပ်ပုံကို အသုံးပြုနေ

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက တယ်လ်အာဗစ်နှင့်ဂျေရုစလင်မြို့ကြီးများရှိလမ်းဘေးကြော်ငြာဆိုင်းဘုတ်ကြီးများတွင် ပြန်လည်ရွေးကောက်ခံရရေးအတွက် စည်းရုံးလှုံ့ဆော်မှုကြော်ငြာ၌ ၎င်းနှင့်ဒေါ်နယ်လ်ထရမ့်၏ရုပ်ပုံကို အတူတကွအသုံးပြုလျက်ရှိသည်ဟု သိရသည်။



တယ်လ်အာဗစ်မြို့ရှိကြော်ငြာဆိုင်းဘုတ်ကြီးမှာ နေ့စဉ်ထောင်နှင့်ချီသောကားများဖြတ်သန်းသွားလာနေသည့်အဝေးပြေးလမ်းမတစ်ခုပေါ်တွင်ဖြစ်ပြီး ဂျေရုစလင်မြို့ရှိဆိုင်းဘုတ်ကြီးမှာ မြို့အဝင်အဆောက်အအုံကြီးတစ်ခုပေါ်တွင်ဖြစ်သည်။ **ကြော်ငြာဆိုင်းဘုတ်တွင် နေတန်ယာဟုနှင့်ဒေါ်နယ်လ်ထရမ့်တို့လက်ဆွဲနှုတ်ဆက်နေသည့်ဓာတ်ပုံပါဝင်ပြီး ခေါင်းဆောင်နှစ်ဦးကြားရင်းနှီးသောပတ်သက်မှုကို ဖော်ကျူးလိုခြင်းဖြစ်သည်။** အာဏာရ Likud ပါတီကိုဦးဆောင်သောနေတန်ယာဟုသည် လာမည့်ဧပြီလတွင် ပြန်လည်ရွေးကောက်ခံရနိုင်ခြေရှိနေသော်လည်း အစ္စရေးကာကွယ်ရေးဦးစီးချုပ်ဟောင်း Benny Gantz ဦးဆောင်သော Israel Resilience ပါတီမှာလည်း ထောက်ခံမှုများရရှိလျက်ရှိနေသည်ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## ရုရှားမြို့တစ်မြို့တွင် ပိုလာဝက်ဝံအကောင် ၅၀ ကျော် ကျူးကျော်ဝင်ရောက်လာမှုကြောင့် အစိုးရက အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထား





ရုရှားနိုင်ငံ အာတိတ်ကျွန်းစု Novaya Zemlya ရှိ **Belushya Guba** မြို့ငယ်လေးတွင် **ပိုလာဝက်ဝံ ၅၀ ကျော်ခန့်ကျူးကျော်ဝင်ရောက်လာမှုကြောင့် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားရ**သည်ဟု သိရသည်။

ပိုလာဝက်ဝံများမှာ **လူနေအိမ်တိုက်ခန်းများ၏အိမ်ရှေ့တံခါးများအထိရောက်ရှိနေကြခြင်းဖြစ်သော်လည်း အာဏာပိုင်များက မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသည့်ပိုလာဝက်ဝံများကိုပစ်ခတ် သတ်ဖြတ်ပါက တရားစွဲဆိုခံရမည်ဟု သတိပေးထားသည်။** မြို့အတွင်း၌ ပိုလာဝက်ဝံများသည် အမှိုက်ပုံများအတွင်းအစာရှာဖွေကာ မြို့တွင်း၌လည်းလှည့်လည်သွားလာလှည့်ရှိသည်။ ပိုလာဝက်ဝံများသည် **လေထဲမှသေနတ်ဖောက်သံများ၊ ကားဟွန်းတီးသံများကိုပင်မကြောက်တော့ဘဲ လူနှင့်နီးကပ်ရာ၌သွားလာနေကြသော်လည်း** တာဝန်ရှိသူများက ပိုလာဝက်ဝံများကို သတ်ဖြတ်ခွင့်မပေးဘဲ ပိုလာဝက်ဝံများအားရန်မစပီစေရန်သင်ခန်းစာများပို့ချပေးမည့်အထူးကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကိုပင် စေလွှတ်ထားသည်။ သို့တိုင်အောင် အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်ကာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိနေသည်ဟု သိရသည်။

(AP,11.2.19) အေးယုနိုင်

## ချစ်သူများနေ့အတွက် အထူးရောင်းချနေသည့် ရေမွှေးအတုများတွင် အသက်သေစေနိုင်သည့် ဆိုင်ယာနိုက်အဆိပ်များ ပါဝင်နေ



ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကျရောက်မည့် **ချစ်သူများနေ့အတွက် အထူးရောင်းချနေသည့် ရေမွှေးအတုများတွင် လူ့အသက်ကိုပင်သေစေနိုင်လောက်သည်အထိ ပြင်းထန်သည့်ဆိုင်ယာနိုက်အဆိပ်များ ပါဝင်နေသည်ကို** စစ်ဆေးတွေ့ရှိထားကြောင်း ဗြိတိန်အာဏာပိုင်များက ထုတ်ပြန်သတိပေးခဲ့သည်။ ကုန်ပစ္စည်းအတုအပပြုလုပ်သူများကို စုံစမ်းဖော်ထုတ်မှုတစ်ခုတွင် ချစ်သူများနေ့အတွက် ကြိုတင်ပြင်ဆင်ထုတ်လုပ်ထားသည့် ရေမွှေးပုလင်းပေါင်း ၅၀၀ ကျော်နှင့် အလှကုန်ပစ္စည်းအများအပြားကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ကြေး ဒေါ်လာ ၅၁၀၀၀ တန်ကြေးခန့်ကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကာ ဖမ်းဆီးခဲ့သည့်**ရေမွှေးများကို စစ်ဆေးခဲ့ရာတွင် ဆိုင်ယာနိုက်အဆိပ်များပါရှိနေခဲ့ပြီး အလှကုန်များတွင်လည်း အာဆင်းနစ်၊ ပြဒါးနှင့် ခဲဆိပ်များကိုပါရှိနေသည်ကို** စစ်ဆေးတွေ့ရှိထားကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ ရေမွှေးနှင့်အလှကုန်များက ချစ်သူများနေ့အတွက် ရောင်း အားအကောင်းဆုံးထုတ်ကုန်များဖြစ်နေပြီး ဈေးချိုစွာဝယ်ယူနိုင်မည့် ပရိုမိုးရှင်းအနေဖြင့် ကုန်ပစ္စည်းအတုအပများကို ရောနှောရောင်းချနေကြခြင်းကို သတိပြုသင့်ကြောင်း၊ အဆိုပါကုန်ပစ္စည်းအတုအပများကို ဝယ်ယူသုံးစွဲမိသူများအနေဖြင့် အဆိပ်သင့်မှုများ၊ ဓာတ်မတည့်မှုများဖြစ်လာနိုင်ပြီး ပမာဏအများအပြားသုံးမိလျှင်လည်း အသက်အန္တရာယ်ထိခိုက်နိုင်သည့်အထိ အန္တရာယ်များသည်ဖြစ်ရာ ဝယ်ယူသူများအနေဖြင့် အထူးသတိပြုဝယ်ယူသင့်ကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ဆိုသည်။ **ဗြိတိန်တွင် ခရစ္စမတ်နှင့် ချစ်သူများနေ့တွင် ကုန်ပစ္စည်းအတုများ အများဆုံးရောင်းချနေကြပြီး နှစ်စဉ်အရောင်းအဝယ်ဖြစ်နေသည့် ကုန်ပစ္စည်းအတုတန်ကြေးမှာ ဒေါ်လာ ၁၁၆ ဒသမ ၅ သန်းမျှရှိနေကြောင်း** စစ်ဆေးရေးအရာရှိ ထရေဆာရက်ဆဲလ်က ဆိုသည်။ အွန်လိုင်းရောင်းချမှုတွင် ကျယ်လာသည့်နောက်ပိုင်း ကုန်ပစ္စည်းအတုရောင်းချမှုများလည်း ပိုမိုများပြားလာပြီး အရည်အသွေးစံမမီဘဲ အန္တရာယ်များသည့် အတုအပများ၏ အန္တရာယ်က ဗြိတိန်တွင်သာမက တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်စိုးရိမ်ဖွယ်ရာဖြစ်လာကြောင်း ထရေဆာရက်ဆဲလ်က ပြောကြားခဲ့သည်။

(DS, 11.2.19) သံသာ

## ယာဉ်မရပ်ရနေရာတွင် ကားရပ်သွားသည့်မြို့တော်ဝန်ကို ယာဉ်ထိန်းရဲက ဒဏ်ငွေရိုက်






အိန္ဒိယနိုင်ငံတွင် ယာဉ်စည်းကမ်းထိန်းသိမ်းမှုမှာ လျော့ရဲလျက်ရှိပြီး စည်းကမ်းဖောက်ဖျက်သည့်အာဏာပိုင်များကို အရေးယူနိုင်ရန် အားနည်းနေသည့်အချိန်တွင် **ဟိုင်ဒါရာဘတ်မြို့မှယာဉ်ထိန်းရဲတစ်ဦးမှာ မြို့တော်ဝန်အား ယာဉ်မရပ်ရနေရာတွင် ကားရပ်သည့်အတွက် ဒဏ်ငွေရိုက်ခဲ့**သည်ဟု သိရသည်။

**ယာဉ်မရပ်ရနေရာတွင်ရပ်ထားသော မြို့တော်ဝန် Bonthu Rammohan ၏ ကားကို** ဖြတ်သွားဖြတ်လာတစ်ဦးက ဓာတ်ပုံရိုက်ကာ လူမှုကွန်ရက်မီဒီယာပေါ်၌တင်ခဲ့ပြီးနောက်တွင် ယာဉ်ထိန်းရဲတစ်ဦးက Rammohan ထံသို့ ဒဏ်ငွေဖြတ်ပိုင်းတစ်ခုပေးပို့ခဲ့သည်။ မြို့တော်ဝန် Rammohan က စည်းကမ်းဖောက်ဖျက်သူကို ထောက်ပြခဲ့သည့်ပုဂ္ဂိုလ်ကိုကျေးဇူးတင်ကြောင်း ဆိုခဲ့သည့်အပြင် **ယာဉ်ထိန်းရဲကိုလည်း အလုပ်တာဝန်ကျေပွန်ကာ မိမိကို သာမန်ပြည်သူလူထုနှင့်မခွဲခြားဘဲ တန်းတူဆက်ဆံခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ဆိုခဲ့သည်။** ကျသင့်သည့်အတိုင်း ဒဏ်ငွေသွားဆောင်ခဲ့သည့် Rammohan က ယခုဖြစ်ရပ်ကိုနမူနာယူကာ အခြားဝန်ထမ်းများကိုလည်း အလားတူပင် စည်းမျဉ်းကိုလိုက်နာကြရန်တိုက်တွန်းခဲ့သည်။ **ယာဉ်မရပ်ရနေရာတွင် ကားရပ်ခဲ့သူမှာ မြို့တော်ဝန်ကိုယ်တိုင်မဟုတ်ဘဲ ၎င်း၏ကားဒရိုင်ဘာသာဖြစ်သော်လည်း Rammohan က မိမိတွင်တာဝန်ရှိသည်ဟု ဆိုခဲ့ကြောင်း** သိရသည်။

(AP,11.2.19) အေးယုနိုင်

## အခိုးခံရသည်ဟုထင်ခဲ့သည့် ရွှေလက်စွပ်က ၁၂ နှစ်ကြာပြီးမှ နာချေရင်းနာခေါင်းထဲက ပြန်ထွက်လာခဲ့



ဗြိတိန်နိုင်ငံ ဝက်စ်ယော့ရှိုင်းယားစီရင်စုက အဘီဂေးတွမ်ဆင်ဆိုတဲ့ **အသက် ၂၀ အရွယ်မိန်းကလေးက ငယ်ငယ်တုန်းက အမေဆင်ပေးထားတဲ့ ရွှေလက်စွပ်လေး သူခိုးခိုးခံလိုက်ရလို့ ပျောက်သွားတယ်လို့ ထင်မှတ်ခဲ့ပေမယ့် ၁၂ နှစ်ကြာပြီးတော့မှ နာချေရင်း သူ့နာခေါင်းထဲက** နေပဲ ပြန်ထွက်လာခဲ့တယ်လို့ ဆိုပါတယ်။ **ရှစ်နှစ်ပြည့် မွေးနေ့လက်ဆောင်အဖြစ်ရထားခဲ့တဲ့ ကလေးဝတ် ရွှေလက်စွပ်လေးအကြောင်းကို စိတ်ထဲတောင်မရှိတော့တဲ့အချိန် ၁၂ နှစ်ခန့်ကြာပြီးခါမှ နာချေရင်း မထင်မှတ်ဘဲ နာခေါင်းထဲကထွက်လာခဲ့တာကြောင့်** ပြန်တွေ့ခဲ့ရတယ်လို့ အဘီဂေးက ဆိုပါတယ်။ ရွှေလက်စွပ်က ခိုးခံရတာ ဒါမှမဟုတ် အကြောင်းကြောင်းကြောင့်ပျောက်ဆုံးသွားခဲ့တာလို့ အမျိုးမျိုးတွေးခဲ့ဖူးပေမယ့် သူ့နာခေါင်းထဲဝင်ပြီး ပျောက်နေခဲ့လိမ့်မယ်လို့တော့ တစ်ခါမှ တွေးတောင်မတွေးမိခဲ့ဖူးဘူးလို့ အဘီဂေးက ဆိုပါတယ်။ ငယ်ငယ်တုန်းက တန်ဖိုးထားရတဲ့လက်စွပ်လေးဖြစ်တာကြောင့် နေရာမလပ်ရှာနေခဲ့ပေမယ့် နောက်ဆုံးလက်လျှော့ခဲ့ရပြီး တကယ်တမ်းတော့ လက်စွပ်လေးက အဝေးကြီးမှာမဟုတ်ဘဲ သူနဲ့အနီးဆုံးနေရာမှာ လုံခြုံစွာနဲ့ရှိနေခဲ့တာလို့ အဘီဂေးကဆိုပါတယ်။ **နာခေါင်းထဲမှာညပ်နေလို့ သာတော်သေးပြီး အသက်ရှူရင်း၊ အိပ်နေရင်း၊ ကစားနေရင်း လေပြွန်ထဲထိ ရောက်မသွားခဲ့လို့သာ ဒုက္ခမရောက်ခဲ့ရတာလို့** အရေပြားခွဲစိတ်ဆရာဝန်ဒေါက်တာနာဗင်းကာဖေးလ်က ဆိုပါတယ်။ **ကလေးရှိသူတွေအနေနဲ့ လက်စွပ်တွေ၊ ပစ္စည်းအသေးအမွှားတွေ ပျောက်သွားတဲ့အခါ ကိုယ့်ကလေးရဲ့ ခန္ဓာကိုယ်ထဲရောက်သွားတာမျိုးရှိမရှိကို ပါမိဘအုပ်ထိန်းသူတွေအနေနဲ့ စစ်ဆေးပေးသင့်တယ်လို့လည်း** ဒေါက်တာနာဗင်းကာဖေးလ်က သတိပေးခဲ့ပါတယ်။

(DM, 9.2.19) သံသာ

## ဘီးတပ်ကုလားထိုင်များနှင့် တန်ချိန် ၁၀၀ ကျော်လေးသည့် လေယာဉ်ကြီးကို ဆွဲရွှေ့ကာ ကမ္ဘာ့စံချိန်တင်



ဗြိတိန်နိုင်ငံ **လန်ဒန်မြို့ ဟီးသရိုးလေဆိပ်မှာ ဘီးတပ်ကုလားထိုင်အသုံးပြုသူ ၉၈ ဦးပါဝင်တဲ့အဖွဲ့က တန်ချိန် ၁၂၇ ဒသမ ၆ တန် (၂၈၁၃၁၀ ပေါင်)အလေးချိန်ရှိတဲ့ Boeing 787-9 Dreamliner လေယာဉ်ကြီးကို ၁၀၆ မီတာ (၃၄၈ ပေ)အကွာထိ ဆွဲရွှေ့ခဲ့ကြပြီး ကမ္ဘာ့စံချိန်တင်ခဲ့ကြတယ်လို့**သိရပါတယ်။ ဗြိတိန်လေကြောင်းလိုင်း၊ ဟီးသရိုးလေဆိပ်တို့နဲ့ ဗြိတိန်လူမှုကူညီရေးပရဟိတ အဖွဲ့ဖြစ်တဲ့ Aerobility တို့အတူပူးပေါင်းကာ Wheels4Wings ဆိုတဲ့ခေါင်းစဉ်နဲ့ စံချိန်တင်ကြိုးပမ်းမှုပြုလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ မသန်စွမ်းပုဂ္ဂိုလ်တွေအတွက် ကူညီပေးဖို့ Aerobility ကို ၁၉၉၃ ခုနှစ်ကတည်းက တည်ထောင်ခဲ့တာဖြစ်ပြီး မသန်စွမ်းသူတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေအပြင် လေယာဉ်ပျံသန်းခြင်းပညာရပ် သင်ယူလေ့လာနိုင်စေဖို့နဲ့ မသန်စွမ်းသူတွေပါ လေယာဉ်မှူးလိုင်စင်ရရှိနိုင်စေဖို့အထိ ကူညီလုပ်ဆောင်ပေးနေကြတာဖြစ်ပါတယ်။ ဒီစံချိန်တင်ကြိုးပမ်းမှုမှာ မသန်စွမ်းသူတွေအပြင် စေတနာ့ဝန်ထမ်းကူညီသူတွေနဲ့ လေဆိပ်လုံခြုံရေးအရာရှိတွေ၊ စီမံခန့်ခွဲရေးဝန်ထမ်းတွေကအစ ပါဝင်ကူညီပေးခဲ့ကြတာဖြစ်ပါတယ်။ ဟီးသရိုးလေဆိပ်မှာလည်း မသန်စွမ်းသူအားလုံးအတွက် အဆင်ပြေစွာလေယာဉ်စီးနင်းနိုင်စေမယ့် စီစဉ်ဆောင်ရွက်မှုတွေ ပြုလုပ်ပေးထားကာ မသန်စွမ်းခရီးသည်တွေကို ကူညီပံ့ပိုးပေးထားခဲ့ပြီလို့သိရပါတယ်။ **ဒီစံချိန်တင်မှုကနေရရှိတဲ့ငွေကို မသန်စွမ်းသူတွေအတွက် ကူညီပံ့ပိုးပေးသွားမယ်လို့**လည်း သိရပါတယ်။

(GWR, 9.2.19) သံသာ

## ထိုင်းရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများတွင် သက်ဆင်၊ ယင်လတ်ဟူ၍ အမည်ပြောင်းလဲထားသူများလည်း ပါဝင်လာ



ထိုင်းနိုင်ငံတွင် စစ်အာဏာသိမ်းမှုအပြီး ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပမည့် ထိုင်းရွေးကောက်ပွဲကို လာမည့် **မတ်လ ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။** အဆိုပါရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားကြမည့် **ကိုယ်စားလှယ်လောင်းများအနက် ၁၅ ဦးခန့်က ယခင်ဝန်ကြီးချုပ်ဟောင်းများဖြစ်သည့် သက်ဆင်နှင့် ယင်လတ်တို့၏ အမည်များကို အစွဲပြုပြီး အမည်ပြောင်းလဲကာ စာရင်းပေးသွင်းလာခဲ့ကြကြောင်း** ထိုင်းအခြေစိုက်သတင်းများအရသိရသည်။ စာရင်းပေးသွင်းလာသူများအနက် **အမျိုးသားကိုယ်စားလှယ်လောင်း ၁၀ ဦးက ၎င်းတို့၏ အမည်များတွင် သက်ဆင်ဟု ပြောင်းလဲထည့်သွင်းလာခဲ့ကြပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းငါးဦးက ယင်လတ်ဟူ၍ အမည်ပြောင်းလဲလာခဲ့ကြခြင်းဖြစ်ကြောင်း** သိရသည်။ အမည်စာရင်းပေးသွင်းမှု ပထမဆုံးရက်မှာတင် စာရင်းပေးသွင်းလာသည့် **ကိုယ်စားလှယ်လောင်းဦးရေ ၆၀၀၀ ခန့်ရှိခဲ့ပြီး** သက်ဆင်နှင့် ယင်လတ်ဟူ၍ အမည်ပြောင်းလဲပြင်ဆင်ထားသူများလည်း ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။ ဆန္ဒမဲပေးသူများအနေဖြင့် **အမည်မှတ်သားရလွယ်ကူစေရန်နှင့် မဲပေးရာတွင် မှားယွင်းပေးလိုက်ခြင်းမျိုးမရှိစေရန် ရည်ရွယ်ချက်များနှင့် ယင်းကဲ့သို့ အမည်ပြောင်းလဲမှုများပြုလုပ်လာခဲ့ကြခြင်းဖြစ်ပြီး** အမည်ပြောင်းလဲမှုမှာ ဥပဒေနှင့်ရွေးကောက်ပွဲစည်းမျဉ်းချိုးဖောက်မှုလုပ်ရပ်မျိုး မဟုတ်သဖြင့် လွတ်လပ်စွာပြောင်းလဲ ခွင့်ရှိခြင်းဖြစ်ကြောင်း သက်ဆင်ဟု အမည်ပြောင်းလဲခဲ့သူ ကိုယ်စားလှယ်လောင်းဂျိရာရှော့ကီရာတီဆာဝိရာကူ(အမည်ဟောင်း)က ဆိုသည်။ အမည်ပြောင်းလဲမှုများက မဲအနိုင်ရမှုအတွက် အကျိုးရှိနိုင်သော်လည်း ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုများနှင့် အခြားမည်သည့်လုပ်ရပ်မျိုးတွင်မဆို အမှားအယွင်းအတိမ်းအစောင်းမရှိစေဖို့ သတိနှင့်ဆင်ခြင်ကာ လုပ်ဆောင်နိုင်ခါမှ တော်မည်ဖြစ်ပြီး သေးငယ်သည့် အမှားအယွင်းမျိုးနှင့်ပင် ကိုယ်စားပြုပါတီများအပေါ် ပျက်ယွင်းစေမည့်သက်ရောက် မှုမျိုးဖြစ်လာနိုင်ကြောင်း လုံခြုံရေးနှင့် နိုင်ငံတကာလေ့လာရေးဌာနပါမောက္ခ သီသီနန်ပွန်ဆုဒီရက်က သတိပေးသုံးသပ်ထားခဲ့သည်။

(Guardian, 9.2.19) သံသာ

## ဗြိတိန်တွင် မောင်းသူမဲ့ကားများကို ၂၀၂၁ ခုနှစ်၌ စတင်မောင်းနှင်ခွင့်ပြုမည်



ဗြိတိန်နိုင်ငံရဲ့လမ်းမတွေထက်မှာ **ရာနှုန်းပြည့်မောင်းသူမဲ့မော်တော်ယာဉ်တွေ မောင်းနှင်သွားလာနေတာကို ၂၀၂၁ ခုနှစ်မှာစတင်မြင်တွေ့ရတော့မှာ**ဖြစ်ပါတယ်။ မောင်းသူမဲ့မော်တော်ကားတစ်စီးချင်းစီအတွက် စမ်းသပ်စစ်ဆေးမှုပြီးဆုံးအောင်မြင်ကြောင်း ခွင့်ပြုချက်ရရှိပြီးခါမှ လမ်းမတွေထက်မှာ မောင်းနှင်ခွင့်ပြုမှာဖြစ်တယ်လို့ ဗြိတိန်ပို့ဆောင်ဆက်သွယ်ရေးဌာနက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မောင်းသူမဲ့မော်တော်ကားတွေအသုံးပြုတဲ့အခါ ယာဉ်မှာလိုက်ပါလာသူ၊ လမ်းပေါ်မောင်းနှင်သွားလာမှုနဲ့ လမ်းပေါ်က လူတွေနဲ့ အခြားမော်တော်ယာဉ်တွေရဲ့ ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရစေဖို့ စစ်ဆေးစမ်းသပ်မှုအဆင့်ဆင့်ကို အောင်မြင်ကြောင်းထောက်ခံမှုရရှိပြီးမှ လမ်းမတွေပေါ်မှာ မောင်းနှင်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ မောင်းသူမဲ့ယာဉ် မောင်းနှင်မှုခွင့်ပြုဖို့အတွက် လိုအပ်တဲ့သတ်မှတ်ချက်တွေအားလုံးကို နှစ်နှစ်တာအတွင်း အဆင်သင့်ဖြစ်စေဖို့ကြိုးပမ်းလုပ်ဆောင်သွားကြပြီး ၂၀၂၁ ခုနှစ်မှာ စတင်ခွင့်ပြုပေးသွားမှာဖြစ်တယ်လို့ ဗြိတိန်မော်တော်ယာဉ်ဝန်ကြီး ရစ်ချတ်ဟာရင်တန်က ဆိုပါတယ်။ ဗြိတိန်နိုင်ငံမှာ **ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ ဗြိတိန်နိုင်ငံသားတွေရဲ့အသက်အန္တရာယ်ဘေးကင်းရေးကို အလေးထားကာ မောင်းသူမဲ့ယာဉ်မောင်းနှင်ခွင့်ပြုရေးစစ်ဆေးချက်တွေကို အတိအကျစစ်ဆေးဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့** ရစ်ခတ်ဟာရင်တန်က ပြောကြားခဲ့ပါတယ်။

(DM, 9.2.19) သံသာ

## ကမ္ဘာပေါ်တွင် သတ်သေနှုန်း သုံးပုံပုံတစ်ပုံ နည်းလာ

**မိမိကိုယ်မိမိ သတ်သေနှုန်း တစ်ကမ္ဘာလုံးတွင် သုံးပုံပုံ တစ်ပုံကျော် ကျဆင်းလာကြောင်း** နောက်ဆုံးထုတ်ပြန်လိုက်သည့် လေ့လာချက်က ဆိုသည်။ **သတ်သေသူအရေအတွက်တွင် အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် သိသိသာသာပိုများနေကြောင်း**ကိုလည်း လေ့လာချက်တွင် အတိုင်းသားမြင်တွေ့ရသည်။ တစ်နှစ်တစ်နှစ် ကမ္ဘာပေါ်တွင် လူပေါင်း မည်မျှ သတ်သေသည်ဆိုသည့် ကိန်းဂဏန်းကို ၁၉၉၀ ခုနှစ်ကတည်းက စတင်ပြုစုလာခဲ့သည်။ သတ်သေခြင်းသည် လူထုကျန်းမာရေးပြဿနာကြီးတစ်ရပ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပြီး **နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၈၀၀၀၀၀ ကျော် မိမိကိုယ်မိမိ**



**အဆုံးစီရင်နေကြသည်ဟုသိရသည်။** ရရှိထားသည့်အချက်အလက်များ အရဆိုလျှင် သတ်သေနှုန်းသိသိသာသာ ကျဆင်းလာနေသည်။ ၂၀၁၆ ခုနှစ်တွင် လူပေါင်း ၈၁၇ ၀၀၀ သည် အဆုံးစီရင်ခဲ့ကြပြီး ယင်းအရေအတွက်သည် ၁၉၉၀ ခုနှစ်အရေအတွက်နှင့်ယှဉ်လျှင် ၆ ဒသမ ၇ ရာခိုင်နှုန်း တက်လာခြင်းဖြစ်သည်။ သို့သော် **ယနေ့ခေတ်လူဦးရေနှင့်ယှဉ်စဉ်းစားလျှင်မူ လူပေါင်း ၁၀၀၀၀၀ လျှင် သတ်သေသူဦးရေသည် ၁၆ ဒသမ ၆ ဦးမှ ၁၁ ဒသမ ၂ ဦးအထိ ကျဆင်းလာခြင်းဖြစ်သည်။** ကမ္ဘာ့လူဦးရေသည် ပြီးခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း တစ်ဟုန်ထိုးများပြားလာခဲ့သည်။ ကမ္ဘာတစ်လွှားတွင် သတ်သေသူများအနက် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ထက်ဝက်ကျော်များပြားနေသော်လည်း ယင်းသို့ အဘယ်ကြောင့်ဖြစ်ရသည်ဆိုသည်ကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြမထားပေ။

(CNA, 8.2.19) ချယ်ရီ

# MYANMORE Dining and Nightlife Awards နှင့် Travel Awards ဆုများ ချီးမြှင့်မည်



၆ ကြိမ်မြောက် **MYANMORE Dining and Nightlife Awards နှင့် ပထမဆုံးအကြိမ် MYANMORE Travel Awards ဆု ချီးမြှင့်ရန်အတွက် သတင်းစာရှင်းလင်းပွဲ**ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း ၅၀ (အောက်ဘလောက်) ရှိ 50 Street Restaurant and Bar တွင် ဖေဖော်ဝါရီလ ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲကို ယခုနှစ်နွေဦးတွင် ကျင်းပသွားမည်ဖြစ်ကာ **မြန်မာဘီယာက ဆုပေးပွဲ၏ အဓိကပံ့ပိုးသူအဖြစ် ထပ်မံပါဝင်သွားမည်ဖြစ်**ကာ တစ်နှစ်တာ အကောင်းဆုံး မြန်မာပရီမီယံဘီယာဆိုင်နှင့် တစ်နှစ်တာအကောင်းဆုံး မြန်မာဘီယာဆိုင်ဆုကို ပေးမည်ဖြစ်ပြီး **KBZPay ကလည်း ဝင်ရောက်ပံ့ပိုးမည်ဖြစ်ကာ** Entrepreneur of the Year ဆုကို ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆုပေးပွဲတွင်ပါဝင်မည့် ဆုများမှာ အကောင်းဆုံး စားသောက်ဆိုင်ဆု ခေါင်းစဉ်အောက်၌ ဆု ၆ ဆု၊ တစ်ဦးတစ်ယောက်ချင်းစီနှင့် အသင်းအဖွဲ့လိုက် အကောင်းဆုံးဆုခြောက်ဆု၊ ခရီးသွားလုပ်ငန်းဆိုင်ရာဆု ၁၀ ဆု စသည်ဖြင့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၃၃၃

# Toshiba အရောင်းကိုယ်စားလှယ်များကို ညစာဖြင့်ဧည့်ခံ



United Electrical & Electronics Co.,Ltd. Toshiba Singapore Pte နှင့် Toshiba Thailand Co.,Ltd တို့မှ ပူးပေါင်း၍ **Toshiba ၏ အရောင်းကိုယ်စားလှယ်ကြီးများကို** ၂၆-၁-၂၀၁၉ ရက်နေ့က Sule Shangrila Hotel တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်း၊ အမှတ်တရလက်ဆောင်များပေးအပ်ခြင်း၊ Lucky Draw ဆုမဲများပေးအပ်ခြင်း၊ ပျော်ရွှင်ဖွယ်ဂိမ်းကစားခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ■

# Nova Light အရောင်းပြခန်း ဖွင့်လှစ်ခဲ့




အရည်အသွေးမြင့် အလှဆင်မီးဆိုင်းများနှင့် မီးလုံးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်သော **Nova Light အရောင်းပြခန်း ဖွင့်လှစ်ခြင်းအခမ်းအနား**ကို ဖေဖော်ဝါရီလ ၉ ရက်က ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နယ်ပွဲအလုံလမ်းနှင့် ငုဝါလမ်းထောင့်ရှိ အဆိုပါအရောင်းပြခန်းတွင် ကျင်းပခဲ့သည်။ ယင်းအရောင်းပြခန်းတွင် ရှန်ဟိုင်းနှင့် ဟောင်ကောင်မှ တိုက်ရိုက်တင်သွင်းထားသော အလှဆင်မီးဆိုင်းများ၊ မီးလုံးများ၊ နောက်ဆုံးပေါ် ဒီဇိုင်းများဖြင့်ဆောင်ရွက်ထားသည့် Lanscape Lighting၊ Underwater lamp၊ wall lamp၊ ed strip၊ spot light၊ down light၊ street lamp၊ wash wall lamp၊ floorscent lamp၊ table lamp များကို စိတ်ဝင်စားဖွယ်ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၀၂၅









# ဒေါ်လာ ၄ သန်း ဆောင်ကြဉ်းပေးနိုင်မည့် ထီလက်မှတ် အမှိုက်ပုံထဲရောက်ရန် သီသီလေးသာ လို




အမေရိကန်ပြည်ထောင်စု တန်နက်ဆီပြည်နယ်က **ဒေါ်လာ ၄ သန်းတန် ထီလက်မှတ်သည် အမှိုက်ပုံထဲရောက်လုဆဲဆဲဖြစ်သွားခဲ့သည်။ ထီထိုးသူက ထိုထီလက်မှတ်မပေါက်ဟုဆိုကာ အမှိုက်ပုံထဲပစ်ရန်လုပ်ခဲ့ခြင်းဖြစ်သည်။** တန်နက်ဆီ ခဲခြစ်ထီထိုးခဲ့သော်လည်း မပေါက်ဟုထင်ကာ ကားနောက်ခန်းထဲပစ်ထည့်ထားလိုက်ကြောင်း ကံထူးရှင်လောင်း ရှောင်ဝင်းက ဆိုသည်။ **ထီလက်မှတ် တစ်ကြိမ်မပေါက်လျှင်လည်း ယင်းလက်မှတ်ဖြင့် အွန်လိုင်းတွင် ဒုတိယအကြိမ် ထပ်မံကံစမ်း၍ရသည်။ ထို့ကြောင့် အွန်လိုင်းတွင် ထိုလက်မှတ်ဖြင့် ထပ်မံကံစမ်းရာ ပေါက်ပြီးသား ထီလက်မှတ်ဖြစ်နေသဖြင့် ထပ်မံကံစမ်း၍မရနိုင်ကြောင်း ကွန်ပျူတာက ပြောသည်။** 'ခဲခြစ်ထီကို ခြစ်တော့ခြစ်လိုက်တာပဲ။ ဒါပေမဲ့ မျက်စိလျှမ်းသွားလို့ ထင်တယ်။ မပေါက်ဘူးဆိုပြီး ကားနောက်ခန်းထဲ ပစ်ထည့်ထားလိုက်တာ။ အမှိုက်ပစ်ရင် တစ်ခါတည်း ပစ်လိုက်လို့ရအောင်ပေါ့။ နောက် **ကွန်ပျူတာက ပြောမှပဲ ထပ်တိုက်လိုက်တော့ ဒေါ်လာ လေးသန်းဆုပေါက်မှန်း သိသွားတာပဲ**'ဟု ၎င်းက ပြောပြသည်။ ဒေါ်လာ လေးသန်းဆိုသည့် ဆုကြေးကို မည်သို့သုံးစွဲရမည်မှန်း မသိသေးကြောင်း ဝင်းက ဆိုသည်။

**(UPI, 8.2.19)**
ချယ်ရီ

# ၃၀ မြောက် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မည့် မက်ဆီဒိုးနီးယား



**နေတိုးအဖွဲ့ထဲဝင်ခွင့် စာချုပ်ကို မက်ဆီဒိုးနီးယားက လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည့်အတွက်** မက်ဆီဒိုးနီးယားသည် **၃၀ မြောက် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာရန်** အလွန်နီးစပ်လာပြီဖြစ်သည်။ ယင်းစာချုပ်ကို နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီက အတည်ပြုပေးရမည်ဖြစ်သည်။ မက်ဆီဒိုးနီးယားဆိုသည့်အမည်နှင့် ပတ်သက်၍ နှစ်ပေါင်း ၂၇ နှစ်တိုင်တိုင်ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုကို ပြီးခဲ့သည့်လတွင် **ဂရိနှင့် မက်ဆီဒိုးနီးယား ဖြေရှင်းနိုင်ခဲ့သည်။ မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံဆိုသည့်အမည်ကို ဂရိက နောက်ဆုံးတွင် သဘောတူပေးခဲ့သည်။** မက်ဆီဒိုးနီးယားဆိုသည့် ဂရိပြည်နယ်နှင့် အမည်ချင်းတူနေသည်ဟု ဂရိက ဆိုကာ နေတိုးထဲဝင်ရန် မက်ဆီဒိုးနီးယား ကြိုးပမ်းသည်ကို ပိတ်ဆို့ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်ခွင့်စာချုပ် ချုပ်ဆိုသည့်နေ့သည် သမိုင်းဝင်နေ့ဖြစ်သွားပြီဟု နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားလိုက်သည်။ နေတိုးအဖွဲ့ဝင် ဖြစ်ခွင့်ရရေးသည် မက်ဆီးဒိုးနီးယားအတွက် အခွင့်ထူးကြီးတစ်ရပ်ဖြစ်သည်။ **ဂရိကန့်ကွက်သဖြင့် မက်ဆီဒိုးနီးယားသည် နေတိုးအဖွဲ့ဝင်ဖြစ်ခွင့် ၁၀ နှစ်နောက်ကျသွားခဲ့ခြင်းဖြစ်သည်။** ဝင်ခွင့်သဘောတူညီရေး ဝါစဉ်အရဆိုလျှင် ဂရိသည်ပထမဦးဆုံး လက်မှတ်ထိုးရမည့်နိုင်ငံဖြစ်သည်။ ယခုသီတင်းပတ်အတွင်းတွင်ပင် ဂရိက လက်မှတ်ထိုးသွားဖွယ်ရှိသည်ဟု ဘီဘီစီသတင်းထောက်က ဆိုသည်။

**(BBC, 9.2.19)** ချယ်ရီ

# ထရမ့်နှင့်ကင် ယခုလကုန်ပိုင်းတွင် ဟနွိုင်းမြို့၌ တွေ့ဆုံမည်



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် **ဖေဖော်ဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်း၌ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း** အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏တွစ်တာစာမျက်နှာတွင် ကြေညာလိုက်သည်။ အမေရိကန်ကိုယ်စားလှယ်များက မြောက်ကိုရီးယားကိုယ်စားလှယ်များနှင့် မြောက်ကိုရီးယားတွင် ဆွေးနွေးခဲ့ပြီး ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့် ရက်နှင့်အချိန်တို့ ညှိနှိုင်းခဲ့ကာ ဆွေးနွေးပွဲ အောင်မြင်စွာပြီးဆုံးသွားပြီး အမေရိကန်ကိုယ်စားလှယ်များလည်း ပြန်လာပြီဖြစ်ကြောင်း ထရမ့်က အွန်လိုင်းတွင် ကြေညာလိုက်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင်နှင့်တွေ့ဆုံရန် မျှော်လင့်စောင့်စားနေပြီး ငြိမ်းချမ်းရေး ဖြစ်ထွန်းလာရေးအတွက် ရှေ့တိုးလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆိုသည်။ သက်ဆိုင်ရာနှစ်နိုင်ငံက ဆွေးနွေးပွဲကျင်းပမည့်နေရာကို အတည်မပြုသေးမီတွင်ပင် ကျင်းပမည့်နေရာမှာ ဟနွိုင်းဖြစ်ဖွယ်ရှိသည်ဟု တောင်ကိုရီးယားမီဒီယာများက ဆိုခဲ့သည်။ **ဟနွိုင်းအပြင် စင်ကာပူ၊ မွန်ဂိုလီးယားနှင့် ဆွစ်ဇာလန်ကိုလည်း ထင်ကြေးပေးခဲ့ကြသေးသည်။** အထက်ပါခေါင်းဆောင်ကြီးနှစ်ဦးသည် ပထမဦးဆုံး သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စင်ကာပူ၌ ပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ၎င်းတို့နှစ်ဦးက **အချက်လေးချက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ရန်၊ ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးပေါ်ထွန်းလာရေး ဆောင်ရွက်ရန်၊ နျူလက်နက် စွန့်လွှတ်ရေးဆောင်ရွက်ရန်နှင့်ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးသွားသည့် အမေရိကန်စစ်သားများ၏ ရုပ်ကြွင်းများကို ပြန်ပို့ရန်ဆိုသည့်** လေးချက်ကို ၎င်းတို့က ကြေညာခဲ့ကြခြင်းဖြစ်သည်။

**(SN, 9.2.19)** ချယ်ရီ

## ပြည်မြန်မာ K pop news
## ကိုရီးယား အနုပညာသတင်း

ချယ်ရီ



### အမှတ်တံဆိပ်တန်ဖိုးအရ ထိပ်တန်းသုံးဖွဲ့ဖြစ်နေတဲ့ BTS, SEVENTEEN နဲ့ EXO

BTS ၊ Seventeen နဲ့ EXO အဖွဲ့တွေက ဖေဖော်ဝါရီလ Brand တန်ဖိုးအရ ထိပ်ဆုံး ကေပေါ့ပ်ယောက်ျားလေးအဖွဲ့တွေဖြစ်တယ်လို့ သိရပါတယ်။ ပါဝင်ဆောင်ရွက်မှု၊ မီဒီယာ၊ လူမှုရေးလုပ်ငန်း လုပ်ဆောင်ပေးမှု စတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး အမှတ်တွေပေးတော့ ဒီသုံးဖွဲ့က အမှတ်အများဆုံးရသွားတာပါတဲ့။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

### အခုထိ ဝေဖန်ခံနေရဆဲ Seungri

Bigbang အဖွဲ့ဝင် Seungri ဟာ ၂၀၁၈ ခုနှစ် ဩဂုတ်လကတည်းကစပြီး The Great Seungri ဆိုတဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် အာရှနိုင်ငံတွေကို လှည့်သွားနေရပါတယ်။ ပြီးခဲ့တဲ့ ဟောင်ကောင်ဖျော်ဖြေပွဲ အဖြစ်အပျက်ကို ကြားရတော့ ပရိသတ်တွေက အေဂျင်စီကို စိတ်ဆိုးဒေါသထွက်ကုန်ကြပါတယ်။ အေဂျင်စီက Seungri အတွက် ဘာအကာအကွယ်မှ ၊ ဘာ stylist မှ မစီစဉ်ပေးခဲ့တာကြောင့် သူတစ်ယောက်တည်း ဖြစ်သလို ဖျော်ဖြေခဲ့ရလို့ပါ။



Since 1996

Premium ROYAL CLUB Reserve

# BMW X1 စီးနိုင်ဖို့ ဒေါ်လာ ၁ သိန်း ရှိဖို့ မလိုပါ။

RC Premium Reserve ၏ အဖုံးတွင်း အစီအစဉ်တွင်

**Brand New BMW X1** ကားဆုမဲ **(၁)** ဆု ၊ **သိန်း(၁၀၀)** ကံစမ်းမဲ **(၂၀)** ဆု ၊ **(၁)သိန်း** ကျပ် ၊ **(၅)သောင်း** ကျပ် ၊ **(၁)သောင်း** ကျပ် ၊ **(၁)ထောင်** ကျပ် ၊ **(၅၀၀)** ကျပ် ၊ **(၂၀၀)** ကျပ် ၊ **ဟန်းဆက်** ၊ **တီရှပ်** ၊ **ဦးထုပ်** ဆုမဲများ ထည့်သွင်းထားပါသည်။




သိန်း (၁၀၀) ကျပ် | BMW X1 | Mi-Note 5 A | 100% Cotton T-Shirt | ဦးထုပ်




**စည်းကမ်းချက်များ**

(၁) ဖော်ပြထားသော ကံစမ်းမဲပုံစံများကိုသာ လဲလှယ်ပေးပါမည်။
(၂) ပြင်ဆင်ထားခြင်း၊ ပျက်စီးယိုယွင်းနေခြင်းတို့ကို တွေ့ရှိပါက လဲလှယ်ပေးမည်မဟုတ်ပါ။
(၃) ကံစမ်းမဲနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ် ပြဿနာရှိပါက ဝတီယံရုံး၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
(၄) ကံစမ်းမဲ တုပပြုလုပ်သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည်။

ဟိုလိုဂရမ်နမူနာ ဖော်ပြထားပါသည်။

ကားဆုမဲ ၊ **သိန်း (၁၀၀)** ဆု ၊ **(၁) သိန်း** ဆု ၊ **(၅) သောင်း** ဆု ၊ **(၁) သောင်း** ဆုမဲများ၏ နောက်ကျောဘက်တွင် ရောင်ပြန်ဟိုလိုဂရမ်များ ပါရှိပါသည်။

ကံစမ်းမဲနောက်ဖက်

## ကံစမ်းမဲ နောက်ဆုံးရက်ကို ထပ်မံကြေငြာပေးပါမည်။

# ပြည်မြန်မာ

အချပ်ပို

Supplement A



ပြည်သူများ ထိတ်လန့်မှု မဖြစ်စေရန် တောင်နဝင်းဆည်တွင် CCTV တပ်ဆင်ကာ ပြသထား

စာ-8



ဖွဲ့စည်းပုံပြင်ဆင်ရေး မန္တလေးမြို့တွင် ထောက်ခံပွဲ ပြုလုပ်

စာ-C



Photo-Moe Tain Lay

အင်းတော် - ဗန်းမောက်လမ်းရှိ ရွှေကြောဟု ယူဆရသည့်နေရာကို စောင့်ကြပ်ထား

စာ-B



Photo-MKS

အလုပ်သမားဥပဒေနှင့်ပတ်သက်၍ ရန်ကုန်မြို့လယ်တွင် ဆန္ဒထုတ်ဖော်

ပြည်နိုင်ငံဖြိုးက ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေကြမ်းကို လွှတ်တော်တွင် တင်မည်

စာ-C



သင်္ဘောကျင်းတွင် ဆင်ပြောင်ကို လွှန်းတင်ခဲ့စဉ်

ရန်ကုန်မြစ်အတွင်း၌ ဆင်ပြောင်သင်္ဘောကို တွေ့ရစဉ်



မာန်အောင်တွင် မီးပြတိုက် ပြုပြင်ရန်သွားသည့် ဆင်ပြောင် နစ်မြုပ်၍ ၁၈ ဦး ပျောက်ဆုံးနေ

စာ-B

Photo-Rakhine Fire Force



ဖားကန့်တွင် သက်တမ်းကုန် လုပ်ကွက် ကမ်းပါးပြိုကျ၍ ၆ ဦး သေဆုံး







wave money

## WAVE MONEY မှ သုံးစွဲသူများသို့ အသိပေးကြေညာချက်

ဈေးကွက်အတွင်း အရှိန်အဟုန်နှင့် တိုးတက်လာသော မြန်မာနိုင်ငံ၏ မိုဘိုင်းငွေရေးကြေးရေးဂန်ဆောင်မှုကဏ္ဍ နှင့်ပတ်သက်၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ကိုင်နေသော ကိုယ်စားလှယ်များအနေဖြင့် ၄င်းတို့ လုပ်ကိုင်လည်ပတ်လျက်ရှိသော လုပ်ငန်းများအပေါ် စိုးရိမ်ပူပန်မှုများရှိလာနိုင်ကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိနားလည်ပြီးဖြစ်ပါသည်။

Wave Money သည် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လိုင်စင်ချထားပေးသော လုပ်ငန်းဖြစ် ပါသည်။ ၎င်း စည်းမျဉ်းစည်းကမ်းများတွင်ပါဝင်သော အဓိကအချက်မှာ ကိုယ်စားလှယ်များနှင့် သုံးစွဲသူများ၏ ငွေကြေးများကို ကာကွယ်ထိန်းသိမ်းရန်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများအရ ၎င်းငွေကြေးများ၏ ၁၀၀ ရာခိုင်နှုန်းအား ရိုးမဘဏ်တွင် ယုံကြည်အပ်နှံ ငွေစာရင်းဖွင့်လှစ်၍ အဆိုပါစာရင်း၌ အစဉ် ထိန်းသိမ်းထားပါသည်။ ထို့ကြောင့် ကိုယ်စားလှယ်များနှင့် သုံးစွဲသူများ၏ ငွေကြေးများမှာ အပြည့်အဝ ကာကွယ်ထားပြီးဖြစ်ပါသည်။

Wave Money သည် မြန်မာနိုင်ငံတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် အလျင်မြန်ဆုံး တိုးတက်နေသည့် ဦးဆောင်လုပ်ငန်းတစ်ခုဖြစ်သည်။ Telenor လုပ်ငန်းစု ၊ ရိုးမဘဏ် အစရှိသည့် ရင်းနှီးနိုင်မှုအားကောင်းပြီး ယုံကြည်စိတ်ချရသော ရင်းနှီးမြှုပ်နှံသူများမှကျောထောက် နောက်ခံပြုထားသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များနှင့် သုံးစွဲသူများအပေါ် အပြည့်အဝတာဝန်ယူပါသည်။ တာဝန်ခံမှုရှိသော စီးပွားရေး လုပ်ငန်းအလေ့အထများ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာကျင့်သုံးသော အားဖြင့် ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များနှင့် သုံးစွဲသူများအား အပြည့်အဝကာကွယ်စောင့်ရှောက်ပေးလျက် ရှိပါသည်။

သုံးစွဲသူများနှင့် ပူးပေါင်းလုပ်ဆောင်သော လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုသည်များကို အချိန်မရွေး call centre မှတဆင့်မေးမြန်းနိုင်ပါသည်။

YOMA BANK
The Responsible Bank.

telenor